မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်   ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့   အတွဲ (၅၈)၊ အမှတ် (၃၃၂)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့်အတူ (၅၂)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အာဆီယံမိသားစုနေ့လယ်စာစားပွဲတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၅၂)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲ တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၅၂)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အခမ်းအနားအဖြစ် အာဆီယံမိသားစုနေ့လယ်စာစားပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ တည်ခင်းဧည့်ခံသည်။

အဆိုပါနေ့လယ်စာစားပွဲသို့ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်ဆိုင်ရာကိစ္စရပ်များကို အဓိကတာဝန်ယူညှိနှိုင်းဆောင်ရွက်သည့် ဝန်ကြီးဌာနဖြစ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်ဆိုင်ရာ ကိစ္စရပ်များကို အဓိကတာဝန်ယူညှိနှိုင်းဆောင်ရွက်သည့် ဝန်ကြီးဌာနဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်ဆိုင်ရာကိစ္စရပ်များကို အဓိကတာဝန်ယူညှိနှိုင်းဆောင်ရွက်သည့်ဝန်ကြီးဌာနဖြစ်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီး/ခင်ပွန်းများ၊ အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃)ခုဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ အာဆီယံသံရုံးများမှ ဒုတိယသံရုံးအကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ

စာမျက်နှာ ၃ ကော်လံ ၁ ✤

လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်ကို သုံးစွဲဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာ

စာမျက်နှာ » ၄

စမ်းချောင်းမြို့တွင်းလမ်းများ သန့်ရှင်းပါစေ၊ ရေမြောင်းများ စီးဆင်းပါစေ

စာမျက်နှာ » ၁၀

အာဆီယံနိုင်ငံများနှင့် အမေရိကန်တို့ ပင်လယ်ရေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် မြန်မာပါဝင်မည်

စာမျက်နှာ » ၁၄

KBZ BANK

(6) CONSECUTIVE YEARS

‘BANK OF THE YEAR IN MYANMAR 2018’

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍ၌ မည်ရွေ့မည်မျှ ရင်းနှီးမြှုပ်နှံခဲ့သလဲဟူသည့်အပေါ်တွင် များစွာမူတည်ပါသည်။ မူလတန်းပညာရေးမှအစ၊ သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စက်မှုလက်မှုကျောင်းများအလယ်၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များနှင့် လုပ်ငန်းတာဝန်ကြီးသူများအတွက် မွမ်းမံပညာရေးအဆင့်ဆင့်အထိ။

နိုင်ငံ၏ ပညာရေးကဏ္ဍ အရေးကြီးသည်ကို သိရှိနားလည်သည်ဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ဘတ်ဂျက်သုံးစွဲရေးတွင် ပညာရေးအတွက်အသုံးပြုရန် ဘဏ္ဍာသုံးစွဲရေးလျာထားမှုကို ပိုမိုအလေးထား ဦးစားပေးလေ့ရှိပါသည်။

အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ကိုယ်စားလှယ်များအဖို့ အစဉ်သတိထား ဆောင်ရွက်ရသည်မှာလည်း ဘတ်ဂျက်လျာထား သတ်မှတ်မှု၊ သုံးစွဲမှုတို့ကိုဖြစ်ပါသည်။ မည်သို့သော ဘတ်ဂျက်ကိုမဆို ဤရွေ့ဤမျှ လျာထားခြင်းသည် တစ်နိုင်ငံလုံးအနေအထားဖြင့် လည်းကောင်း၊ အခြားခြားသောလိုအပ်ချက်များရှိနေသည့် ကဏ္ဍအသီးသီးအနေဖြင့်လည်းကောင်း ချိန်ဆသုံးသပ်လျှင် သင့်လျော်၏ မလျော်၏၊ ထိုဘတ်ဂျက်အတိုင်း သုံးစွဲရာတွင် လိုအပ်ချက်နှင့် ကိုက်ညီခြင်းရှိမရှိ၊ သတ်မှတ်စံနှုန်းများဖြင့် ပြည့်မီခြင်းရှိမရှိ စသည်တို့ကို ဘက်စုံထောင့်စုံ လေ့လာသုံးသပ်ရပါသည်။

အဘက်ဘက်မှ ခိုင်လုံသော အကြောင်းပြချက်များကို စိစစ်ကာ သင့်မသင့်၊ မှန်မမှန် စောင့်ကြည့်ကြရပါသည်။ ထိုသို့သောအားဖြင့် ဘတ်ဂျက်ကို စောင့်ကြည့်ထိန်းချုပ်ရာတွင် နိုင်ငံ၏လိုအပ်မှုအတိုင်းအတာကို လိပ်ပတ်လည်အောင် နားလည်သိရှိပြီးမှ ဆောင်ရွက်ရသည့် အားလျော်စွာ အထူးတာဝန်ကြီးလေးလှသည်လည်း ဖြစ်ပါ၏။ မှန်ကန်သော ဆုံးဖြတ်ချက်များချနိုင်ရန်မှာမူ ပို၍ပို၍အရေးကြီးသည်ဆိုခြင်းမှာ အမှန်တရားပဲဖြစ်ပါသည်။

နိုင်ငံတော်၏ ဘဏ္ဍာဆိုသည်မှာ ပြည်သူ့ဘဏ္ဍာဖြစ်သည့်အလျောက် မသင့်လျော်သည်ကို မသုံးစွဲမိရန် အရေးကြီးသကဲ့သို့ အမှန်တကယ်လိုအပ်သည်ကိုလည်း သုံးစွဲရန် လိုအပ်ပါသည်။

အထူးသဖြင့် အစိုးရလုပ်ငန်းများ တင်ဒါခေါ်ယူခြင်းဆိုသည်ကို ယခင်ယခင်အစိုးရများလက်ထက်က နီးစပ်ရာတို့နှင့် လက်သင့်ရာ လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် အမှားအယွင်းဆိုးကျိုးများကိုလည်း လက်တွေ့ကြုံတွေ့နေရပြီဖြစ်ရာ ယခုအခါ ပိုမိုဂရုစိုက်ကြရရန် လိုအပ်နေပါတော့သည်။

သို့သော်လည်း မှန်ကန်သော ဆုံးဖြတ်ချက်ရရှိရေးက အလွန်ပဲအရေးကြီးသည် ဆိုသည်ကိုလည်း သတိမလစ်ကြရန် လိုပါသည်။

ဘတ်ဂျက်စိစစ်သည်ဆိုခြင်းမှာ၊ သုံးစွဲမှုများကို စောင့်ကြပ်ထိန်းကျောင်းသည်ဆိုခြင်းမှာ ငွေကြေးအကုန်အကျ အနည်းဆုံးဖြစ်ရေးအတွက် သက်သာချောင်ချိရေးကို ဦးတည်နေခြင်းသက်သက်မဟုတ်ဘဲ ပြည်သူ့ဘဏ္ဍာသုံးစွဲမှုတိုင်းသည် ထိရောက်ထက်မြက်သော သုံးစွဲမှုဖြစ်ရေး၊ ပြည်သူ့အကျိုးစီးပွားအတွက် ဖြစ်ရေးတို့က ပိုမိုအရေးကြီးသည်ဟူ၍ဖြစ်ပါသည်။

အဦးအစတွင် ဖော်ပြသကဲ့သို့ ပညာရေးအသုံးစရိတ်များကို တိုးမြှင့်ပေးခြင်းသည် လိုအပ်နေသလို တိုးမြှင့်ပေးသည့် ငွေကြေးသည် အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည့်အပြင် ထိုငွေကြေးနှင့်ထိုက်တန်သည့် အရည်အသွေး စံချိန်စံနှုန်းများကိုလည်း ရရှိရန် လိုအပ်မည်ဖြစ်ပါသည်။

လိုအပ်ချက်များကို စိစစ်သုံးသပ်ရာတွင် မူလတန်းပညာရေး၊ အလယ်တန်း၊ အထက်တန်းပညာရေး စနစ်များအတွက် လိုအပ်သည်များကို နားလည်ရန်လိုအပ်သကဲ့သို့ သက်မွေးဝမ်းကျောင်းပညာရပ်များဆိုင်ရာတို့ကိုလည်းကောင်း၊ အဆင့်မြင့်ပညာရေး အသီးသီးကိုလည်းကောင်း အမှန်တကယ် ပိုင်နိုင်နားလည်ရန်လည်း လိုအပ်ပါသည်။

မူလတန်းပညာရေးမှာ အခြေခံမှအစ စနစ်တကျ ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက်ကြီးများက ရှိနေသကဲ့သို့ အဆင့်မြင့်ပညာသင်ကျောင်းများကလည်း လိုအပ်နေသည်ပဲဖြစ်သည်။ စက်ပြင်၊ ရေပိုက်ဆက်၊ လက်သမား အစရှိသည့် အခြေခံသက်မွေးဝမ်းကျောင်း ပညာရပ်ကျောင်းများက လူငယ်အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဖြည့်ဆည်းပေးရန်များ ရှိသကဲ့သို့ နိုင်ငံတကာမျက်နှာစာများသို့ လှည့်လည်တွေ့ဆုံရင်ဆိုင်နေရသည့် သံအမတ်များ၊ သံတမန်များ၏ နိုင်ငံတကာဆက်ဆံရေးအဆင့်မြင့်မားရေး၊ သံကြီးတမန်ကြီးများ ပီသရေးအတွက် ကျောင်းများသည်လည်း လိုအပ်နေမည်သာဖြစ်သည်။

ဈေးအသက်သာဆုံး ဆောက်လုပ်ရေးကန်ထရိုက်များ လက်ထဲသို့ ဆောက်လုပ်ရေးလုပ်ငန်းများအပ်နှံလျှင် တိုင်းပြည်ဘဏ္ဍာသက်သာမည်ဟု အပေါ်ယံတွေးဖို့မဖြစ်နိုင်သလို၊ မြစ်ကူးတံတားကြီးမှာ တိုင်တစ်တိုင်လျှော့လိုက်လျှင် ငွေပမာဏများစွာ သက်သာသွားလိမ့်မည်ဟု တွေး၍မရသကဲ့သို့၊ မူလတန်းကျောင်းတွင် စာသင်ခန်းအကျယ်အဝန်း၊ အလင်းရောင်၊ လေဝင်လေထွက်ကောင်းမွန်မှု အစရှိသည်တို့အပြင် ပန်းချီအနုပညာသင်ခန်း ထည့်သွင်းဆောက်လုပ်ရန် လိုသည်ဆိုခြင်းကို ငွေကြေးသက်သာရန်အလို့ငှာ အခန်းလျှော့ချ၍ မရပါ။

ဤသည်မှာ ပညာရေးကဏ္ဍတွင်သာမက မည်သည့်ကဏ္ဍတွင် မဆို ပြည်သူ့ငွေသုံးစွဲမည်ဆိုလျှင် စနစ်ကျနရန် လိုမည်ဖြစ်ပါသည်။

ဘာတွေ အမှန်တကယ်လိုအပ်သည်၊ ဘယ်လောက် လိုအပ်သည်၊ ဘယ်သို့သော အရည်အသွေးစံနှုန်းလိုသည် အစရှိသည်တို့ကို ကျကျနန နားလည်ကာ စိစစ်ဆုံးဖြတ်နိုင်ခြင်းကသာလျှင် ပြည်သူ့ဘဏ္ဍာကို အမှန်တကယ် စိစစ်သုံးစွဲခြင်းဖြစ်ပါလိမ့်မည်ဟု ယုံကြည်သည့်အတိုင်း တင်ပြလိုက်ရပါကြောင်း။ ။

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၇

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ယာစုဟီဆာအိုဂျီးမားနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် IMF အနေဖြင့် မြန်မာလွှတ်တော်များသို့ ကူညီပေးလျက်ရှိသည့် ကိစ္စရပ်များ၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာငွေအရအသုံး၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အကြံပြုဆွေးနွေးချက်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးစောသန်းထွဋ်၊ အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးခင်မောင်သန်း၊ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများနှင့်ပတ်သက်၍အမိန့်တစ်ရပ်ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၇

ဥပဒေဘာသာပြန်ကော်မရှင်ကဩဂုတ် ၂၁ ရက်တွင်အမိန့်အမှတ်၁၀/၂၀၁၉ ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်တွင်-

ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ ဥပဒေဘာသာပြန်ကော်မရှင်က အတည်ပြုသည့် အောက်ပါအင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည်။

(က) The Carriers Act

(ခ) The Oaths Act

(ဂ) The Specific Relief Act

(ဃ) The Upper Myanmar Land and Revenue Regulations

(င) The Myanmar Divorce Act

ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု ဖော်ပြထားသည်။

သတင်းစဉ်

ဒေးဒရဲမြို့နယ်၌ မြစိမ်းရောင် ရန်ပုံငွေထုတ်ချေး

ဒေးဒရဲ ဩဂုတ် ၂၇

ဒေးဒရဲမြို့နယ် ကျုံမင်းကျေးရွာတွင် ပဥ္စမနှစ်မြောက်စက်ဝန်းအတွက် မြစိမ်းရောင် ရန်ပုံငွေထုတ်ချေးပေးအပ်ပွဲကို ဩဂုတ် ၂၂ ရက်က ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်စီမံကိန်း၏ ရည်ရွယ်ချက် ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်းနှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျုံမင်းကျေးရွာရှိ အိမ်ထောင်စု ၂၆၀ သို့ ပဥ္စမနှစ်မြောက် စက်ဝန်းအတွက် ရန်ပုံငွေကျပ် ၄၁၅ ဒသမ ၂ သိန်းအား ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

✤ *ရှေ့ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြသည်။

နေ့လယ်စာစားပွဲမစတင်မီ အာဆီယံယဉ်ကျေးမှုနှစ်-၂၀၁၉ (ASEAN Cultural Year-2019) အထိမ်းအမှတ် လှုပ်ရှားမှုတစ်ရပ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ဗီဒီယိုဖြင့် တင်ဆက်ပြသသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

အာဆီယံ နေ့လယ်စာစားပွဲတွင် အာဆီယံ၏ စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ အာဆီယံ၏ သွင်ပြင်လက္ခဏာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်မှု၊ အာဆီယံ၏ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် အမွေအနှစ်များ အပါအဝင် ပြည်သူများအကြား အာဆီယံဆိုင်ရာ အသိအမြင်ဗဟုသုတများနှင့် အာဆီယံ၏ပုံရိပ်တို့ကို တိုးမြှင့်ရေး စသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တိုးတက်မှုများရှင်းလင်းအသိပေး

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အာဆီယံနေ့လယ်စာစားပွဲမကျင်းပမီ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ အာဆီယံသံအမတ်ကြီးများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်းအသိပေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးများသည် နှစ်နိုင်ငံနှင့် အာဆီယံမူဘောင်အောက်တို့မှ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၅၂) နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အာဆီယံမိသားစု နေ့လယ်စာစားပွဲ တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနေ့လယ်စာစားပွဲ မကျင်းပမီ အာဆီယံသံအမတ်ကြီးများနှင့်တွေ့ဆုံစဉ်။

သတင်းစဉ်

ထွန်းသစ်စအာရှနိုင်ငံများတွင် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးတွဲကျင်းပသည့် ထွန်းသစ်စအာရှနိုင်ငံများတွင် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပို့ချမည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်စသည့်ငွေရေးကြေးရေးဈေးကွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူများ၊ ကြီးကြပ်စစ်ဆေးသူများနှင့် တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာရှ ဖွံ့ဖြိုးရေးဘဏ်နှင့် ဖိတ်ကြားထားသည့်နိုင်ငံတကာအဖွဲ့အစည်းများမှ ဆွေးနွေးပို့ချမည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌကိုယ်စား၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်တင်မေဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ Financial Sector Specialist , Mr. Kosintr Puongsophol က ဆွေးနွေးပွဲတက်ရောက်လာကြသည့် ကိုယ်စားလှယ်များကို ရင်းနှီးပွင့်လင်းစွာ မိတ်ဆက်စကားပြောကြားသည်။

စာတွေ့ရော လက်တွေ့ပါ ဆွေးနွေးမည်

အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် အစုရှယ်ယာများ အများပြည်သူသို့ ကနဦးကမ်းလှမ်းရောင်းချခြင်းနှင့် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ ရောင်းဝယ်ခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အထကောင်းများ၊ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အပေါ် ရင်းနှီးမြှုပ်နှံသူများ စိတ်ပါဝင်စားလာစေရန်နှင့် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်ရန် ဒေသတွင်းနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့် ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ နည်းစနစ်များ၊ အရင်းအနှီးဈေးကွက်တည်တံ့ခိုင်မြဲမှု အားကောင်းလာစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဖွင့်ဟထုတ်ဖော်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ နည်းစနစ်များ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်အပေါ်အခြေခံသည့် ဘဏ္ဍာငွေဖြည့်ဆည်းပေးခြင်းဆိုင်ရာ နည်းလမ်းသစ်များကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက လက်တွေ့ဖြစ်ရပ်လေ့လာမှုများနှင့်တကွ စာတွေ့ရော လက်တွေ့ပါ ဆွေးနွေးမည်ဖြစ်သည်။

ဆွေးနွေးပွဲ (၁၅၂)ပွဲကျင်းပခဲ့

အဆိုပါ ထွန်းသစ်စအာရှနိုင်ငံများတွင် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံ လက်မှတ်ဈေးကွက်များ ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ကျင်းပရန်အတွက် ၁၉၉၈ ခုနှစ် မေလတွင် ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးများ၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇွန်လအထိ ဆွေးနွေးပွဲ (၁၅၂)ပွဲကျင်းပခဲ့ရာ ငွေရေးကြေးရေးဈေးကွက်စည်းကမ်းထိန်းကျောင်းသူနှင့် ကြီးကြပ်စစ်ဆေးသူ ၆၄၄၅ ဦးတို့အား လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

ပျက်စီးသွားသည့်မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကောက်စိုက်စက်များရောက်ရှိမှု ကြည့်ရှုစစ်ဆေး

ဘီးလင်း ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်သည် ဩဂုတ် ၂၄ ရက်က အမှတ် (၃၇) စက်မှုလယ်ယာစခန်း ဘီးလင်းမြို့သို့ ရောက်ရှိကာ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် မိုးစပါးများအား ကောက်စိုက်စက်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရန် ပျိုးပန်းများ ပျိုးထောင်ဆောင်ရွက်နေမှုနှင့် ကောက်စိုက်စက်များရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အချိန်မီ ကူညီဆောင်ရွက်ပေးနိုင်ရေး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား မှာကြားခဲ့ကြောင်းသိရသည်။

မြို့နယ် (ပြန်/ဆက်)

မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် ဩဂုတ် ၂၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မုတ်သားဖွယ်ရာမိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၆ ဒသမ ၉၂ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၉၈ လက်မ၊ မုဒုံမြို့တွင် ၅ ဒသမ ၁၅ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၂၄ လက်မ၊ လောင်းလုံးမြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ကျိုက်ဒိုမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၇၀ လက်မနှင့် ရှမ်းရွာသစ်မြို့တွင် ၃ ဒသမ ၁၅ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်ကို သုံးစွဲဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၁၆၄ / ၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်ကို သုံးစွဲဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပပေးခဲ့ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများက လွှတ်တော်အသီးသီးသို့ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပေးခဲ့ပါသည်။

၂။ သက်ဆိုင်ရာလွှတ်တော်အလိုက် ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံနိုင်ရန်အတွက် ပါဝင်ယှဉ်ပြိုင်လိုသူတစ်ဦးသည် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ၊ တစ်သီးပုဂ္ဂလအနေဖြင့်ဖြစ်စေ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်း၍ ဝင်ရောက်ယှဉ်ပြိုင်ကြရပါသည်။

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်ကို သုံးစွဲဖော်ပြခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၂ အရ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူတစ်ဦးသည် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက်ဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်မဲဆန္ဒနယ်များအတွက်ဖြစ်ပါက ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲသို့လည်းကောင်း သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလွှာကို အထက်ဖော်ပြပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ တင်သွင်းသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ယေဘုယျသုံးစွဲခွင့်ရှိပါသည်။

၄။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာ တင်သွင်းပြီးနောက် အမည်စာရင်းတင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၄ အရ အမည်စာရင်းတင်သွင်းလွှာလက်ခံထားသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်ရပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၆ (က)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း သတ်မှတ်ကြေညာသည့်နေ့မှစ၍ ရွေးကောက်တင်မြှောက်ပြီးသည့်နေ့အထိ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် တရားဝင်သုံးစွဲခွင့်ရှိပါသည်။

၅။ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အမည်စာရင်းတင်သွင်းလွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၆ (ခ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း ခံရသူသည် လည်းကောင်း၊ ပုဒ်မ ၂၆(ခ)အရ ချမှတ်သောအမိန့်ကို မကျေနပ်၍ အယူခံလျှောက်ထားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်/ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ငြင်းပယ်ခြင်းခံရသူသည် လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဆက်လက်သုံးစွဲပိုင်ခွင့်မရှိပါ။ ထို့အပြင် ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်တင်မြှောက်ခြင်း မခံရသူများသည်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဆက်လက်သုံးစွဲခွင့်မရှိပါ။

၆။ ရွေးကောက်ပွဲကျင်းပပြီးနောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏ အမည်စာရင်းကို သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြေညာပြီးသည့် အချိန်မှစ၍ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့် အောက်ဖော်ပြပါ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို ဆောင်ရွက်ခွင့်ရှိမည် မဟုတ်ပါ-

(က) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၈ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းလျှောက်ထားခြင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၄ အရ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားခြင်း၊

(ခ) သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၃၈ အရ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာနှင့်အတူ ပေးသွင်းသော ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၅၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ တို့အရ ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း တင်သွင်းခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) ပါရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီတိုင်တန်းလျှောက်ထားခြင်း။

၇။ သို့ဖြစ်ပါ၍ ကျင်းပပြုလုပ်ပြီးဖြစ်သော အထွေထွေရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီကိုယ်စားပြု/တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း၊ နောင်ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပါတီကိုယ်စားပြု/ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ် သုံးစွဲဖော်ပြခြင်းကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။ ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် အထက်အပိုဒ် ၆ ပါ ကိစ္စရပ်များမှအပ လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ် သုံးစွဲဖော်ပြခြင်း မပြုရန်နှင့် သုံးစွဲဖော်ပြပါက ယင်းပုဂ္ဂိုလ်၏ ပြုမူဆောင်ရွက်သည့် အကြောင်းအရာအပေါ်မူတည်ပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းနိုင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၂၉/၂၀၁၉) ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၂၉/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၂၉/၂၀၁၉) ကျင်းပစဉ်။
သတင်းစဉ်

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

နေပြည်တော် ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအရေးကိစ္စ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ရာ ဘေဂျင်းမြို့သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နံနက် ၁၁ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာအရေး မျက်နှာစာများ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ဆွေးနွေးကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ၊ လူ့အခွင့်အရေးကောင်စီ၊ အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့တွင် မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံ၏ ရပ်တည်မှုကို တန်ဖိုးထားကျေးဇူးတင်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက မြန်မာနိုင်ငံဘက်မှ ရပ်တည်ရေးသည် တရုတ်နိုင်ငံ၏ မူဝါဒရပ်တည်ချက်ဖြစ်ပြီး ယင်းမျက်နှာစာများတွင် မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာတွင် မစ္စတာဝမ်ယိက ယင်းကိစ္စကို မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နှစ်နိုင်ငံချင်းသာ ဖြေရှင်း ဆောင်ရွက်သင့်ကြောင်း တရုတ်နိုင်ငံ၏ မူဝါဒရပ်တည်ချက်ကို ပြောကြားသည်။ နေရပ်စွန့်ခွာသူများကိစ္စကို နှစ်နိုင်ငံချင်းသာ ဖြေရှင်းဆောင်ရွက်ရေးသည် မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် ထပ်တူဖြစ်ပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံ သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသာလျှင် လက်တွေ့ကျပြီး ထိရောက်မှုရှိသည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မစ္စတာဝမ်ယိတို့သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြပြီး မစ္စတာဝမ်ယိက ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခြင်း ခံထားရသည့် မြန်မာအစိုးရ၏ ထိပ်တန်းဦးစားပေးအဖြစ် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားသည်။

၎င်းအပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မစ္စတာဝမ်ယိတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ စီမံကိန်းကို အရှိန်အဟုန်မြှင့်တင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး အပါအဝင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကိုလည်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ သတင်းစဉ်

ငါးကဏ္ဍတစ်ရပ်လုံး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ငါးကဏ္ဍတစ်ရပ်လုံး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အာဟာရပြည့်ဝသော အသားထုတ်လုပ်မှုတွင် ပါဝင်သည့် ငါးကဏ္ဍတစ်ရပ်လုံး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် သက်ဆိုင်ရာလုပ်ငန်းရပ်များအလိုက် ဥပဒေများပြဋ္ဌာန်း၍ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဒေသတွင်းမှ ချမှတ်ထားသည့် ငါးလုပ်ငန်းဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အစီအစဉ်များ ရှင်းလင်း

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က EU နှင့် GIZ တို့ ပူးပေါင်းဆောင်ရွက်သော MYSAP စီမံကိန်းအောက်တွင် National Aquaculture Development Plan -NADP ကို ရေးဆွဲဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနများအနေဖြင့် ဒေသနှင့်ကိုက်ညီစွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက ဒေသအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးရိက္ခာဖူလုံရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ငါး/ပုစွန် သားဖောက်စခန်းများမှ ငါးပုစွန်မျိုးကောင်း၊ မျိုးသန့်များအား သားဖောက်ထုတ်လုပ်ခြင်း၊ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံများမှ သားဖောက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး နည်းပညာကူညီပံ့ပိုးပေးခြင်း၊ အခြေခံငါးဆေးထိုး သားဖောက်သင်တန်းများအား စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ရေချိုငါးမျိုးစိတ်များကဲ့သို့ သားဖောက်ထုတ်လုပ်ရန် အလားအလာရှိသည့် ရေငန်ငါးမျိုးစိတ်များကို စမ်းသပ်သားဖောက်ပြီး အသားတိုးမွေးမြူထုတ်လုပ်ခြင်း၊ အစားအစာ ဘေးအန္တရာယ်ကင်းစင်ရေးဆိုင်ရာ မွေးမြူရေးကျင့်စဉ် GAqP စနစ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး အသိပညာပေး သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရေထွက်ကုန် ၁၀ မျိုး တင်ပို့ခွင့်ရရှိ

ထို့အပြင် သယံဇာတထိန်းသိမ်းရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ်နှင့် ၎င်းဂေဟစနစ်တည်ရှိရာ နေရာများဖော်ထုတ်ခြင်း၊ ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသော အဏ္ဏဝါရေပြင်နှင့် ရေချိုငါးမဖမ်းရဇုန်များ တည်ထောင်ပေးခြင်း၊ မျိုးသုဉ်းပျောက်ကွယ်လုနီးသော ငါးမျိုးစိတ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ EU အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာဈေးကွက်သို့ မွေးမြူရေးရေထွက်ကုန်များ တင်ပို့နိုင်ရေးအတွက် အမျိုးသားဓာတ်ကြွင်းစောင့်ကြည့်စစ်ဆေးမှုအစီအမံကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၉ ခုနှစ် မေ ၁ ရက်မှစ၍ မြန်မာ့မွေးမြူရေး ရေထွက်ကုန် ၁၀ မျိုးကို EU နိုင်ငံများသို့ တင်ပို့ခွင့်ရရှိခဲ့သည်။ **သတင်းစဉ်**

နေရပ်ထံပြန်လာသူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

“နှလုံးသားမှ စကားသံများ မျှဝေခံစားကြစို့လား” ခေါင်းစဉ်ဖြင့် နေရပ်ထံပြန်လာသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အမှာစကားပြောကြားပြီး World Vision (Myanmar) မှ Operation Director ဦးစိုးကျော်ကျော်က ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ လူကုန်ကူးခံရပြီး နေရပ်ထံပြန်လာသူများ၊ World Vision (Myanmar)၊ IOM၊ JICA တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နေရပ်ထံပြန်လာသူများ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ - ကိုရီးယား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာ

သတင်းလုလင်

အရှေ့အာရှဒေသရှိ ကိုရီးယားကျွန်းဆွယ်၏ တောင်ဘက်ခြမ်း ၁၄ ရာခိုင်နှုန်းကို ပိုင်စိုးထားသော ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)သည် အာရှဒေသ၏ စီးပွားရေး အင်အားကြီးနိုင်ငံများစာရင်းတွင် စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိပြီး ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ၁၁ ခုမြောက်နေရာကို ရယူထားသည်။

မြန်မာနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးမှာ ၁၉၇၅ ခုနှစ်တွင် စတင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံနှင့် မိတ်ဆွေကောင်းနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နေခြင်းမှာ အားရဖွယ်ရာ အနေအထားအဖြစ် ရှုမြင်ကြရသည်။

မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထူးထူးခြားခြား တိုးတက်မှုကို တွေ့မြင်ကြရပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယင်းနိုင်ငံက ဘဏ္ဍာရေးအထောက်အပံ့များဖြင့် အကူအညီပေးလျက်ရှိကာ မြန်မာကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆုများကိုလည်း ပေးအပ်လျက်ရှိပေသည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရုံစိုက်လာသည်ကို စာရေးသူ သတိမူမိသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ်

ပြီးခဲ့သည့် မေလအတွင်း ကိုရီးယားစက်မှုဘဏ်နှင့် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများကော်မရှင်တို့၏ စီစဉ်မှုဖြင့် မြန်မာရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကို တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ကိုရီးယားအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ် ၂၀၀ ကျော်အထိ တွေ့ဆုံခဲ့ကြပြီး အားပါးတရဆွေးနွေးခဲ့ကြသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း စာရေးသူ လက်လှမ်းမီသော စီးပွားရေးလုပ်ငန်းဆိုင်ရာ စာရင်းအင်း ကိန်းဂဏန်းများအရ သိရှိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအရေအတွက်၏ ၉၉ ရာခိုင်နှုန်းမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ကြပြီး အလုပ်သမားအင်အား စုစုပေါင်း၏ ၈၈ ရာခိုင်နှုန်းမှာ SMEs ကို ကိုယ်စားပြုသည်။ ၎င်းအပြင် ပြည်ပပို့ကုန်၏ ၃၈ ရာခိုင်နှုန်းမှာ SMEs လုပ်ငန်းများနှင့် သက်ဆိုင်သည်။

ဝန်ကြီးဌာနသစ်

တောင်ကိုရီးယားနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများနှင့် အစပျိုးထူထောင်သော စီးပွားရေးလုပ်ငန်းများ ဝန်ကြီးဌာန (Ministry of SMEs and Startups) ကိုပင် ထူထောင်ထားရှိသည်။ သမ္မတ မွန်ဂျေအင်း အစိုးရသည် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ အုပ်ချုပ်ရေးအဖွဲ့ကို အခြေခံ၍ အဆိုပါဝန်ကြီးဌာနသစ်ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

သမ္မတမွန်၏ အစိုးရအဖွဲ့က နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိက မောင်းနှင်အားတစ်ရပ်အဖြစ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နေကြောင်း လေ့လာတွေ့ရှိရပေသည်။

စတုတ္ထမြောက် စက်မှုတော်လှန်ရေးခေတ်သစ်သို့ ဝင်ရောက်လာချိန်၊ စီးပွားရေးလုပ်ငန်းအားလုံးတို့မှာ နည်းစနစ်သစ်များနှင့် နည်းပညာသစ်များ ဘက်သို့ ဦးတည်လာချိန်တွင် တောင်ကိုရီးယားအစိုးရက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေခံကာ နိုင်ငံတကာဈေးကွက်အတွင်း ပိုမိုယှဉ်ပြိုင်နိုင်ရေး၊ ထိုးဖောက်ဝင်ရောက်နိုင်ရေးတို့အတွက် ကြိုးပမ်းလျက်ရှိကြောင်း စာရေးသူ သတိမူမိပါသည်။

တောင်ကိုရီးယားနိုင်ငံသည် အစပျိုးထူထောင်သော စီးပွားရေးလုပ်ငန်းများ အရေအတွက်အရ ကမ္ဘာ့အဆင့် နံပါတ် ၅ နေရာတွင် ရပ်တည် လာနိုင်ပြီဖြစ်သည်။ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို ကိုရီးယားနိုင်ငံက အထူးအလေးပေးလာသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးရာတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း မြှင့်တင်နိုင်ရပေမည်။ အနာဂတ်ကာလ စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုရေခံမြေခံအဖြစ် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နည်းပညာအရ မိမိခြေထောက်ပေါ် မိမိ ရပ်တည်နိုင်သော စွမ်းပကားများ မြင့်မားလာရန် လိုအပ်ပေသည်။

ရင်းနှီးမြှုပ်နှံ

စီးပွားရေးမိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ တိုးချဲ့ရာတွင် ကိုရီးယားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ဧပြီလကုန် အခြေပြ စာရင်းအရ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်း ၁၇၀ က မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနေပြီး အဓိက အားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံထားသည်ဟု စာရေးသူ လေ့လာမှတ်သားရသည်။

တောင်ကိုရီးယားကုမ္ပဏီများသည် ယခင်က တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ဘက်သို့ ဦးလှည့်ခဲ့ကြသည်။ သို့ရာတွင် ယခုအခါ ဖော်ပြပါလုပ်ငန်းများ၌ စီးပွားရေးလုပ်ငန်းများတိုးချဲ့နိုင်မှု အခွင့်အလမ်းများ နည်းပါးသွားပြီဖြစ်ရာ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ကဲ့သို့ အရှေ့တောင် အာရှဒေသနိုင်ငံများဘက်သို့ ဦးလှည့်လာသည်ကို တွေ့မြင်ရလေသည်။

အင်ဒိုချိုင်းနားဒေသရှိ နိုင်ငံများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်လျက် တောင်ကိုရီးယားအစိုးရက အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဆိုင်ရာ မူဝါဒသစ်တစ်ရပ်ကို ချမှတ်ထားသည်။ 'New Southern Policy' နှင့်အညီ တောင်ကိုရီးယားနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ကြမည့် အလားအလာကောင်းများ အထူးကောင်းမွန်နေပေသည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တောင်ကိုရီးယားနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဝင်လုပ်ကိုင်လာမည့် အခြေအနေကောင်းများ ရှိနေပြီဖြစ်သည်။

တောင်ကိုရီးယားနှင့် မြန်မာအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နောက်ဆုံး ခြေလှမ်းတစ်ရပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင် သင်တန်းကျောင်း မြေရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်တွင် KMIC Industrial Complex စီမံကိန်းဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Korea Land and Housing Corporation တို့အကြား ဖက်စပ်လုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဩဂုတ်လ ၇ ရက်နေ့က နေပြည်တော်၌ ပြုလုပ်ခဲ့ကြောင်း စာရေးသူ မှတ်သားမိပါသည်။

နိုင်ငံတကာအဆင့်မီ KMIC စက်မှုဇုန်ထူထောင်ရာတွင် အလုပ်အကိုင် အခွင့်အလမ်း ငါးသောင်းမှ တစ်သိန်းအထိ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ၊ နိုင်ငံခြားပို့ကုန်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ပြီး လူမှု-စီးပွားဖွံ့ဖြိုးရေးအတွက် ကြီးမားသောအထောက်အပံ့များဖြစ်စေနိုင်မည်ဖြစ်ပေသည်။

ဒလချစ်ကြည်ရေးတံတား

ကိုရီးယားသမ္မတနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒလချစ်ကြည်ရေးတံတားတည်ဆောက်ရေး၊ KMIC စက်မှုဇုန် ထူထောင်ရေး အတွက်သာမက အခြားသောနယ်ပယ်ကဏ္ဍစုံတွင် အားတက်သရော ကူညီပံ့ပိုးပေးလျက်ရှိပေသည်။

အခြေခံပြည်သူတို့၏ လူနေမှုအဆင့်အတန်းကို မြင့်မားတိုးတက်စေလျက် ဝင်ငွေ အလယ်အလတ်တန်း အခြေအနေတစ်ရပ်သို့ရောက်ရှိရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြိုးပမ်းနေချိန်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အကူအညီပေးမှုများကို မိမိတို့ လှိုက်လှဲစွာ ကြိုဆိုထိုက်ပေသည်။

ရန်ကုန်မြို့သည် အမိမြေ၏ တစ်ရာခိုင်နှုန်းမျှပင်မရှိသော အကျယ်အဝန်းပေါ်တွင် တည်ရှိသော်လည်း နိုင်ငံ့လူဦးရေ၏ ဆယ်ပုံတစ်ပုံခန့်၊ မြို့ပြလူဦးရေ၏ သုံးပုံတစ်ပုံခန့် နေထိုင်ရာ မြို့ကြီးဖြစ်ကာ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ လေးပုံတစ်ပုံခန့်အထိ ဖြည့်ဆည်းပေးနေရာ စီးပွားရေးမြို့တော် ရန်ကုန်ကို မြန်မာ့စီးပွားရေး၏ မောင်းနှင်အားအဖြစ် သတ်မှတ်ကာ ဆောင်ရွက်ကြိုးပမ်းနေချိန်လည်း ဖြစ်သည်။

ညောင်နှစ်ပင် မြေနေရာပေါ်တွင် ပေါ်ထွန်းလာမည့် စက်မှုဇုန်က မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအခြေခံစခန်းအဖြစ်လည်းကောင်း၊ ပြည်ပပို့ကုန် အခြေစိုက်ရာနေရာ အဖြစ်လည်းကောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရာ နေရာအဖြစ်လည်းကောင်း၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပေးသည့်နေရာ အဖြစ်လည်းကောင်း အနာဂတ်ကာလတွင် ရပ်တည်လာပေလိမ့်မည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် KMIC က ပါဝင် ကူညီပေလိမ့်မည်။

သံတမန်ရေးဆက်ဆံမှု

၁၉၇၅ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ရေးဆက်ဆံမှု ထူထောင်ခဲ့ချိန်မှစ၍ တောင်ကိုရီးယားနိုင်ငံနှင့် မိမိတို့နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး မျက်နှာစာများအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လာနိုင်ကြသည်။

မိမိတို့နှစ်နိုင်ငံသည် နယ်ပယ်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအကြား အပြန်အလှန် အလည်အပတ်ခရီးစဉ်များရှိခဲ့ပြီး မိတ်ဆွေများအဖြစ် နွေးထွေးစွာ ရပ်တည်လာနိုင်ကြပေသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ်ကုန်တွင် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် အထက်တန်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပေသည်။

၂၀၁၈ ခုနှစ် ဧပြီလအတွင်း တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး Mr. HyunChong Kim သည် သမ္မတ မွန်ဂျေအင်းလက်ထက် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် ကုန်သွယ်ရေးဝန်ကြီး တစ်ဦးဖြစ်ခဲ့သည်။ သူ၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရှိ စက်မှုဇုန်များတွင် နည်းပညာနှင့် ကျွမ်းကျင်မှု မျှဝေပေးရေး စသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများသို့ ဝင်ရောက်နိုင်သော ဂိတ်တံခါးပေါက်သဖွယ် ရပ်တည်နေပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ကဲ့သို့သော အင်အားကြီး နိုင်ငံများနှင့် အိမ်နီးချင်းအဖြစ် တည်ရှိနေပေရာ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသော အနေအထားက ကိုရီးယားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်နိုင်ပေလိမ့်မည်။

သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတို့အရ မြန်မာနှင့် ကိုရီးယားတို့မှာ နီးစပ်တူညီနေကြပြီး ယဉ်ကျေးမှုစံတန်ဖိုးများအရလည်း ဆက်နွှယ်မှုရှိနေသည်။

သံယောဇဉ်နှောင်ကြိုး

၁၉၇၅ ခုနှစ် မေလတွင် သံတမန်ဆက်ဆံရေးအရ မိတ်ဖက်နိုင်ငံများ အဖြစ်သို့ စတင်တည်ဆောက်ခဲ့ကြရာ ကိုရီးယားဘာသာစကားအရ "Jeong"၊ မြန်မာဘာသာစကားအရ "သံယောဇဉ်နှောင်ကြိုး" အခိုင်အမာတည်ထားသော နိုင်ငံများ အဖြစ်သို့ ရောက်ရှိလာပေသည်။

တောင်ကိုရီးယားနိုင်ငံ၏ မူဝါဒသစ်ဖြစ်သော New Southern Policy အရ တောင်ကိုရီးယားနိုင်ငံသည် ယင်းနိုင်ငံ၏ တောင်ဘက်ပိုင်းဒေသရှိ အာဆီယံနိုင်ငံများနှင့်တကွ အိန္ဒိယနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် အရေးပါဆုံး မိတ်ဖက်နိုင်ငံများအဖြစ်သို့ ရောက်ရှိလာအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း စာရေးသူ သတိမူမိပါသည်။

အဆိုပါမူဝါဒကို 3p Community ဟူ၍လည်း ခေါ်တွင်ပြီး People, Prosperity and Peace တို့ကို ရည်ညွှန်းပေသည်။

တောင်ကိုရီးယားသမ္မတမွန်သည် ယခုနှစ်မတ်လအတွင်း အရှေ့တောင် အာရှ သုံးနိုင်ငံသို့ ခရီးဆန့်ခဲ့သည်။ သမ္မတမွန်သည် New Southern Policy မူဝါဒသစ်နှင့်အညီ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်နေခြင်း ဖြစ်သည်။

၂၀၁၉ ခုနှစ်သည် တောင်ကိုရီးယားနှင့် အာဆီယံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို အထင်အရှားဆုံးပြသနိုင်မည့် နှစ်တစ်နှစ်ဟု ယူဆရသည်။ အကြောင်းမှာ တောင်ကိုရီးယားနှင့် အာဆီယံတို့အကြား ဆွေးနွေးဖက်နိုင်ငံများအဖြစ် ရပ်တည်မှု နှစ် (၃၀) ပြည့် နှစ်ပတ်လည်အခါသမယနှင့် တိုက်ဆိုင်နေခြင်းကြောင့် ဖြစ်သည်။

အာဆီယံနိုင်ငံများနှင့်သာမက မဲခေါင်ဒေသနိုင်ငံများနှင့်ပါ ဆက်ဆံရေးမြှင့်တင်နိုင်ရန် သမ္မတမွန်၏ အစိုးရက အစွမ်းကုန်ကြိုးပမ်းလျက်ရှိချိန်တွင် မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံ ပြည်သူနှစ်ရပ်အကြား ကူးလူးဆက်ဆံမှုများ မြင့်မားတိုးတက်လာသည်ကိုလည်း တွေ့မြင်ကြရသည်။

တောင်ကိုရီးယားနှင့် မြန်မာပြည်သူတို့အကြား ယဉ်ကျေးမှုအရ နွေးနွေးထွေးထွေး ဆက်ဆံမှုပြယုဂ်တစ်ခုအဖြစ် တောင်ကိုရီးယားနိုင်ငံမှ K-Pop အနုပညာ အကျော်အမော်များ မြန်မာနိုင်ငံသို့ လာရောက်ကြသည့်အခါ မျိုးဆက်သစ် ခေတ်လူငယ်တို့က နွေးထွေး ပျူငှာစွာ ကြိုဆိုကြသည်ကိုလည်း တွေ့မြင်ရပေသည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာလူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ မျှော်လင့်ချက်တစ်ရပ်ဖြစ်နေပြီး ကိုရီးယားဘာသာစကား လေ့လာသင်ယူသူ မြန်မာလူငယ်များ တိုးပွားလာနေသည်။

နှစ်နိုင်ငံ နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်လာမှု၏ အသီးအပွင့်များကို နှစ်နိုင်ငံပြည်သူများအားလုံးက အေးချမ်းပျော်ရွှင်စွာ မျှဝေခံစားလာနိုင်မည်ဟု စာရေးသူ မျှော်လင့်မိပါသည်။ ။

- **စီးပွားရေးမိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ တိုးချဲ့ရာတွင် ကိုရီးယားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ဧပြီလကုန် အခြေပြစာရင်းအရ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်း ၁၇၀ က မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနေပြီး အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံထား**
- **မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တောင်ကိုရီးယားနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဝင်လုပ်ကိုင်လာမည့် အခြေအနေကောင်းများ ရှိနေပြီဖြစ်**

ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်

နေပြည်တော် ဩဂုတ် ၂၇

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိုင်းလှသိန်း၏ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများထွက်ရှိရန် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ထားသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ(မူကြမ်း)တွင် အခန်း(၇)ခန်းနှင့် နည်းဥပဒေ ၃၀ ပါရှိပါကြောင်း၊ အခန်း (၁)တွင်အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)တွင် ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ အခန်း(၃)တွင် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ အခန်း(၄)တွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း၊ အခန်း(၅)တွင် အငြင်းပွားမှုများဖြေရှင်းခြင်း၊ အခန်း(၆)တွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အခန်း(၇)တွင် အထွေထွေတို့ ပါဝင်ပါကြောင်း။

ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းဌေး

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ(မူကြမ်း)ကို သဘောတူခွင့်ပြုပြီးဖြစ်သည့်အတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ(မူကြမ်း)ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြခဲ့ရာ သဘောတူခွင့်ပြုပြီး ဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၅၇ ပုဒ်မခွဲ(က)တို့အရ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ **ရွေးကောက်ပွဲကာလမဟုတ်သည့် အချိန်တွင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း)ဟု ရေးသားကြေညာခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ** သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ရွေးကောက်ပွဲကာလ မဟုတ်သည့်အချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဟု ရေးသားကြေညာခြင်းသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ညီညွတ်မှုမရှိပါကြောင်း၊ ထိုသို့ ရေးသားကြေညာပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်ရမည်ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် သုံးစွဲကာ ၎င်း၏ပြုမူ ဆောင်ရွက်ချက်များအပေါ် အခြေပြု၍ သက်ဆိုင်ရာတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း။

ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများ၊ သက်ဆိုင်သည့် ပုဂ္ဂိုလ်များသို့ ကြေညာချက်ထုတ်ပြန် ဆောင်ရွက်သွားမည်

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အလားတူဖြစ်စဉ်များ၊ မည်မျှရှိပါသနည်း မေးခွန်းနှင့်စပ်လျဉ်း၍ ယခင်ကဖြစ်စဉ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခြင်းမရှိခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်အလားတူဖြစ်စဉ်များ မပေါ်ပေါက်စေရန်အတွက် ရွေးကောက်ပွဲကာလမဟုတ်

ဒုတိယဝန်ကြီး ဦးလှမော်ဦး

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိုင်းလှသိန်း

သည့်အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများ၊ သက်ဆိုင်သည့် ပုဂ္ဂိုလ်များသို့ ကြေညာချက်ထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **မတ်ပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိစေရန်အတွက် နိုင်ငံတကာတွင် ခိုင်မာသောဈေးကွက်ရရှိအောင် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မတ်ပဲအပါအဝင် ပဲမျိုးစုံတင်ပို့မှု တိုးတက်ရန်နှင့် ဈေးကွက်ရရှိစေရေးအတွက် မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅-၂၀၁၉)အရ မတ်ပဲအပါအဝင် ပဲမျိုးစုံကို ဦးစားပေး မြှင့်တင်ရမည့် ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းထားရှိခဲ့ပါကြောင်း၊ လာမည့်အမျိုးသားပို့ကုန်မဟာဗျူဟာတွင်လည်း ပဲမျိုးစုံကဏ္ဍကို ဦးစားပေးမြှင့်တင်ရမည့်ကဏ္ဍအဖြစ် ဆက်လက်ထည့်သွင်းထားရှိပါကြောင်း။

ပြည်ပသို့အများဆုံးတင်ပို့သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများအပါအဝင် လယ်ယာထွက်ကုန်သီးနှံများ နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့လာစေရန်အတွက် တာဝန်ရှိသူများ၏ နိုင်ငံတကာခရီးစဉ်များတွင်လည်းကောင်း၊ ပြည်တွင်းဆွေးနွေးမှုများတွင်လည်းကောင်း ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း၊ ဒေသထွက်ကုန်အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်အသင်းတို့နှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍ လိုအပ်သည့် အကူအညီများ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေသော လယ်ယာထွက်ကုန်သီးနှံများကို ဝယ်ယူနေကျ ပြည်ပနိုင်ငံများမှ ဝယ်ယူခြင်းမရှိသည့် အချိန်တွင် ဈေးကွက်မပျက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဈေးကွက် ခိုင်မာရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ပြည်တွင်းလုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဘဏ်များအား အသုံးပြုခွင့်ကို မည်သို့ခွင့်ပြုထားပြီး ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားမှုမရှိစေရန်နှင့် ပုဂ္ဂလိကကဏ္ဍတွင် ငွေရေးကြေးရေးအဖွဲ့အစည်း ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ခွင့်ပြုရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်း**မေးခွန်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **SME ချေးငွေများကို ယခုကျင့်သုံးနေသော စနစ်ထက် ပိုမိုဖြေလျှော့ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ဗဟိုဘဏ်အနေဖြင့် NPL ကို သတ်မှတ်ရာတွင် ဘဏ်တစ်ခုချင်းစီ၏ သဘောသဘာဝအပေါ်မူတည်၍ သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နောက်ပိုင်း ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးဆောင်ရွက်ချက် အစီရင်ခံစာများအား ထုတ်ပြန်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြထားသည့်အချက် ၂၀၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ၃ ချက်၊ ပြည်သူ့လွှတ်တော်မှ ယခင်အတည်ပြုချက်အတိုင်းထားရှိသင့်သည့်အချက် ၂ ချက်တို့ကိုတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲသည့် အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး တင်သွင်းသည့် **စက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင်ပြုလုပ်လိုသည့် စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီး စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံးအကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းသည့်အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် က ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် အရှုံးအမြတ်ကို စီးပွားရေးအမြင်တစ်ခုတည်းဖြင့် သုံးသပ်မည့်အစား အနာဂတ်နိုင်ငံတော်၏ အမျိုးသားရေးအတွက် အကျိုးသက်ရောက်မှုဖြစ်လာနိုင်သည်အထိ နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်သင့်ပါကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြန်လည်တည်ဆောက်နေသည့်ကာလတွင် တိုင်းပြည်၏ အခြေခံလိုအပ်ချက်များအပေါ် ဖြည့်တင်းပေးရမည်ဖြစ်ပါကြောင်း၊ ရပ်ဆိုင်းထားသော စက်ရုံအချို့မှ ထုတ်ကုန်များသည် အနာဂတ်နိုင်ငံတော်အတွက် ကာကွယ်ရေး၊ တည်ဆောက်ရေးဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးများအတွက် အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်ရှိသင့်သကဲ့သို့ ပြည်တွင်း သွင်းကုန်အစားထိုးနိုင်ခြင်း၊ သွင်းကုန်ဈေးနှုန်းထိန်းချုပ်နိုင်ခြင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်နိုင်ခြင်းစသည့် နိုင်ငံအတွက် ကောင်းကျိုးများစွာ ရရှိနိုင်မည်ဖြစ်သောကြောင့် ယခုအဆိုအား ထောက်ခံရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး က စက်မှုဝန်ကြီးဌာနတွင်ရှိသည့် နိုင်ငံပိုင်စက်ရုံများဖြစ်သည့် အမှတ်(၁)၊ (၂)နှင့် (၃) အကြီးစားစက်မှုလုပ်ငန်းတို့သည်

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်

နှစ်စဉ် နှစ်တိုင်းအရှုံးပေါ်နေပါကြောင်း၊ ထိုလုပ်ငန်းများသည် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း၊ ထုတ်လုပ်မှုစရိတ်ကြီးမြင့်ခြင်း၊ ဝန်ထမ်းစရိတ်၊ လစာစရိတ် စသည့် စီမံခန့်ခွဲမှုစရိတ်များ၊ စက်ရုံပြင်ဆင်စရိတ်ကို နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်ခဲ့သည့် စက်ရုံများအတွက် ပေးဆပ်ရသည့် အကျိုးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတို့ကြောင့် နှစ်စဉ်အရှုံးများ ဖြစ်ပေါ်နေရပါကြောင်း၊ ထိုစက်ရုံများကို မည်သို့စီမံဆောင်ရွက်သင့်သည်ကို စဉ်းစားသည့်အခါ မူဝါဒကို ပထမစဉ်းစားရမည်ဖြစ်ပါကြောင်း။

နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကသို့အကျိုးတူလုပ်ပိုင်ခွင့် ပေးရာတွင် ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ရှိပြီးသည့် အခြေခံအဆောက်အအုံများ၊ ကျွမ်းကျင်ဝန်ထမ်းများကို အကျိုးရှိစွာအသုံးချရမည်ဖြစ်

နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကသို့ အကျိုးတူလုပ်ပိုင်ခွင့်ပေးရာတွင် ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ရှိပြီးသည့် အခြေခံအဆောက်အအုံများ၊ ကျွမ်းကျင်ဝန်ထမ်းများကို အကျိုးရှိစွာအသုံးချရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ လွတ်လွတ်လပ်လပ်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် ပင်စင်လစာများကို ပင်စင်ရန်ပုံငွေအဖြစ် ခွဲထုတ်သင့်ပါကြောင်း၊ မဖြစ်မနေထားရှိရမည့် လုပ်ငန်းများကိုသာ နိုင်ငံပိုင်အဖြစ်ထားရှိပြီး ကျန်ရှိသည့်လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းများအဖြစ် ပြောင်းလဲသင့်ပါကြောင်း၊ ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲပြီးသည့်အခါ စက်မှုဝန်ကြီးဌာနအနေဖြင့် မူဝါဒချမှတ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများလိုက်နာစေခြင်း၊ ဈေးကွက်စနစ်မျှတအောင် ဆောင်ရွက်ပေးခြင်း၊ စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်တင်းပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးခြင်းတို့ကိုသာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင် က ယခုအဆိုသည် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အကျိုးရှိစေရန် ဆောင်ရွက်ပေးရန်ရည်ရွယ်ထားခြင်း ဖြစ်သည့်အတွက် စက်ရုံများနှင့် စီမံကိန်းများ ရပ်ဆိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လွှဲပြောင်းခြင်းများ ဆောင်ရွက်သည့်အခါတွင် ပြည်သူ့ဘဏ္ဍာငွေအကျိုးအမြတ်နှင့် ဝန်ထုပ်ဝန်ပိုးတို့ကို စဉ်းစားသုံးသပ်ရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ မိသားစုများ၊ စက်ရုံနှင့်ဆက်စပ်သော လုပ်ငန်းများ၊ ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားပြီးမှ ဆောင်ရွက်သင့်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မှားယွင်းစွာဆုံးဖြတ်မိပါက ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများကို ခံစားရမည်မှာ ပြည်သူများသာဖြစ်သည်ကို သတိချပ်စေလိုကြောင်း အကြံပြုဆွေးနွေးသည်။

စာမျက်နှာ ၈ သို့

အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ ဖတ်ကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးအောင်မျိုးလတ်

နေပြည်တော် ကောင်စီဝင် ဦးညီထွန်း

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဒေါ်သီရိရတနာ

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ်

နေပြည်တော် ဩဂုတ် ၂၇

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လိုအပ်သော ပုံစံအချက်အလက်နှင့် စံချိန်စံညွှန်းများ ပြည့်စုံမှု ရှိမှသာ တင်ဒါလုပ်ငန်းများ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဆောလျင်စွာ စတင်နိုင်မည်

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်၏ **နိုင်ငံတော်မှ ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်း၏ အဓိကရည်ရွယ်ချက်များဖြစ်သော ဘတ်ဂျက်များ အလေအလွင့်မရှိစေရေး၊ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးနိုင်ရေးတို့အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဒီဇင်ဘာလ သို့မဟုတ် ဇန်နဝါရီလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီစဉ်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လိုအပ်သော ပုံစံအချက်အလက်နှင့် စံချိန်စံညွှန်းများ ပြည့်စုံမှု ရှိမှသာ တင်ဒါလုပ်ငန်းများ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဆောလျင်စွာ စတင်နိုင်မည် ဖြစ်ပါကြောင်း၊ သို့မှသာ ဘတ်ဂျက်များ အလေအလွင့်မရှိဘဲ အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်နိုင်မည့်အပြင် အချိန်မီပြီးစီးနိုင်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ယခု ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြေနေရာအတည်ပြုခြင်း၊ ဒီဇိုင်းပုံစံနှင့် ခန့်မှန်းခြေစာရင်းများ ပြည့်စုံစွာ ရေးဆွဲခြင်းများ ကြိုတင်ဆောင်ရွက်ထားရှိပါက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဒီဇင်ဘာလ သို့မဟုတ် ဇန်နဝါရီလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်မည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်း၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ မြို့မဈေး (ခေါ်) မင်္ဂလာဈေးအား မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် သင့်လျော်သည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေလျာထား ဆောင်ရွက်သွားမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ ၏ **မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ မြို့မဈေး (ခေါ်) မင်္ဂလာဈေးအား မြို့အင်္ဂါရပ်နှင့်ညီသော အဆင့်မြင့်ဈေးအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော် ကောင်စီဝင် ဦးညီထွန်းက မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ မြို့မဈေး (ခေါ်) မင်္ဂလာဈေးအား မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ် Mini ဘတ်ဂျက်ကာလများတွင် ပျံကျဈေးရုံ (၂) ရုံ အား ငွေလုံးငွေရင်း ခွင့်ပြုငွေ (၉၈ ဒသမ ၇)သန်း အသုံးပြု၍ တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်များအတွင်း ဈေးတည်ဆောက်ခြင်းများအတွက် ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံထားခြင်း မရှိပါကြောင်း၊ မင်္ဂလာဈေး အရှေ့ဘက်ဈေးရုံ(၄)ရုံအား အဆင့်မြင့်ဈေးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရန်အတွက် ဈေးသူ၊ ဈေးသားများနှင့်ညှိနှိုင်းခြင်း၊ Design ပုံစံရေးဆွဲခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းတို့ ဆောင်ရွက်ပြီး သင့်လျော်သည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေလျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ စောယှားဖောင်အွာ၏ ကရင်ပြည်နယ်၊ **ကော့ကရိတ်မြို့နှင့် ကျိုက်ဒုံမြို့သို့ ဆက်သွယ်ထားသော ကော့ကရိတ်-အစွန်း - လမ်းဖား - ကျိုက်ဒုံ လမ်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊မရှိ မေးခွန်း**နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဆီဟူးဒွေ့၏ **မြစ်ကြီးနားမြို့မှ ဆင်ဘိုမြို့သို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော မြစ်ကြီးနား -ဆင်ဘို - မြို့လှ - ကသာ ခရိုင်ချင်းဆက်လမ်း၏ မြစ်ကြီးနား - ဟိုကပ် - ဆင်ဘို လမ်းပိုင်းအား မြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လည်းကောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစိုင်းစံအောင် ၏ **ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် တိုင်းရင်းသားပေါင်းစုံအသုံးပြုမည့် စုပေါင်း သုသာန်အတွက် မီးသင်္ဂြိုဟ်စက် ခွင့်ပြုပေးရန် အစီအစဉ် ရှိ။မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း၊မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း ၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် တရားရုံးအပါအဝင် မွန်ပြည်နယ်အတွင်းရှိ ဖွဲ့စည်းပုံအင်အားနှင့် လုပ်ငန်းပမာဏမျှတခြင်းမရှိသော မြို့နယ်တရားရုံးများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ လိုအပ်သလို ဖွဲ့စည်းပုံအဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည် က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို** ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **ရှေးအစဉ်အဆက်အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေ စုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေ ဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ်မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ က အဆိုအား ခြုံငုံသုံးသပ်ကြည့်ပါက ကျေးလက်နေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု အမြင့်ဆုံးထိခိုက်လွယ်သော နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအား ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ထိုအခြေအနေများကို ရင်ဆိုင်ကျော်လွှားရန် အစီအမံများ ချမှတ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများထက် ရေချိုသယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် ၁၀ စုနှစ်ကာလအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ပြီး ခြောက်သွေ့လာခြင်း၊ ရေကြီးခြင်း၊ မြေအောက်ရေပမာဏ လျော့ကျခြင်းတို့ ဖြစ်ပေါ်လာပါကြောင်း၊ ထို့ကြောင့် မိမိဒေသအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ရေလိုအပ်သော ကျေးလက်ဒေသများတွင် ရေလုံလောက်စွာ ရရှိနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုများနှင့် အသစ်တိုးချဲ့တည်ဆောက်ရန်ရှိသည်တို့ကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ် က မိမိတို့မြန်မာနိုင်ငံသည် ရှေးကာလကတည်းက မြို့ ရွာရှိ လယ်ယာစိုက်ခင်းများတွင် ရေတွင်း၊ ရေကန်များ၊ မိုးရေလှောင်ကန်များတူးဖော်ပြီး သမိုင်းတစ်လျှောက် ရေပြဿနာနှင့် ရိက္ခာပြဿနာကိုပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ကြပါကြောင်း၊ ယနေ့ခေတ်တွင် လူလုပ်သည့် ပယောဂများကြောင့် ရှေးကတည်းက သုံးစွဲလာခဲ့သည့် ရေတွင်း၊ ရေကန်များ ခန်းခြောက်ပျက်စီးလာသကဲ့သို့ မြစ်၊ ချောင်း၊ အင်းအိုင်များသည်လည်း တိမ်ကော ပျက်စီးလာပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် အဆိုရှင်တင်ပြသည့် အကြောင်းအရာများကို အလေးအနက်ထားပြီး စီမံချက်လုပ်ငန်းစဉ်များ ရေးဆွဲ၍ တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ ဖော်ဆောင်ပေးစေလိုပါကြောင်း၊ ထို့ကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်ဆွေနှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

စာမျက်နှာ ၇ မှ

ဆက်လက်၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီး မျိုးထက်ဝင်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ မြင်းခြံ မဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်းက စက်မှုဝန်ကြီးဌာနလက်အောက်တွင် စက်ရုံစုစုပေါင်း ၁၁၂ ရုံ ရှိပါကြောင်း၊ အဆိုပါ စက်ရုံများအနက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ဆောင်ရွက်နေသော စက်ရုံ ၅၅ ရုံရှိပါကြောင်း၊

ထိုစက်ရုံများတွင် ဖက်စပ်စက်ရုံ ၂ ရုံ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ၃ ရုံ၊ ကာလရှည်ငှားရမ်းမှုစက်ရုံ ၅၀ တို့ ပါဝင်ပါကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် ဆောင်ရွက်နေသော စက်ရုံ ၅၇ ရုံ ရှိပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဆိုသည့် ခေါင်းစဉ်အောက်တွင် မူဝါဒချမှတ်ရေးတာဝန်များ၊ ကြီးကြပ်ရေးတာဝန်များ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားဖြစ်ဆောင်ရွက်ခြင်း လုပ်ငန်းများအားလုံးကို ရောထွေး အကောင်အထည်ဖော်ဆောင်ရွက်နေကြပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး အသွင်ပြောင်းလဲမှုများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိက အသွင်ကူးပြောင်းမှုတွင် အလေးထားစဉ်းစားရမည့်အချက်ဖြစ်ပါကြောင်း၊ ပထမဦးဆုံးအသွင်ကူးပြောင်းမှုမှ ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ပင်စင်လစာပေးရန် တာဝန်ရှိမှုများကို သေချာစွာ ကြိုတင်ခန့်မှန်းတွက်ချက်ရန် အထူးလိုအပ်ပါကြောင်း၊ နိုင်ငံပိုင်စက်ရုံများမှ ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပို့ချရေး၊ အသွင်ကူးပြောင်းမှုခရီးစဉ် အဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်ပေးရေးနှင့် သင့်လျော်ရာတွင် ပြန်လည်နေရာချထားရေးအတွက် စနစ်တကျစဉ်းစားဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း။

စက်မှုဝန်ကြီးဌာနအနေဖြင့် တိကျရှင်းလင်းသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများချမှတ်၍ လိုအပ်သောနည်းပညာပံ့ပိုးမှုများ ကူညီထောက်ပံ့ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ၏ ကုန်ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်သင့်သော နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိကအသွင်ကူးပြောင်းရေးကို အထူးဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်ရှိအကျိုးတူလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိနိုင်ဆုံး အသင့်တော်ဆုံးပူးပေါင်းဆောင်ရွက်မှု ပုံစံများဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စက်ရုံများနှင့်ပတ်သက်သည့် ပြည်တွင်း၊ ပြည်ပကျွေးမြီများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာနိုင်ငံတော် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံပိုင်စက်ရုံများအား နှစ်ရှည်ငှားရမ်းခြင်း၊ ပုဂ္ဂလိကသို့လွှဲပြောင်းခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းနှင့် အခြားနည်းလမ်းဖြင့် အသုံးပြုခြင်းများကို အဆိုပါအဖွဲ့မှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၊ NECC မှ အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များဖြင့် အားဖြည့်ဖွဲ့စည်းပြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသွင်ကူးပြောင်းမှုများကို မကြာမီကာလအတွင်း မြင်တွေ့နိုင်ရန် ကြိုးစားသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့်အဆိုအား ထောက်ခံပါကြောင်းနှင့် အတည်ပြုသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်
ကျော်ဇင်ထိုက်

ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုရန် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက မိတ္ထီလာမြို့ ဦးဆောင်စေတနာရှင်များအဖွဲ့နှင့် ရဟန်းရှင်လူ မြို့သူမြို့သားများက လှူဒါန်းငွေကျပ် ၄၂၈၆၇၅၀ နှင့် တမီလ်ပါရိကဝဲကုလ လူမှုဖွံ့ဖြိုးရေးအဖွဲ့က လှူဒါန်းငွေကျပ် ၅၀၀၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်တာဝန်ရှိသူများ အလှူရှင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်သတင်းမီဒီယာအဖွဲ့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအား ကြည့်ရှုလေ့လာ

စစ်တွေ ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama တို့သည် ဂျပန်သတင်းမီဒီယာအဖွဲ့နှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောမြို့သို့ ရောက်ရှိကြပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း UEHRD အစီအစဉ်ဖြင့် မိမိဆန္ဒအလျောက် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာခဲ့သည့် နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံသဘောတူညီချက်အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဩဂုတ် ၂၂ ရက်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက အကြောင်းကြားလာသည့်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက အသင့်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်လာခဲ့ခြင်းမရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာကြသည့် နေရပ်စွန့်ခွာသူများ၏ အခက်အခဲ၊ လိုအပ်သည့်အကူအညီများ၊ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူများ၏ အခြေအနေများကို သိရှိလိုပါကြောင်း၊ ဂျပန်အစိုးရအနေဖြင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးသွားရန် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများက မိမိတို့ ပြန်လည်ဝင်ရောက်လာမှုကို မြန်မာနိုင်ငံက လက်ခံပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းသည် လုံခြုံမှုမရှိကြောင်း၊ တစ်ဖက်နိုင်ငံတွင်ကျန်ခဲ့သည့် မိမိတို့၏ မိသားစုဝင်များနှင့် ဆွေမျိုးများသည် ပြန်လာချင်သော်လည်း ARSA အကြမ်းဖက်အဖွဲ့၏ နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုများကို ခံနေရကြောင်း၊ မိမိတို့ မောင်တောဒေသသို့ ပြန်လည်ဝင်ရောက်ရာတွင်လည်း ARSA အကြမ်းဖက်အဖွဲ့များ မသိအောင် ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း၊ ယခု အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲရှိသည့်အတွက် နေထိုင်စားသောက်ရေးကိစ္စရပ်များတွင် အခက်အခဲဖြစ်ပေါ်နေကြောင်း၊ ပြန်လည်နေရာချထားရာတွင် မူလလုပ်ကိုင်စားသောက်ခဲ့သည့် နေရာနှင့် အနီးစပ်ဆုံးတွင် ချထားပေးစေလိုကြောင်းနှင့် ကလေးငယ်များ၏ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရိက္ခာရရှိရေးကိစ္စရပ်များကို တင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်သတင်းမီဒီယာအဖွဲ့ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရန် အသင့်ဖြစ်နေမှု၊ စတင်ဝင်ရောက်မည့်ဂိတ်၊ စခန်းအတွင်း စိစစ်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လုံခြုံရေးဆောင်ရွက်သွားမည့် အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ၊ အထောက်အပံ့များပေးနိုင်ရန် ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများကို အားပေးစကား ပြောကြားသည်။

ထို့နောက် လှုဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြပြီး နေရပ်စွန့်ခွာသူများ နေထိုင်ရန်အတွက် အသင့်ဖြစ်နေသည့် Modular House များ၊ Assemble Board House များ၊ သောက်သုံးရေ၊ မီးလွှာနှင့် ဆေးခန်းများ တည်ဆောက်တပ်ဆင်ထားမှုများကို ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး၊ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်သတင်းမီဒီယာအဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်သတင်းမီဒီယာအဖွဲ့၏ မောင်တောခရီးစဉ်တွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြပြီး တာဝန်ရှိသူများက ဂျပန်သတင်း မီဒီယာအဖွဲ့၏ သိရှိလိုသောမေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်မီဒီယာအဖွဲ့ လှုဖိုးခေါင်ကြားစခန်းတွင် နေရပ်စွန့်ခွာသူများ နေထိုင်ရန် အသင့်ဖြစ်နေသည့် အဆောက်အအုံများကို ကြည့်ရှုကြစဉ်။ သတင်းစဉ်

ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဂျပန်သံအမတ်ကြီးနှင့် ဂျပန်မီဒီယာအဖွဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရန် ဆောင်ရွက်ထားမှုကို ကြည့်ရှုကြစဉ်။ သတင်းစဉ်

ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။

(စာတည်းအဖွဲ့)

စမ်းချောင်းမြို့တွင်း လမ်းများသန့်ရှင်းပါစေ၊ ရေမြောင်းများ စီးဆင်းပါစေ

ရှင်မင်း

ရှေးယခင်က စမ်းချောင်းတစ်ခု ရွာကိုဖြတ်သန်းစီးဆင်းနေသောကြောင့် စမ်းချောင်းရွာဟု အမည်ခေါ်တွင်ခြင်းမှ ခေတ်ကာလရွှေ့လျားလာကာ ၁၉၇၁ ခုနှစ်တွင် စမ်းချောင်းမြို့နယ်အဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာခဲ့သည်။ ရှေးယခင်က တည်ရှိစီးဆင်းခဲ့သည့် စမ်းချောင်းသည် လူဦးရေထူထပ်လာမှု၊ လူမှုပတ်ဝန်းကျင် ပြောင်းလဲလာမှုနှင့်အတူ မြောင်းအဖြစ်သာ ကျန်ရှိနေတော့သည်။

ရေဆိုးမြောင်းများ ဖြစ်လာ

မြို့ပေါ်ရပ်ကွက် ၁၈ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသော စမ်းချောင်းမြို့နယ်သည် ရန်ကုန်မြို့၏ စည်ကားသော မြို့နယ်တစ်ခုဖြစ်ပြီး ၂၄ နာရီပတ်လုံးနီးပါး လူသွားလူလာဖြင့် လှုပ်ရှားစည်ကားလျက်ရှိသည်။ မြို့နယ်၏ စမ်းချောင်းလမ်းနှင့် မြေနီကုန်း ဈေးလမ်းတစ်လျှောက်တွင် ပြည်သူတို့၏ လူမှုဘဝအတွက် လိုအပ်တာမှန်သမျှ ဝယ်ယူရရှိနိုင်သည့် စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ကုန်စည်ပစ္စည်းဆိုင်များဖြင့် ပြည့်နှက်စည်ကားနေသည်။ စည်ကားမှုနှင့်အတူ ပတ်ဝန်းကျင်ညစ်ညမ်းလာမှုကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မဆင်မခြင် အမှိုက်စွန့်ပစ်မှုများကြောင့် စည်ကားလှသော စမ်းချောင်းမြို့၏ ရေနုတ်မြောင်းများ ပိတ်ဆို့ကာ ရေဆိုးမြောင်းများ ဖြစ်လာခြင်း စသည့် ကိစ္စရပ်များကိုလည်း ပြည်သူများ ကြုံတွေ့ခံစားလာရသည်။

ထိုသို့ ပြည်သူများ ကြုံတွေ့ရင်ဆိုင်နေရမှုများကို ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများက တတ်အားသမျှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးက "ရေမြောင်းတွေပိတ်၊ အနံ့ဆိုးတွေထွက်၊ လမ်းတွေပေါ် ရေလျှံတာတွေရှိတဲ့အတွက် ကျွန်တော်တို့ မဲဆန္ဒနယ်ဆင်းတဲ့အခါ ပြည်သူတွေက တင်ပြကြပါတယ်။ ပြည်သူတွေရဲ့တင်ပြချက်တွေအတွက် ရေစီးရေလာကောင်းဖို့ သုံးနှစ်အတွင်းမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေ၊ တာဝန်သိပြည်သူတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေရှိပါတယ်။ တိုင်းဒေသကြီး အစိုးရဘတ်ဂျက်နဲ့ မြေပေါ်မြေအောက် ရေနုတ်မြောင်း ဖောက်လုပ်တာ၊ ဆယ်ယူတာတွေ ပြုလုပ်ခဲ့ပါတယ်။ မိုးကြီးတိုင်း ရေလျှံရေကြီးတဲ့ စမ်းချောင်းဟာ အခုအတော်သက်သာသွားပါပြီ" ဟု ပြောပြသည်။

ရေစီးရေလာကောင်းမွန်ရေး

မြို့နယ်အတွင်းရှိ ရှင်စောပုလမ်း၊ သပြေညိုလမ်း၊ သုခမိန်လမ်း၊ ပဏ္ဍိတလမ်း၊ စမ်းချောင်းလမ်း၊ အနောက်မြေနီကုန်းလမ်း၊ ရှင်စောပုဘုရားလမ်းပေါ်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းရှင်းလင်းခြင်း လုပ်ငန်းများကို စမ်းချောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက ယခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

CCTV တွေ တပ်ဆင်ဖို့လို

"ပြည်သူတွေ၊ လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တွေ၊ အုပ်ချုပ်ရေးအပိုင်းနဲ့ စည်ပင်သာယာကပါ အားလုံးဝိုင်းဝန်းကြိုးပမ်းခဲ့ကြတာပါ။ ပူးပေါင်းဆောင်ရွက်မှု အားကောင်းခဲ့လို့ မြို့နယ်အတွင်း ရေစီးရေလာကောင်းအောင် ဆောင်ရွက်မှုတွေက မြန်ဆန်ခဲ့တာပါ။ ပြည်သူတွေကို ပန်ကြားချင်တာက အမှိုက်တွေကို စနစ်တကျစွန့်ပစ်ပေးဖို့ပါ။ ရေနုတ်မြောင်းတွေရေစီးရေလာကောင်းဖို့ ရေနုတ်မြောင်းတွေထဲ အမှိုက်တွေမပစ်ဖို့ပါ။ ကျွန်တော်တို့ မြို့နယ်အတွက် မှုခင်းကျဆင်းရေးကို ပိုပြီးဂရုစိုက်လုပ်ရပါမယ်။ မြို့နယ်အတွင်းမှာ CCTV တွေ တပ်ဆင်ဖို့လိုပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရကို တင်ပြထားပါတယ်။

"စမ်းချောင်းမြို့နယ်အတွက် ၂၀၁၈/၂၀၁၉ ဘဏ္ဍာနှစ်မှာ ထူးခြားချက်တစ်ခုက ပြည်ထောင်စုငွေလုံးငွေရင်းဘတ်ဂျက်နဲ့ စီမံကိန်းလေးခုရခဲ့တာပါ။ မြို့မရဲစခန်းဝင်းအတွင်းမှာ လေးခန်းတွဲ ခြောက်ထပ် အဆောက်အဦ တစ်လုံး၊ ကျွန်းတော မူကြိုကျောင်းကို သုံးထပ်အဆောက်အဦအဖြစ် ပြောင်းလဲဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရေးလမ်းတံတားဦးစီးဌာန သုံးထပ်အဆောက်အဦတစ်လုံး၊ စမ်းချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဆေးခန်းနဲ့ ဝန်ထမ်းအိမ်ရာ ငါးထပ်အဆောက်အဦတစ်လုံးတို့ပဲ ဖြစ်ပါတယ်။ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ပါ။ သုံးနှစ်အတွင်းမှာ ပြည်သူတွေဆီက အခွန်ငွေတိုးရတယ်။ ဒါကြောင့် ပညာရေး၊ ကျန်းမာရေးနဲ့

စာမျက်နှာ ၁၁ သို့

ဦးဘိုဘိုဦး (စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

အောင်ချမ်းသာ ရေမြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းနေစဉ်။

❖ **စမ်းချောင်းလမ်းနှင့် မြေနီကုန်းဈေးလမ်းတစ်လျှောက်တွင် ပြည်သူတို့၏ လူမှုဘဝအတွက် လိုအပ်တာမှန်သမျှ ဝယ်ယူရရှိနိုင်သည့် စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ကုန်စည်ပစ္စည်းဆိုင်များဖြင့် ပြည့်နှက်စည်ကားနေသည်။ စည်ကားမှုနှင့်အတူ ပတ်ဝန်းကျင်ညစ်ညမ်းလာမှုကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မဆင်မခြင် အမှိုက်စွန့်ပစ်မှုများကြောင့် စည်ကားလှသော စမ်းချောင်းမြို့၏ ရေနုတ်မြောင်းများ ပိတ်ဆို့ကာ ရေဆိုးမြောင်းများဖြစ်လာခြင်း စသည့်ကိစ္စရပ်များကိုလည်း ပြည်သူများ ကြုံတွေ့ခံစားလာရ**

ရေမြောင်းအတွင်းရှိ အမှိုက်များ ဆယ်ယူရှင်းလင်းစဉ်။

စာမျက်နှာ ၁၀ မှ

အခြေခံအဆောက်အအုံတွေ ပိုလုပ်လာနိုင်တာပါ။ ပြည်သူတွေရဲ့ တာဝန်သိမှုနဲ့ အစိုးရရဲ့စီမံခန့်ခွဲမှုကြောင့် သီးပွင့်လာတာတွေပါ”ဟု **လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး**က ပြောကြားသည်။

“မြို့နယ်အတွင်းက ရေနုတ်မြောင်းတွေဟာ အခုနှစ်နှစ်၊ သုံးနှစ်အတွင်းမှာ အများကြီး တိုးတက်လာတယ်။ ဗားကရာရေနုတ်မြောင်းဆိုရင် မိုးမကျခင် ရှင်းလင်းထားတော့ စမ်းချောင်းမြို့နယ်ရဲ့ စည်ကားတဲ့ မီးပွိုင့်တွေမှာ ရေကြီးရေလျှံတာတွေ မဖြစ်တော့ဘူး။ ဒါပေမယ့် အမှိုက်တွေကတော့ စည်းကမ်းမဲ့ စွန့်ပစ်တဲ့သူတွေကြောင့် ပိုများလာပါတယ်။ စည်ပင်ကရှိတဲ့အင်အားနဲ့ နေထိုင်တဲ့ လူဦးရေအချိုးအစားကကွာတော့ အခက်အခဲရှိနေတယ်။

“လမ်းဘေးဈေးသည်တွေကလည်း ပိုများလာတယ်။ ဈေးရောင်းတဲ့အခါ ပလက်ဖောင်းပေါ် နေရာယူပြီး ရောင်းကြတော့ သွားလာတဲ့သူတွေက ကားလမ်းပေါ်ရောက်ပြီး ခဏခဏ ထိမိခိုက်မိဖြစ်တာတွေ ရှိတယ်။ လာစစ်ရင် ရှောင်ပြီး ပြန်ပြီးရောင်းတာမျိုးတွေ ရှိနေတုန်းပဲ။ ဒါတွေက အားနည်းချက်တွေပါ”ဟု စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက်တွင် နေထိုင်သည့် ကိုစိုင်းကက်နက်က ပြောပြသည်။

စည်းကမ်းမဲ့ဆောင်ရွက်မှုများကို အရေးယူ

စမ်းချောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီသည် ယခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း စည်းကမ်းမဲ့ဈေးသည်၊ စည်းကမ်းမဲ့လှည်း၊ ဆိုက်ကား စသည်တို့ အပါအဝင် စည်ပင်သာယာနှင့် သက်ဆိုင်သည့် စည်းကမ်းမဲ့ ဆောင်ရွက်မှုများကို အရေးယူခဲ့မှု ၂၇ ခု ရှိခဲ့ပြီး ဒဏ်ကြေးများ ပေးဆောင်စေခဲ့ကြောင်း အဆိုပါကော်မတီမှ သိရသည်။

ထို့ပြင် မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် အောင်တော်မူလမ်း၊ ရှမ်းလမ်း(ဂွဈေး)ရှေ့၊ ပုသိမ်လမ်း၊ ကျောင်းကုန်းလမ်း၊ သရက်တောလမ်း၊ ကြံခင်းလမ်း၊ စမ်းချောင်းလမ်းများပေါ်ရှိ လမ်းဘေးဈေးသည်များ ရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ မြို့နယ်ထဲမှာ အမှိုက်သိမ်းတဲ့စနစ်ကို ပြုပြင်စေချင်တာရှိပါတယ်။ အခုက အမှိုက်တွေကို ကိုယ့်အိမ်ရှေ့မှာထားပြီး လာသိမ်းတဲ့စနစ်ဆိုတော့ မလာသေးတဲ့ အချိန်မှာ အမှိုက်ကောက်တဲ့သူတွေက ဖွတာမျိုး၊ ခွေးတွေက

ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ပြုလုပ်စဉ်။

အမှိုက်တွေ ဆွဲတာမျိုးတွေကြောင့် လမ်းထဲမှာအမှိုက်တွေပွ၊ ညစ်ပတ်ကုန်တာရှိပါတယ်။ ဒီလိုမဟုတ်ဘဲ လမ်းထဲမှာ အမှိုက်ထည့်ဖို့ပစ္စည်းထားပြီး ဒီထဲကို သတ်သတ်မှတ်မှတ်နဲ့ စနစ်တကျ ပစ်စေချင်ပါတယ်”ဟုလည်း ကိုစိုင်းကက်နက်က အကြံပြုသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ နေ့ဆိုင်း ညဆိုင်း သန့်ရှင်းရေး လှည်းသိမ်းဝန်ထမ်းနှင့် ယာဉ်တင်ဝန်ထမ်းများက မြို့နယ်အတွင်း အမှိုက်များကို နံနက် ၃ နာရီမှ နံနက် ၆ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီခွဲမှ ည ၈ နာရီအထိ တစ်ကြိမ် လင်းပြောင်စနစ်၊ အမှိုက်ပုံး၊ အမှိုက်ကန်စနစ်နှင့် အမှိုက်ထုပ်ကောက်စနစ်များဖြင့် လိုက်လံသိမ်းဆည်းပေးလျက်ရှိရာ တစ်နေ့လျှင် အမှိုက်တန်ချိန် ၈၀ ခန့်ရှိကြောင်း သိရသည်။

ရေမလျှံတော့ပါ

“အရင် နှစ်နဲ့ချီရှိနေတဲ့ အမှိုက်တွေ၊ တစ်ခါမှလည်း ရှင်းခဲ့တာ မရှိဘူး။ အမှိုက်တွေနဲ့ပိတ်ဆို့ပြီး မြို့နယ်အတွင်းမှာ အမြဲရေကြီးရေလျှံတယ်။ ကျွန်တော်တို့ ဗဟိုလမ်းမအောက် ရှစ်ပေပတ်လည် ရှစ်ပေအနက်ရှိတဲ့ အင်္ဂလိပ်ခေတ်ကတည်းက ရှိတဲ့ ပင်မဗဟိုရေမြောင်းကြီးကို စလုပ်တယ်။ ပေ ၁၆၀၀ လောက်ရှည်တယ်။ တစ်လနီးပါးလောက် ဆောင်ရွက်ခဲ့ရတယ်။ ရှစ်ပေ ရေမြောင်းကြီးအတွင်းက အမှိုက်တွေကို အခုဆယ်ပြီးသွားပါပြီ။ လက်ရှိမှာတော့ ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိတဲ့ မြို့နယ်အတွင်းက ရပ်ကွက်ခြောက်ခုဟာ ရေမလျှံတော့ပါဘူး”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စမ်းချောင်းမြို့နယ် စီမံရေးရာဌာန ရေစီးရေလာ တာဝန်ခံ ဦးအောင်ကိုမင်းက ပြောကြားသည်။

စမ်းချောင်းမြို့နယ် သန့်ရှင်းသာယာရေးအတွက် ရှမ်းကုန်းလမ်း တနင်္ဂနွေ သန့်ရှင်းရေးအဖွဲ့ကလည်း တတ်အားသမျှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုအဖွဲ့သည် မြို့နယ်အတွင်းရှိ လမ်းများသန့်ရှင်းစေရန် တနင်္ဂနွေနေ့တိုင်း အမှိုက်ရှင်းလင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

“ကျွန်တော်တို့ မြို့နယ်ဟာ လူနေထူထပ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း လုပ်ပါတယ်။ ဒါပေမယ့် သူတို့ချည်းပဲလည်း မရပါဘူး။ ပြည်သူကလည်း ပါဝင်ပေးဖို့ လိုပါတယ်။ စည်ပင်သာယာက အမှိုက်သိမ်းတဲ့အချိန် အမှိုက်မပစ်ဘဲ ပြီးမှ စည်းကမ်းမဲ့ပစ်တာမျိုးတွေ ရှိနေတုန်းပါ။

“ရပ်ကွက်က အရင်က သန့်ရှင်းသာယာပါတယ်။ ဒါပေမယ့် နောက်ပိုင်းကျ အစဉ်အမြဲမနေဘဲ ရွှေ့ပြောင်းနေတဲ့သူတွေ များလာတယ်။ သန့်ရှင်းမှုမရှိတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့က တနင်္ဂနွေနေ့ မနက်တိုင်း ရှမ်းကုန်းလမ်းနဲ့ မြို့နယ်အတွင်းမှာ တတ်နိုင်သမျှ မပျက်မကွက် သန့်ရှင်းရေးလုပ်ရင်း တတ်အားသမျှ ဆောင်ရွက်ပေးတယ်”ဟု ရှမ်းကုန်းလမ်း တနင်္ဂနွေသန့်ရှင်းရေးအဖွဲ့ ခေါင်းဆောင် ဦးဇော်ဝင်းခိုင်က ပြောပြသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများတွင် စမ်းချောင်း(တောင်)ရပ်ကွက် ဆီဆုံလမ်းကွန်ကရစ်ခင်းခြင်းနှင့် ရေမြောင်းပြုလုပ်ခြင်း၊ မြေနီကုန်း(မြောက်)ရပ်ကွက် ကျောင်းလမ်းရေမြောင်းပြုလုပ်ခြင်း၊ ရှင်စောပုရပ်ကွက် ပြည်လမ်း ပဒုမ္မာပန်းခြံဘေး ရေမြောင်းပြုလုပ်ခြင်း၊ မပိုလမ်း Box Culvert များ ပြုလုပ်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

“ကျွန်တော်တို့ မြို့နယ်ထဲမှာ ရေမြောင်းပိတ်ဆို့နေတာတွေ ရှိတယ်။ ဒါတွေကို ပြန်ဖော်ပေးတယ်။ ဒီလိုမြောင်းတစ်ခုပဲ ဖော်ပေမယ့် ကျန်တဲ့မြောင်းတွေနဲ့ ချိတ်ဆက်မှုမရှိရင် အဆင်မပြေပါဘူး။

သင့်တော်တဲ့ ပြစ်ဒဏ်ပေးနိုင်အောင်

“ဒီလိုပဲ ကျွန်တော်တို့ မြို့နယ်အပါအဝင် ရန်ကုန်မြို့တော်ကြီးမှာ သန့်ရှင်းလှပနေဖို့က စည်ပင်သာယာနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေစိုးမိုးဖို့ လိုအပ်ပါတယ်။ စည်းကမ်းမဲ့တဲ့သူတွေအတွက် သင့်တော်တဲ့ ပြစ်ဒဏ်ပေးနိုင်အောင်ပါ။ ထိရောက်တဲ့ပြစ်ဒဏ်ပေးမှုမရှိတော့ မကြောက်ကြဘူး”ဟုလည်း ဦးဇော်ဝင်းခိုင်က အကြံပြုပြောကြားသည်။

မြေအောက်မြောင်းမှ အမှိုက်များ ရှင်းလင်း၍ ယာဉ်ပေါ်သို့ တင်ဆောင်စဉ်။

သိမ်းဆည်းထားသော စည်းကမ်းမဲ့လှည်းများ ဌာနသို့အပ်နှံရန် ယာဉ်ပေါ်သို့ တင်ဆောင်စဉ်။

တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်တောစိုက်ပျိုးရန် နားလည်မှုစာချွန်လွှာလက်မှတ်ထိုးပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့အကြား တရုတ်-မြန်မာ ချစ်ကြည်ရေးသစ်တောစိုက်ပျိုးရန် နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ထိုးပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူနီကုဒ် စံစနစ်သို့ တစ်ပြိုင်တည်းကူးပြောင်းရန်အတွက် လုပ်ငန်းစဉ်များပူးပေါင်းပါဝင်မည့် တာဝန်ရှိသူများ တွေ့ဆုံပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၇

မြန်မာယူနီကုဒ်စံစနစ်သို့ တစ်ပြိုင်တည်းကူးပြောင်းရန်အတွက် ပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးမည့် မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်များမှ တာဝန်ရှိသူများနှင့် နယ်ပယ်အသီးသီးမှ အကျိုးပါဝင်ပတ်သက်သူများတို့ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ MICT Park ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပညာရှင်များပူးပေါင်း၍ တစ်နိုင်ငံလုံးရှိ ကွန်ပျူတာသုံး မြန်မာဘာသာစကား ဖတ်ရှုရေးသားသူများသည် ၂၀၁၉ အောက်တိုဘာ ၁ ရက်တွင် နိုင်ငံတကာသုံး စံချိန်စံညွှန်းနှင့် ကိုက်ညီသော မြန်မာယူနီကုဒ်စံစနစ်သို့ တစ်ပြိုင်တည်း ကူးပြောင်းရန်အတွက် ကူးပြောင်းရေးလုပ်ငန်းစဉ်များ စတင်ကြောင်း အထိမ်းအမှတ်အခမ်းနားကိုလည်း ရန်ကုန်မြို့ရှိ MICT Park ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Myanmar Global Investment Forum နေပြည်တော်၌ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်း၍ Myanmar Global Investment Forum ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲထိုက် စုစည်းသည်

၂၀၁၉ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း တတိယဆုရရှိ

ရန်ကုန် ဩဂုတ် ၂၇

၂၀၁၉ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း တတိယဆု ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။(**အောက်ပုံ**) မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည့် ဖိလစ်ပိုင်အသင်းသည် ယခုပွဲတွင် မြန်မာအသင်း၏ ထိန်းချုပ်မှုအောက် ရောက်နေသောကြောင့် ခြေစွမ်းမပြနိုင်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း၏ပွဲထွက်လူစာရင်းတွင် အမာခံကစားသမားအစုံအလင်ပါဝင်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဦးစားပေးပုံစံဖြင့်ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းကတည်းက ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ဂိုးရရန် တိုက်စစ်မြှင့်လာသလို ကစားသမားများ အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ ၆၃ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးစရခဲ့ပြီး တိုက်စစ်မှူး ရီရီဦးက သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း တိုက်စစ်ပိုကောင်းလာပြီး လူစားဝင်ကစားသမား နုနုက ၆၅ မိနစ်နှင့် ၇၂ မိနစ်တို့တွင် အနိုင်ဂိုးနှစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲသက်တမ်းတစ်လျှောက်တွင် တတိယဆုအား ဒုတိယအကြိမ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက အိမ်ရှင်ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မိနစ် ၉၀ တွင် ဂိုးမရှိသရေကျနေသောကြောင့် အချိန်ပိုယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

ဓာတ်ပုံ- MFF

ယူနန်ပြည်နယ် ဖိတ်ခေါ်ဖလားကြက်တောင်ပြိုင်ပွဲ မြန်မာကြက်တောင်အားကစားအသင်း တတိယဆုရ

ရန်ကုန် ဩဂုတ် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဖိတ်ခေါ်ဖလား ကြက်တောင်ရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၄ရက်မှ ၂၅ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့မှ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကြက်တောင်အားကစား နည်းပြချုပ် ဒေါ်ဆွေမာဦး ဦးဆောင်သည့် အမျိုးသားအားကစားသမားငါးဦး၊ အမျိုးသမီးအားကစားသမား သုံးဦးတို့ဖြင့်သွားရောက်ယှဉ်ပြိုင်ရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲတွင် အရှေ့တောင်အာရှ၊ အာရှနှင့် ဥရောပနိုင်ငံများမှ အားကစားသမား ၁၈၀ ခန့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ

ယူနန်ပြည်နယ် ဖိတ်ခေါ်ဖလားကြက်တောင်ပြိုင်ပွဲတွင် တတိယဆုရ မြန်မာကြက်တောင်အားကစားအသင်း။

ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဒေလီယာနှင့် ရီရီလွင်တို့က ပူးတွဲတတိယဆုကို ရယူပေးခဲ့ပြီး ပထမနှင့် ဒုတိယဆုကို တရုတ်နိုင်ငံကလည်းကောင်း၊ ပူးတွဲတတိယဆုကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကလည်းကောင်း ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါမြန်မာအားကစားအဖွဲ့သည် ယနေ့နံနက်က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့်အမှုဆောင်များ၊ ဆွေမျိုးမိဘများက ကြိုဆိုခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ- အေးကေလင်း

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည့် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဩဂုတ် ၂၆ ရက်က ထွက်ခွာသွားသည့် အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားအဖွဲ့ဝင်များအား တွေ့ရစဉ်။

အာကာစိုး

❑ *ကျောဖုံးမှ*

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဒို့အိမ်၏နောက်ဖေးလမ်းကြား ဥယျာဉ်စီမံချက်များ အကောင်အထည်ဖော်နိုင်ရန် ၃၁ လမ်းနှင့် ၃၂ လမ်းကြား(အောက်)တွင် သန့်ရှင်းရေးလုပ်ငန်းများနှင့် ပျက်စီးနေသောနေရာများအား ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အလှူရှင်တွေကိုယ်တိုင်ကလည်း ဒီလမ်းတွေကို လုပ်ချင်တယ်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေဘက်ကလည်း အခုလိုစီမံချက်တွေကို အားပေးဆောင်ရွက်တဲ့အတွက် လုပ်ဖြစ်သွားတာပါ။ နောက်ပိုင်း တခြားမြို့နယ်က လွှတ်တော်ကိုယ်စားလှယ်တွေ၊ နေထိုင်နေတဲ့သူတွေဘက်က တောင်းဆိုချက်တွေကိုလည်း လက်ခံရရှိထားပါတယ်။ စီမံချက်အခြေအနေတွေပေါ် မူတည်ပြီး ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်း ပြန်ကြားရေးတာဝန်ခံ ဒေါ်အေးမြတ်သူက ပြောကြားသည်။

နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်များ အကောင်အထည်ဖော်ရာတွင် လမ်းအတွင်းနေထိုင်သူများ၏ သဘောထားများကို လေ့လာမှုစစ်တမ်းကောက်ယူပြီးမှ စတင်အကောင်အထည်ဖော်ကာ ဥယျာဉ်စီမံချက်များ ရေရှည်တည်တံ့စေရေးအတွက် ရပ်ကွက်အတွင်းနေထိုင်သူများနှင့် ကော်မတီဖွဲ့ကာ ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နောက်ဖေးလမ်းကြားဥယျာဉ်တစ်ခုဖြစ်လာသည့်အတွက် ရရှိလာမည့်အကျိုးကျေးဇူးကို ပြည်သူများသိရှိစေရန်နှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေသည့်အတွက် ယခုကဲ့သို့ စီမံချက်များ အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်များကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပြီးနောက်ပိုင်းတွင် မသန်စွမ်းသူများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များနှင့် မိန်းကလေးများအသုံးပြုနိုင်ရန်အတွက် အဓိကထားဖန်တီးမည်ဖြစ်ကြောင်း သိရသည်။ စီမံချက်များအကောင်အထည်ဖော်ရာတွင် အလှူရှင်မှ ၈၀ ရာခိုင်နှုန်းနှင့် နေထိုင်သူများမှ ၂၀ ရာခိုင်နှုန်းပါဝင်ကာ အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို ယင်းတို့ဘဏ္ဍာငွေမှ ကျခံသုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ထင်ပေါ်ဝင်း(ကမာရွတ်)

❖ *ကျောဖုံးမှ*

ကွာတားဖိုင်နယ်တွင် ဂျပန်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ဆီမီးဖိုင်နယ်တွင် မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲတွင် တောင်ကိုရီးယားအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့သည်။ နှစ်ယောက်တွဲ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုအဆင့်၌ တရုတ်အသင်းကို နှစ်ပွဲပြတ်၊ ဂျာမနီအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်တွင် မလေးရှားကို နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားကို နှစ်ပွဲ-တစ်ပွဲ၊ ဗိုလ်လုပွဲတွင် လာအိုကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားပြီး အမှတ်အများဆုံးရသည့် လေးသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်နှင့် တွေ့ဆုံရာ (၈၅၀-၅၄၀) မှတ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဗိုလ်လုပွဲတွင် နာမည်ကြီးထိုင်းအသင်းကို (၇၃၀-၈၉၀) မှတ်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ သုံးမျိုး၊ အမျိုးသမီးပြိုင်ပွဲတွင် သုံးမျိုးယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ကျန်ရှိသည့်အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

အင်တာမီလန်အသင်းအတွက် ပွဲဦးထွက်ဂိုးသွင်းယူနိုင်ခဲ့သည့် လူကာကူ

အီတလီစီးရီးအေပွဲစဉ် (၁) ၏ နောက်ဆုံးပွဲစဉ်အဖြစ် အင်တာမီလန်နှင့် လက်ချီအသင်းတို့ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်အသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ထိုပွဲတွင် လူကာကူသည် အင်တာမီလန် အသင်းအတွက် ပွဲဦးထွက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ အင်တာမီလန်အသင်းအတွက် ဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် ဘရိုဇိုဗစ်၊ ၂၄ မိနစ်တွင် ဆန်စီ၊ မိနစ် ၆၀ တွင် လူကာကူနှင့် ပွဲချိန် ၈၄ မိနစ်တွင် ကန်ဒရီဗာတို့က သွင်းယူပေးခဲ့သည်။ အင်တာမီလန်အသင်းသည် ဂိုးကန်သွင်းမှု၊ ဂိုးပေါက်တည့်မတ်မှုအပိုင်းတွင် လက်ချီအသင်းထက် အနည်းငယ်အသာရရှိခဲ့သည်။

အေဗရာဟမ် စာချုပ်သစ်ချုပ်ဆိုသွားဖွယ်ရှိ

ချယ်လ်ဆီးတိုက်စစ်ကစားသမား အေဗရာဟမ် (၂၁နှစ်) သည် စတန်းဖို့ဒ်ဘရစ်၌ စာချုပ်သစ်ချုပ်ဆိုသွားဖွယ်ရှိနေကြောင်း၊ ထိုစာချုပ်တွင် ၎င်းရရှိနေသည့် လုပ်အားခထက် နှစ်ဆရရှိဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အီကာဒီနှင့် ဒိုင်ဘာလာတို့ကို အလဲအထပ်ပြုလုပ်ဖွယ်ရှိ

အင်တာမီလန်နှင့် ဂျူဗင်တပ်စ်အသင်း တာဝန်ရှိသူများသည် အာဂျင်တီးနားတိုက်စစ်ကစားသမား အီကာဒီ (၂၆နှစ်) နှင့် ဒိုင်ဘာလာ (၂၅နှစ်) တို့ကို အလဲအထပ်ပြုလုပ်နိုင်ရန် ပထမဆုံးအကြိမ် ဆက်သွယ်မှုပြုလုပ်လိုက်ကြောင်း အီတလီအခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

အမ်ဘတ်ပီနှင့် ကာဗာနီတို့ ဒဏ်ရာအသီးသီး ရရှိခဲ့

ပြင်သစ်လီဂူးဝမ်းချန်ပီယံ ပီအက်စ်ဂျီအသင်းက တူးလော့အသင်းသို့ လေးဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းမှ အမ်ဘတ်ပီနှင့် ကာဗာနီတို့ ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်း သုံးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်နေသည်။ ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်းပွဲစဉ် ၄ အဖြစ် မက်စ်အသင်းနှင့် လာမည့် ဩဂုတ် ၃၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **အောင်ဇော်**

အားကစား မြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မြန်မာ့ရုပ်မြင်သံကြား

၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ - ကောင်းကင်မှာထွန်းတောက်နေတဲ့ သာသနာ့အာဇာနည် တိပိဋကပါဠိပါရဂူ ဓမ္မရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ထေရုပတ္တိ (တတိယပိုင်း)
၇း၀၀ - Breakfast News
၁၁း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကျားကျားကြိုက်ကြိုက်" (မင်းမော်ကွန်း၊ မြင့်မြတ်၊ လင်းလင်း၊ သုသု၊ ခင်စန်းဝင်း၊ ထက်ထက်) (ဒါရိုက်တာ-ပြည်ဟိန်းသီဟ)
၁၂း၃၅ - "ဆီးချိုသွေးချိုရောဂါ ကာကွယ်ပါ"
၁၃း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်"(၃) (ဘွားဘွားလျို ပထမဆုံးအကြိမ် ယွန်းစံအိမ်သို့ လာရောက်ခြင်း)(၂)
၁၃း၄၀ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

ညပိုင်း

၁၇း၁၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
၁၇း၃၀ - MRTV Travelogue
၁၇း၅၅ - မူးယစ်၏သားကောင် (ကာတွန်း)
၁၈း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အမြတ်"
၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၁၄)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
၂၀း၃၅ - "လက်ဆင့်ကမ်းဝေ တိုင်းရင်းဒေသစာပေ"
- ပြည်သူ့နီတိ "ပုထုဇနော"
- "ပဥ္စလက်ခြင်းလုံး"

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း လျှပ်စစ်ကေဘယ်ကြိုးများအား ခိုးယူသူ သုံးဦးကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၇

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၁၆၈ ရပ်ကွက်ရှိ ပေါ်ပြူလာပလတ်စတစ်စက်ရုံအတွင်းရှိ ထရန်စဖော်မာ၌ တပ်ဆင်ထားသော ငွေကျပ် ၃၂၀၀၀၀၀ တန်ဖိုးရှိ 085 mm အမျိုးအစား ကေဘယ်ကြိုးရှစ်ချောင်းမှာ ဇူလိုင် ၈ ရက်က ခိုးယူခံရကြောင်း မန်နေဂျာ ဦး---က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ ဩဂုတ် ၃ ရက် က အမှတ် (၁၀၂/၁၀၃)၊ ဦးဖိုးလှိုင်လမ်းနှင့် ဦးမိုလမ်းထောင့် စက်မှုဇုန်(၁) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သစ်ပါးလွှာစက်ရုံရှိ ထရန်စဖော်မာတွင် တပ်ဆင်ထားသော ငွေကျပ် ၃၀၀၀၀၀၀ တန်ဖိုးရှိ လျှပ်စစ်ကေဘယ်ကြိုးမှာ ခိုးယူဖြတ်တောက်ခံထားရကြောင်း လုံခြုံရေးဝန်ထမ်း ဦး---က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းသို့ ထပ်မံအမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လျှပ်စစ်ကေဘယ်ကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ခိုးယူသွားသူများကို အမြန် ဖမ်းဆီးဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်တစ်စီးဖြင့် ကြေးကြိုးများ သယ်ဆောင်သွားကြောင်း သတင်းအရ စုံစမ်းခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၉)ရပ်ကွက် မိုးမိတ်လမ်း အမှတ် (၇၇၃)နေ အောင်ထွေး(ခ)ပေါင်မုန့် မောင်းနှင်သည့် 8k/---- လိုက်အေ့(စ်)ယာဉ်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ စစ်ဆေးချက်အရ ပူးပေါင်းပါဝင်သူ မောင်စန်း (ခ) စံရွှေမြင့်၊ အေးဝင်းတို့နှင့် ဇူလိုင် ၈ ရက် နံနက် ၁ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၁၆၈ ရပ်ကွက်ရှိ ပေါ်ပြူလာပလတ်စတစ်စက်ရုံမှ 085 mm အမျိုးအစား ကေဘယ်ကြိုးရှစ်ချောင်းအား ခိုးယူခဲ့ကြောင်း၊ ဩဂုတ် ၃ ရက် နံနက် ၃ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သစ်ပါးလွှာစက်ရုံရှိ ထရန်စဖော်မာတွင် တပ်ဆင်ထားသော လျှပ်စစ်ကေဘယ်ကြိုးများအား ထပ်မံခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းနောက် အောင်ထွေး (ခ) ပေါင်မုန့်၊ မောင်စန်း (ခ)စံရွှေမြင့်နှင့် အေးဝင်းတို့ သုံးဦးအား အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ အသေးစိတ်စစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၉၈ ရပ်ကွက်ရှိ စက်မှုဇုန်အတွင်းမှ ကေဘယ်ကြိုး ၁၁၂ ပိဿာနှင့် ကြေးကြိုး ၂၄ ပိဿာအား ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ အောင်ထွေး (ခ) ပေါင်မုန့်၊ မောင်စန်း (ခ) စံရွှေမြင့်နှင့် အေးဝင်းတို့ (ဝဲပုံ) အား တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

မူဆယ်နှင့် ကွတ်ခိုင်ကြားတွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် နမ့်ခမ်းမြို့ အဝေးပြေးယာဉ်များပြေးဆွဲမှုရပ်ဆိုင်းကာ အခက်ကြုံ

နမ့်ခမ်း ဩဂုတ် ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်း ဂုတ်တွင်းတံတား ပြန်လည်ပြုပြင်ပြီးစီးသော်လည်း မူဆယ်နှင့်ကွတ်ခိုင်ကြားတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားမှုကြောင့် အဝေးပြေးယာဉ်များ သွားလာပြေးဆွဲမှု ရပ်ဆိုင်းသွားကာ အရေးပေါ်သွားလာရန် အကြောင်းကိစ္စပေါ်လာသော ပြည်သူများ သွားလာနိုင်မှုမရှိခြင်း၊ ဆန် အပါအဝင် စားသောက်ကုန် ဝယ်ယူတင်ပို့ သယ်ဆောင်နိုင်မှုမရှိခြင်း၊ ထုတ်ကုန်သွင်းကုန်များ ရပ်ဆိုင်းခြင်းများနှင့် ကြုံတွေ့ကြရသည်။

မန္တလေး၊ ရန်ကုန်နှင့် အခြားမြို့များသို့ မဖြစ်မနေသွားလာကြရသော ခရီးသည်များအနေဖြင့် တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် ကချင်ပြည်နယ် လွယ်ဂျယ်မြို့ကိုပတ်၍ ဗန်းမော်မြို့ကို သွားရောက်ကာ လိုရာခရီးကို အဆင့်ဆင့်ဖြတ်၍ သွားလာကြရသည်။ နမ့်ခမ်းမှ လားရှိုးသို့ အရေးပေါ်သွားလာရသူများမှာ နမ့်ခမ်း-မူဆယ် ယာဉ်လိုင်းမှတစ်ဆင့် မူဆယ်-လားရှိုး ယာဉ်ငယ်များက မူဆယ် ၁၀၅ မိုင်လမ်း နမ့်အွန်ရွာလမ်းခွဲမှ တောလမ်းကိုဖြတ်၍ မြေသားလမ်းကို ပတ်ကာ တာမိုးညဲ၊ ကွတ်ခိုင်အထိ ခက်ခဲစွာ သွားလာမောင်းနှင်ကြရသည်။

"ကျွန်တော်တို့ နမ့်ခမ်းက ကားနဲ့ မူဆယ်ကနေပတ်ပြီး လားရှိုးသွားတာ လမ်းမှာ တိုက်ပွဲဖြစ်တယ်ကြားလို့ ခရီးသည်တွေ မသွားရဲကြဘဲ ပြန်လှည့်လာရတယ်။ သိပ်အရေးကြီးတဲ့သူတွေကတော့ မူဆယ်ကားနဲ့ တာမိုးညဲတောလမ်းအတိုင်း သွားကြတယ်။ ဒီလို သွားလာလို့အဆင်မပြေတော့ ကားတွေလည်း မဆွဲရဘူး။ ဝင်ငွေလည်းမရှိတော့ အခက်အခဲဖြစ်တာပေါ့"ဟု နမ့်ခမ်း-လားရှိုး ပြေးဆွဲနေသော ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခင်က နမ့်ခမ်းမှ လားရှိုး၊ မူဆယ်မှ လားရှိုးကို သွားလာရာတွင် ပုံမှန်အားဖြင့် လူတစ်ဦးလျှင် ယာဉ်စီးခ ငွေကျပ်နှစ်သောင်းခန့်သာရှိသော်လည်း ယခုရက်ပိုင်းတွင် တောလမ်းအတိုင်း တာမိုးညဲ၊ ကွတ်ခိုင်ကို ဖြတ်၍ သွားလာရသောကြောင့် အချိန်ပိုမိုကြာမြင့်သည့်အပြင် ဆိုးရွားသောလမ်းကို မောင်းနှင်သွားလာရသဖြင့် ကြန့်ကြာမှုဖြစ်ကာ ယာဉ်စီးခမှာ လူတစ်ဦးလျှင် ငွေကျပ် ငါးသောင်းအထိ ကောက်ခံရသည်။ အဝေးပြေးယာဉ်များသွားလာမှုနည်းပါးသဖြင့် မူဆယ်-နမ့်ခမ်း ပြေးဆွဲနေသော ယာဉ်ငယ်ဂိတ်များမှာ ယခင်က တစ်ဂိတ်လျှင် ၁၅ စီးအထက် ပြေးဆွဲရသော်လည်း ယခုအခါ တစ်ဂိတ်လျှင် ငါးစီးခန့်သာ ပြေးဆွဲကြရကြောင်း သိရသည်။ **ညဏ်မင်း(နမ့်ခမ်း)**

ယာဉ်ကြောရှင်း၍ နောက်မှယာဉ်အား ကျော်တက်နိုင်ကြောင်း လက်ယာဘက်မီးဖြင့် အချက်ပြရမည်။

စက်ချွတ်ယွင်း၍ လမ်းဘေးရပ်ထားသော ၂၂ ဘီးယာဉ်ကို ဆိုင်ကယ်ဝင်တိုက် အမျိုးသားတစ်ဦးသေဆုံး

ဝမ်းတွင်း ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် တောင်ဇဂျမ်းကုန်းကျေးရွာ လမ်းခွဲအနီး ရန်ကုန်-မန္တလေးလမ်း၌ ဩဂုတ် ၂၆ ရက် ည ၈ နာရီခန့်တွင် စက်ချွတ်ယွင်း၍ လမ်းဘေးရပ်ထားသော ၂၂ ဘီးယာဉ်အား ဆိုင်ကယ်က နောက်မှဝင်တိုက်သဖြင့် အမျိုးသားတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့နယ် တောင်ဇဂျမ်းကုန်း ကျေးရွာလမ်းခွဲအနီး ရန်ကုန်-မန္တလေးလမ်းတွင် ယာဉ်မောင်း နေမျိုး မောင်းနှင်လာသောယာဉ်သည် စက်ချွတ်ယွင်းပြီး လမ်း၏ညာဘက်ခြမ်းတွင် ရပ်တန့်ထားစဉ် လားရာတူမှ ကျော်ကျော်ထွန်း မောင်းနှင်လာသော ဆိုင်ကယ်က နောက်မှ တိုက်မိခဲ့ရာ ကျော်ကျော်ထွန်းတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဌေးလှိုင်(ဝမ်းတွင်း)

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၃၀ တွင် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သောရေလှောင်တမံများတွင် မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ် ကန်ရေပြည့်မှတ်ထက်ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၃၀ ရှိသည်။ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသော ရေလှောင်တမံများမှာ လှိုင်းဘွဲမြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံတွင် ၁ ဒသမ ၆၀ ပေ၊ ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ၊ ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံတွင် ၁ ဒသမ ၉၀ ပေ၊ အုတ်တွင်းမြို့နယ်ရှိ ရေသိုးရေလှောင်တမံတွင် ၁ ဒသမ ၅၀ ပေနှင့် မင်းရဲရေလှောင်တမံတွင် ၀ ဒသမ ၃၀ ပေ၊ ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံတွင် ၀ ဒသမ ၆၀ ပေနှင့် ဖြူးချောင်းရေလှောင်တမံတွင် ၃ ဒသမ ၀၅ ပေ၊ ဒိုက်ဦးမြို့နယ်ရှိ ဘောနီရေလှောင်တမံတွင် ၀ ဒသမ ၈၀ ပေ၊ ပျဉ်ပုံကြီးရေလှောင်တမံတွင် ၁ ဒသမ ၃၀ ပေ၊ ပဲခူးမြို့ရှိ မဇင်းရေလှောင်တမံတွင် ၀ ဒသမ ၂၀ ပေ၊ ဇလက်ထော်ရေလှောင်တမံတွင် ၀ ဒသမ ၂၀ ပေ၊ ရွှေပြည်(၃)ရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ၊ နတ္တလင်းမြို့နယ်ရှိ တောင်ညိုရေလှောင်တမံတွင် ၁ ဒသမ ၈၀ ပေ၊ လက်ပံတန်းမြို့နယ်ရှိ သဲကောရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ ဂန့်ဂေါမြို့နယ်ရှိ မြစ်သာရေလှောင်တမံတွင် ၁ ဒသမ ၇၀ ပေ၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံတွင် ၁ ဒသမ ၄၀ ပေ၊ ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတွင် ၀ ဒသမ ၈၀ ပေ၊ ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံတွင် ၃ ဒသမ ၂၀ ပေ ၊ သထုံမြို့နယ်ရှိ ဝါးပါးရေလှောင်တမံတွင် ၀ ဒသမ ၂၅ ပေ၊ ပေါင်မြို့နယ်ရှိ ကတိုက်ရေလှောင်တမံတွင် ၁ ဒသမ ၈၀ ပေ၊ မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင်ရေလှောင်တမံတွင် ၁ ဒသမ ၅၅ ပေ၊ မုဒုံမြို့နယ်ရှိ အဇင်းရေလှောင်တမံတွင် ၀ ဒသမ ၈၀ ပေ၊ ကျောက်တော် မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ၊ ရှောက်ချောင်းရေလှောင်တမံတွင် ၀ ဒသမ ၃၀ ပေ၊ မင်းပြားမြို့နယ်ရှိ ဂရင်ဂျိုင်ရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ၊ မြေပုံမြို့နယ်ရှိ တမန်းဒူးရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ၊ ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ သန်လျင်မြို့နယ်ရှိ ဇာမဏီအင်းရေလှောင်တမံတွင် ၀ ဒသမ ၁၉ ပေ၊ အင်္ဂပူမြို့နယ်ရှိ နန်ကသူရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေနှင့် ကညင်ရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ ရေများကျော်ကျလျက်ရှိသည်။

သတင်းစဉ်

စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းဆိုင်ရာ ချေးငွေများရယူနိုင်ရန် တောင်သူများနှင့်လုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

နေပြည်တော် ဩဂုတ် ၂၇

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်း၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးချေးငွေများကို တောင်သူလယ်သမားများအပါအဝင် လုပ်ငန်းရှင်များသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် ၂၀၁၈ ခုနှစ်၊ ဧပြီလမှစ၍ ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေအားနှစ်တိုချေးငွေသုံးနှစ်၊ နှစ်ရှည်ချေးငွေ ငါးနှစ် သတ်မှတ်ပြီး နှစ်တိုချေးငွေအတွက် ကျပ်သိန်း(၅၀၀)အထိ၊ နှစ်ရှည်ချေးငွေအတွက် ကျပ်သိန်း(၅၀၀၀) အထိ ထုတ်ချေးပေးလျက်ရှိပါသည်။ အတိုးနှုန်းမှာတစ်နှစ်လျှင် ၉ ရာခိုင်နှုန်းဖြစ်ပြီး ငွေချေး ယူသူ၏ ငွေချေးယူမှုရာဇဝင်၊ ပိုင်ဆိုင်မှု၊ လုပ်ငန်းသဘာဝနှင့် လုပ်ငန်းပမာဏ၊ ဝင်ငွေပြန်လည် ရရှိမှု၊ အာမခံတင်သွင်းနိုင်မှုတို့အပေါ် စိစစ်၍ ချေးငွေသက်တမ်း၊ ဆိုင်းငံ့ကာလနှင့် ချေးငွေပမာဏကို သတ်မှတ်ထုတ်ချေးပေးလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ (၂၃)ရက် နေ့ထိ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ချေးငွေကို မြို့နယ်ပေါင်း (၁၁၀)ခုမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူ (၄၆၅၀) ဦးသို့ ငွေကျပ် (၁၀၄၅၂)သန်းကျော် ထုတ်ချေးထားပြီးဖြစ်ပါသည်။

ချေးငွေအတွက် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) မူရင်း၊ မွေးမြူရေးလုပ်ငန်း(သို့မဟုတ်) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော လုပ်ငန်းများဖြစ်ပါက လန(၃၉) ၊ ပုံစံ(၁၀၅) ၊ (၁၀၆) မူရင်းနှင့် ငွေချေးယူလိုသူနှင့် ပူးတွဲအာမခံသူ နှစ်ဦး၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အာမခံအဖြစ် တင်သွင်းရမည်ဖြစ်ပါသည်။ ချေးငွေအတွက် အာမခံပစ္စည်းလုံလောက်စွာမပေးနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းနှင့်ဆက်သွယ်၍ ချေးငွေအာမခံစနစ် (Credit Gurantee Insurance) ဖြင့် လျှောက်ထားနိုင်ပါသည်။ ကျပ်သိန်း(၂၀၀)ထက်ပိုသောချေးငွေဖြစ်ပါက မီးအာမခံ၊ ဘဏ်ရှေ့နေနှင့် ဘဏ်ရာဖြတ် အစီရင်ခံစာကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

ချေးငွေရယူလိုသူများသည် ၎င်း၏အမြဲတမ်းနေထိုင်ရာ မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ သို့မဟုတ် နီးစပ်ရာဘဏ်ခွဲတွင် စုံစမ်း၍ ချေးငွေများအား လျှောက်ထားနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၊ အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၉၁၂၃၅ ၊ Fax - ၀၁ ၃၈၁၇၀၃

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အာဆီယံနိုင်ငံများနှင့် အမေရိကန်တို့ ပင်လယ်ရေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် မြန်မာပါဝင်မည်

ဝါရှင်တန် ဩဂုတ် ၂၇

အာဆီယံနိုင်ငံများနှင့် အမေရိကန်အကြား ပထမဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည့် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်းများတွင် မြန်မာရေတပ်ပါဝင်မည်ဖြစ်သည်။

အာဆီယံနိုင်ငံများနှင့်အမေရိကန်အကြား ပထမဆုံးအကြိမ်အဖြစ် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်မှုများ ပြုလုပ်ရန် မြန်မာ့ရေတပ်မှ ဒုတိယဗိုလ်မှူးကြီး ခွန်အောင်ကျော် ဦးဆောင်သည့် တပ်ဖွဲ့သည် ကျန်စစ်သားစစ်ရေယာဉ်နှင့် ရန်ကုန်မြို့မှ ယမန်နေ့က ထွက်ခွာသွားကြောင်း သိရသည်။

အာဆီယံနှင့် အမေရိကန်ကြား ပူးပေါင်းလေ့ကျင့်မှုပြုလုပ်ရာတွင်ပါဝင်မည့် မြန်မာ့တပ်မတော်(ရေ)စစ်သင်္ဘောကို တွေ့ရစဉ်။

အာဆီယံအမေရိကန်ရေကြောင်းဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ခြင်းဖြင့် အန္တရာယ်များကို အတူတကွ ထိထိရောက်ရောက် တုံ့ပြန်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် ယခု လေ့ကျင့်မှုတွင် ပါဝင်လာမည်ဟု ယုံကြည်ကြောင်း၊ ပင်လယ်ပြင်တွင် ဒုက္ခအကျပ်အတည်းနှင့် တွေ့ကြုံရင်ဆိုင်ရသည့်အခါ အဆက်အသွယ်ပြုလုပ်ပြီး တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် လေ့ကျင့်မှုပြုလုပ်ခြင်းပင်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနလက်အောက်ရှိ ဟာဝိုင်ယီအခြေစိုက် လုံခြုံရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ လေ့လာမှုဆိုင်ရာ အာရှ-ပစိဖိတ်စင်တာတွင် ၂၈ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီး ပါမောက္ခဒေါက်တာ မီမီဝင်းဘတ်က ပြောကြားသည်။

ထို့အပြင် နိုင်ငံတကာပင်လယ်ရေပြင် ပိုင်ဆိုင်မှုဥပဒေနှင့် ပတ်သက်ပြီး မည်သို့မည်ပုံ အသုံးချရမည်၊ မည်သို့မည်ပုံ လိုက်နာကျင့်သုံးရမည်၊ မှောင်ခိုကုန်ကူး သင်္ဘောတစ်စင်းတွေ့လျှင် မည်သို့ပူးပေါင်းဖမ်းဆီးရမည်၊ ငါးခိုးဖမ်းနေသည့် သင်္ဘောများကိုမည်သို့ အတူတကွ ပူးပေါင်းဆက်သွယ်ဖမ်းဆီးမည်ဆိုသည့် လေ့ကျင့်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ယခုအာဆီယံနှင့် ပထမဆုံးပင်လယ်ရေကြောင်းလေ့ကျင့်မှုကို ထိုင်းပင်လယ်ကွေ့တွင် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ ချွန်ဘူရီခရိုင် ရေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်မည့် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်မှုတွင် အနည်းဆုံးစစ်သင်္ဘောရှစ်စင်းနှင့် စစ်လေယာဉ်များ အားဖြည့်ပါဝင်မည်ဟု သိရသည်။

ယခုလေ့ကျင့်မှုသည် ဗီယက်နမ်နိုင်ငံတောင်ဘက်အစွန်ဆုံးက ကာမူပြည်နယ်အထိ ရောက်ရှိမည်ဟုလည်း သတင်းများတွင်ဖော်ပြထားသည်။ ယခုလေ့ကျင့်မှုကို အမေရိကန်ရေတပ်တပ်မဟာ-၇ က ဦးဆောင်သွားမည်ဟု သိရပြီး သဘာဝဘေးအန္တရာယ် တုံ့ပြန်ကယ်ဆယ်ရေးကဲ့သို့ မပြင်းထန်သည့် လေ့ကျင့်မှုမျိုးကို ပြုလုပ်ဖွယ်ရှိကြောင်း စင်ကာပူနိုင်ငံ နန်းယန်းနည်းပညာတက္ကသိုလ် မှ ရေကြောင်းလုံခြုံရေးဆိုင်ရာ သုတေသနပညာရှင် ကောလင်းခို့က ပြောသည်။

အေအက်ဖ်ပီ

၂၀၂၀ ဂျီ-၇ အစည်းအဝေးသို့ ပူတင်ကို ဖိတ်ကြားမည်ဟု ထရမ့် ပြော

ဝါရှင်တန် ဩဂုတ် ၂၇

၂၀၂၀ ပြည့်နှစ်တွင် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်ကို ဖိတ်ကြားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က ပြောကြားလိုက်သည်။

မိမိအနေဖြင့် ပူတင်ကို ကျိန်းသေ ဖိတ်ကြားမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံတောင်ပိုင်း ဘီရာရစ်ဇ်မြို့၌ ကျင်းပသည့် ဂျီ-၇ ထိပ်သီးအစည်းအဝေး သတင်းစာရှင်းလင်းပွဲ ပိတ်ပွဲတွင် ထရမ့်က ပြောကြားလိုက်သည်။

သို့သော်လည်း ပူတင်အနေဖြင့် မိမိ၏ ဖိတ်ကြားမှုကို လက်ခံမည်လော၊ လက်မခံမည်လောဆိုသည်မှာ မသေချာသေးကြောင်း ထရမ့်က ဆက်လက် ပြောကြားသည်။

၁၉၉၈-၂၀၀၄ ခုနှစ်အထိ အမေရိကန်၊ ကနေဒါ၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့ပါဝင်သော ဂျီ-၈ အစည်းအဝေးကို ကျင်းပခဲ့ရာမှ ယူကရိန်းနှင့် ခရိုင်းမီးယားအရေးကြောင့် ရုရှားနိုင်ငံက သဘောထားကွဲလွဲပြီး ဖိတ်ကြားခြင်းမပြုတော့ဘဲ ဂျီ-၇ ထိပ်သီးအစည်းအဝေးအဖြစ်သာ ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

အမေရိကန်သည် ၂၀၂၀ ပြည့်နှစ်တွင် ဂျီ-၇ ထိပ်သီးအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။

နောက်လာမည့် ထိပ်သီးအစည်းအဝေးကို ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ကျင်းပသွားနိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားသည်။

ဆင်ဟွာ

ထိုင်းဘုရင့်ကြင်ရာတော်၏ ဓာတ်ပုံများကို ဘုရင့်နန်းတော်မှ ပြသ

ဗန်ကောက် ဩဂုတ် ၂၇

မကြာသေးခင်မှ အသစ်တင်မြှောက်ထားသည့် ထိုင်းဘုရင့်ကြင်ရာတော်အသစ်၏ ရှားပါးဓာတ်ပုံများကို နန်းတော်မှပြသခဲ့ရာ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုသူ အဆမတန်များပြားခဲ့ကြောင်း သိရသည်။ အသက် ၃၄ နှစ်အရွယ် ဆနီနက်၏ ဂျက်လေယာဉ်မောင်းနှင်နေသည့်ပုံများ၊ တိုက်ပွဲဝင် ဝတ်စုံဝတ်ဆင်ထားသည့်ပုံနှင့် သေနတ်ပစ်ခတ်နေသည့်ပုံတို့ ပါဝင်သည်။

အသက် ၆၇ နှစ်အရွယ် ထိုင်းဘုရင် မဟာဗာဂျီယာလောင်ကွန်းသည် ဇူလိုင်လအတွင်းက ၎င်းကို ကြင်ရာတော်အဖြစ်တင်မြှောက်ခဲ့ခြင်း ဖြစ်သည်။ မိဖုရားဆုသီဒါကို လက်ထပ်ပြီး နှစ်လအကြာတွင် နောက်ထပ်ကြင်ရာတော် တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ ဆနီနက်သည် ဗိုလ်ချုပ်တစ်ဦးဖြစ်ပြီး ရာစုနှစ်တစ်ခုအတွင်း ဗိုလ်ချုပ် တစ်ဦးကို တော်ဝင်ကြင်ရာတော်အဖြစ် တင်မြှောက်ခဲ့ခြင်းလည်း ဖြစ်သည်။ ဆနီနက်သည် လေယာဉ်မှူး၊ သူနာပြုနှင့် သက်တော်စောင့်အဖြစ် လေ့ကျင့်ခဲ့သူဖြစ်ပြီး ၎င်း၏ တော်ဝင်အတ္ထုပ္ပတ္တိကို ပြုစုရန် ထိုင်းဘုရင်က ညွှန်ကြားခဲ့သည်ဟု နန်းတော်မှ ပြောသည်။

အသက် ၄၁ နှစ်အရွယ် မိဖုရားဆုသီဒါသည်လည်း လေယာဉ်မယ်ဟောင်းတစ်ဦးဖြစ်ပြီး ဘုရင့်သက်တော်စောင့်အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့အပြင် ဘုရင်ဗာဂျီယာလောင်ကွန်းနှင့် ကာလရှည်ကြာလက်တွဲခဲ့သူဖြစ်ပြီး လူမြင်ကွင်းများတွင် နှစ်အတန်ကြာ အတူသွားလာခဲ့ကြသည်။ ထိုင်းဘုရင် မဟာဗာဂျီယာလောင်ကွန်းသည် ၂၀၁၆ ခုနှစ်က ၎င်း၏ဖခင်သေဆုံးပြီးနောက်တွင် ထီးနန်းဆက်ခံခဲ့သည်။

ဘီဘီစီ

ထိုင်းဘုရင့်ကြင်ရာတော် ဆနီနက်။

ရုရှားစက်ရုပ်လူသားတင်ဆောင်လာသည့် အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းပေါ် ဆင်းသက်နိုင်ပြီ

မော်စကို ဩဂုတ် ၂၇

ရုရှားနိုင်ငံ၏ လူသားပုံတူစက်ရုပ်ကို တင်ဆောင်လာသည့် အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်လိုက်ပြီးနောက် ယင်းအာကာသယာဉ်သည် ယခုအခါတွင် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ ဩဂုတ် ၂၇ ရက်က အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း မော်စကိုအာကာသအေဂျင်စီ သတင်းရင်းမြစ်များအရ သိရသည်။

ဖီဒေါဟုခေါ်သည့် လူသားပုံတူစက်ရုပ်သည် လူသား၏ လှုပ်ရှားဆောင်ရွက်မှုများကို တုပပြုလုပ်ထားပြီး ၎င်းသည် အာကာသယာဉ်မှူးများအား ကူညီပြီး လုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆက်အသွယ်လည်းရရှိပြီး တကယ်ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ နာဆာအစီအစဉ်ကြေညာသူက ကြေညာချက်ထုတ်ပြန်လိုက်သည်နှင့် မရှေးမနှောင်းမှာပင် ရုရှားအာကာသအေဂျင်စီဖြစ်သည့် ရော့စ်ကော့စမို့စ်ဝက်ဘ်ဆိုက်တွင်လည်း ဆိုယုဇ်အမ်အက်စ် -၁၄ သည် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြလိုက်သည်။

ယခုအဖြစ်အပျက်ကို ထုတ်လွှင့်နေသော နာဆာရုပ်မြင်သံကြားတွင်လည်း အစီအစဉ်ကြေညာသူက အာကာသယာဉ်သည် နောက်ဆုံးမှာတော့ နိုင်ငံတကာအာကာသအေဂျင်စီသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဒုတိယအကြိမ် ကံကောင်းထောက်မစွာဖြင့် အာကာသစခန်းတွင် စုစုပေါင်း ခုနစ်ဦးအထိရှိလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နိုင်ငံတကာအာကာသစခန်းတွင် ယခင်ကစုစုပေါင်း လူသားခြောက်ဦးရှိပြီး နောက်ရောက်လာသည့်စက်ရုပ်လူသားနှင့် ပေါင်းလျှင် စုစုပေါင်း ခုနစ်ဦးရှိလာသည့် ဖြစ်ရပ်ကို ရည်ညွှန်းလျက် ၎င်းက ပြောကြားလိုက်ခြင်းဖြစ်သည်။

အာကာသယာဉ်ကို ဩဂုတ် ၂၂ ရက်က ကာဇက်စတန်တောင်ပိုင်းရုရှားအာကာသစခန်းမှ လွှတ်တင်လိုက်ပြီး ယင်းနှင့်အတူ လိုက်ပါသွားသော လူသားပုံတူစက်ရုပ်ဖီဒေါသည် နိုင်ငံတကာအာကာသစခန်းတွင် စက်တင်ဘာ ၇ ရက်အထိ နေထိုင်ပြီး အာကာသယာဉ်မှူးများကို ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ



လူသားစက်ရုပ်ဖီဒေါ်ကို တွေ့ရစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

အာဖရိက ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ဂျပန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

တိုကျို ဩဂုတ် ၂၇

ယခုသီတင်းပတ်အတွင်း ကျင်းပမည့် အာဖရိကခေါင်းဆောင်များနှင့်ပြုလုပ်မည့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အာဖရိကတစ်လွှားတွင် ဂျပန်နိုင်ငံ၏ ပါဝင်မှုများကိုမြှင့်တင်ရန် ရည်ရွယ်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တိုကျိုအပြည်ပြည်ဆိုင်ရာ အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကိုအာဖရိကတိုက်တွင် ဂျပန်နိုင်ငံက အကျိုးရှိစွာ ကူညီပေးနိုင်ရေးအတွက် လိုလားသည်ဟု ဂျပန်ဝန်ကြီး ချုပ်ရှင်ဇိုအာဘေးက ပြောသည်။ ၁၉၉၃ ခုနှစ်မှစ၍ အဆိုပါ အစည်းအဝေးကို ငါးနှစ်တစ်ကြိမ် ဂျပန်နိုင်ငံက အာဖရိကတစ်နိုင်ငံတွင် ကျင်းပခဲ့ပြီး အာဖရိကတစ်လွှားတွင် တရုတ်နိုင်ငံ၏ ကြီးမား ကျယ်ပြန့်သည့် ရင်းနှီးမြှုပ်နှံမှုများကို တုံ့ပြန်နိုင်ရေးလုပ်ဆောင်မှုလည်း ဖြစ်သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က အာဖရိက ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအတွက် အမေရိကန်ဒေါ်လာ ၆၀ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကြေညာခဲ့သည်။ ယင်းပမာဏသည် ၂၀၁၆ ခုနှစ် တိုကျိုအပြည်ပြည်ဆိုင်ရာ အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ပြုလုပ်ခဲ့စဉ်က ဂျပန်နိုင်ငံမှ ကတိပြုခဲ့သည့် ပမာဏထက် နှစ်ဆ များပြားသည်။ ဂျပန်နိုင်ငံသည် အာဖရိကဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး သိပ္ပံနှင့် နည်းပညာတီထွင်ဆန်းသစ်မှုတို့တွင် တိုးတက်လာရန် လိုလားသည်ဟု မစ္စတာအာဘေးက ပြောခဲ့သည်။

အေအက်ဖ်ပီ

ရေနံကုန်သွယ်ခွင့်ပြန်ပေးလျှင် နျူကလီးယားစာချုပ်ကို လိုက်နာဖွယ်ရှိ

တီဟီရန် ဩဂုတ် ၂၇

အီရန်နိုင်ငံခြားရေးဝန်ကြီးက အကယ်၍ ရေနံကုန်သွယ်ခွင့်သာ ပြန်ပေးခဲ့ပါက အပြည်ပြည်ဆိုင်ရာ နျူကလီးယားစာချုပ်ကို လိုက်နာဖွယ်ရှိသည်ဟု အရိပ်အမြွက် ပြောကြားခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်က ဂျာမနီသတင်းစာနှင့် အင်တာဗျူး ပြုလုပ်စဉ် ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်မှ အီရန်အပေါ်ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် အီရန်သည်လည်း ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်ကို လေးစားလိုက်နာမှုများရပ်တန့်ခဲ့သည်။ ရေနံတင်ပို့ခွင့်သာ ပြန်ရပါက နာရီပိုင်းတွင်းပင် အီရန်သည်လည်း နျူကလီးယားစာချုပ်ကို ပြန်လည်လိုက်နာမည်ဟု အင်တာဗျူးတွင် အရိပ်အမြွက်ပြောကြားခဲ့သည်။

အီရန်နိုင်ငံခြားရေး ဝန်ကြီးသည် အီရန်နိုင်ငံ၏အခြေအနေကို နားလည်လာအောင် ကြိုးပမ်းလျက်ရှိသည်။ ၎င်းသည် ဩဂုတ်လ ၂၆ ရက် ဂျပန်နိုင်ငံသို့မသွားမီ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၎င်းသည် ဂျပန်နိုင်ငံတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် တွေ့ဆုံသွားမည် ဖြစ်သည်။

အင်န်အိတ်ချ်ကေ

အမေရိကန်သမ္မတ ထရမ့်နဲ့ အီရန်သမ္မတတို့ တွေ့ဆုံမှု ဖြစ်လာနိုင်မလား

ခြူးစန္ဒီနွေး

အမေရိကန်နဲ့ အီရန်တို့ရဲ့ဆက်ဆံရေးမပြေလည်တဲ့အကြောင်းကတော့ ကမ္ဘာ့သတင်းစာမျက်နှာတွေမှာ အထင်းသား တွေ့နေရပါတယ်။ သမ္မတဟောင်းအိုဘားမားလက်ထက်တုန်းက အီရန်နဲ့အမေရိကန် ဆက်ဆံရေး မဆိုးရွားခဲ့ပေမယ့် သမ္မတ ထရမ့်လက်ထက်ရောက်တဲ့အခါမှာတော့ အရာအားလုံးဟာ ပြောင်းလဲကုန်ပါတယ်။

တန်ပြန်ခြိမ်းခြောက်

အမေရိကန်ဘက်က ပိတ်ဆို့မှုဆိုတာတွေနဲ့ အီရန်ကို အကျပ်ကိုင်ခဲ့သလို၊ အီရန်ဘက်ကလည်း အရင်သတ်မှတ်ထားတဲ့ နှုန်းထက်ကျော်ပြီး ယူရေနီယံသန့်စင်မှုတွေ ပြုလုပ်သွားမယ်ဟု တန်ပြန်ခြိမ်းခြောက်ခဲ့ပါတယ်။ အီရန်ရဲ့ ခြိမ်းခြောက်မှုဟာ အမေရိကန်တစ်နိုင်ငံတည်းကိုပဲ သက်ရောက်တာ မဟုတ်ပါဘူး။ ဥရောပနိုင်ငံတွေဟာလည်း ၂၀၁၅ နျူကလီးယားစာချုပ်ပျက်ပြယ်သွားမှာကို စိုးရိမ်လာကြရပါတယ်။ နောက်ပြီး ဟော်မုဇ်ရေလက်ကြားအခြေအနေဟာလည်း ပိုမိုတင်းမာလာခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ဂျီ-၇ ထိပ်သီးအစည်းအဝေးမှာ ပြင်သစ်သမ္မတဟာ ကြိုတင်အသိပေးထားတာမရှိဘဲ အီရန်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့တာကိုကြည့်ရင် အီရန်ရဲ့ ခြိမ်းခြောက်မှုဟာ ဥရောပနိုင်ငံတွေအပေါ်ထိပါ သက်ရောက်တာကို အထင်းသားတွေ့နိုင်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ဆွေးနွေးဖို့ တံခါးဖွင့်ထား

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ မှန်ကန်တဲ့အခြေအနေတစ်ခုအောက်မှာ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနဲ့ တွေ့ဆုံဖို့ တံခါးဖွင့်ထားတယ်လို့ ပြောခဲ့ပါတယ်။ ဩဂုတ်လ ၂၅ ရက်က ပြုလုပ်ခဲ့တဲ့ ဂျီ- ၇ထိပ်သီးအစည်းအဝေးမှာ ကြိုတင်ကြေညာထားခြင်းမရှိဘဲ အီရန်နိုင်ငံခြားရေးဝန်ကြီး ရုတ်တရက်ရောက်လာခဲ့ပြီးတဲ့နောက်မှာ ထရမ့်က အခုလို ပြောဆိုခဲ့တာပါ။ ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ကနေ လွန်ခဲ့တဲ့ နှစ်က အမေရိကန်နုတ်ထွက်သွားပြီးတဲ့နောက် အမေရိကန်နဲ့ အီရန်တို့ရဲ့ ဆက်ဆံရေးဟာ တောက်လျှောက်ဆိုသလို ဆိုးရွားလာခဲ့တာပါ။ ဩဂုတ် ၂၆ ရက်မှာတော့ အမေရိကန်သမ္မတ ထရမ့်ဟာ အီရန်နဲ့ နျူကလီးယားစာချုပ်အသစ်လုပ်ဖို့ စိတ်ကူးကောင်းတွေရှိတယ်လို့ ပြောခဲ့ပါတယ်။

အရင်ကနဲ့မတူ

လွန်ခဲ့တဲ့နှစ်နှစ်ခွဲခန့်က ထရမ့်အမေရိကန်သမ္မတ အဖြစ်စတင်တာဝန်ထမ်းဆောင်ချိန်က အီရန်နိုင်ငံနဲ့ အခုလက်ရှိ အီရန်ရဲ့အခြေအနေတို့ဟာ မတူညီဘူးလို့ ဂျီ- ၇ထိပ်သီးအစည်းအဝေးတွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နဲ့အတူ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

အီရန်ဟာ အင်အားကြီးနိုင်ငံ ဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် နျူကလီးယားလက်နက်တော့ရှိလို့ မရဘူးလို့ ထရမ့်က ပြောပါတယ်။ နောက်ပြီး အီရန်သမ္မတကလည်း အီရန်နိုင်ငံရဲ့ကောင်းကျိုးအတွက်ဆိုရင် မည်သူနဲ့မဆို တွေ့နိုင်ဖို့ အဆင်သင့်ပဲလို့ ပြောခဲ့ပါတယ်။

မျှော်လင့်ချက်ထားလာ

အီရန်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ အီရန်နိုင်ငံရဲ့ ပြည်သူတွေအကျိုးစီးပွားအတွက် ကူညီပေးနိုင်မယ့်သူဆိုရင် ဆွေးနွေးပွဲတွေ့ဆုံပွဲအဆင့်သင့်ပါပဲ။ နောက်တွန့်နေမှာ မဟုတ်ပါဘူးလို့ အီရန်သမ္မတက ပြောခဲ့ပါတယ်။ ဒီတော့ အီရန်သမ္မတနဲ့ အမေရိကန်သမ္မတတို့ရဲ့ တွေ့ဆုံပွဲဟာ ဖြစ်လာနိုင်မလားဆိုပြီး မျှော်လင့်ချက် သဲ့သဲ့လေးပေါ်ထွက်လာပါတယ်။ အီရန်နဲ့ အမေရိကန်တို့ရဲ့ဆက်ဆံရေးပြေလည်လာဖို့ကို တခြားသောနိုင်ငံတွေက မျှော်လင့်ကြတာလည်း အမှန်ပါပဲ။

ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့်တရုတ်တို့ဟာ အီရန်နျူကလီးယားစာချုပ် ပျက်ပြယ်သွားမှာကို မလိုလားကြပါဘူး။ ဒီစာချုပ်ကို အဖတ်ဆယ်နိုင်မယ့်နည်းလမ်းကို ရှာဖွေနေကြပါတယ်။ ဩဂုတ် ၂၅ ရက်မှာတော့ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်က ပြင်သစ်သမ္မတ မက်ခရွန်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ပြင်သစ်သမ္မတရဲ့ယုံကြည်ချက်

နျူကလီးယားစာချုပ်ကို ပျက်ပြယ်မသွားစေလိုတဲ့အထဲမှာ ပြင်သစ်သမ္မတက ထိပ်ဆုံးက ပါဝင်ပါတယ်။ ဒါကြောင့်လည်း သူဟာ အီရန်နိုင်ငံခြားရေးဝန်ကြီးကို ဂျီ -၇ ထိပ်သီးအစည်းအဝေးကို ဖိတ်ခေါ်ခဲ့တာပါ။ နောက်ပြီး သူဖိတ်ခေါ်တဲ့အကြောင်းကို အမေရိကန်သမ္မတကို အသိပေးခဲ့ပါတယ်။ အစည်းအဝေးမှာ ဆွေးနွေးခဲ့ကြတဲ့ ရလဒ်တွေကို အခြေခံပြီး လာမယ့်သီတင်းပတ်အနည်းငယ်မှာ အီရန်သမ္မတနဲ့ အမေရိကန်သမ္မတတို့ တွေ့ဆုံပွဲဖြစ်လာနိုင်တယ်လို့ ပြင်သစ်သမ္မတက ယုံကြည်ထားပါတယ်။

အခုအချိန်ထိတော့ ဘယ်အရာမှ မသေချာသေးပါဘူး။ ကျိုးလွယ်ပျက်လွယ်တဲ့အနေအထားမှာ ရှိနေတုန်းပါပဲလို့ မက်ခရွန်က ပြောပါတယ်။ တကယ်လို့များအီရန်သမ္မတကသာ အမေရိကန်သမ္မတနဲ့ တွေ့ဆုံဆွေးနွေးဖို့လက်ခံခဲ့မယ်ဆိုရင် သူတို့နှစ်ဦးကြားမှာ သဘောတူညီမှုတွေရရှိလာနိုင်တယ်လို့ ပြင်သစ်သမ္မတက လက်ခံထားပါတယ်။

အီရန်နျူကလီးယား စာချုပ်ဆိုတာ

၂၀၁၅ ခုနှစ် အီရန်နျူကလီယားသဘောတူစာချုပ်မှာ ၁၀ နှစ်ကနေ ၁၅ နှစ်အတွင်း နျူကလီးယားလှုပ်ရှားမှုတွေကိုကန့်သတ်ထားပါတယ်။ အဲဒီအစားအပြန်အလှန်အနေနဲ့ ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးရပါတယ်။ အီရန်ရဲ့ ယူရေနီယံသန့်စင်မှုပမာဏကို စာချုပ်အရ ကန့်သတ်ထားပြီး သန့်စင်မှုတွေလုပ်ဆောင်မယ်ဆိုရင်လည်း အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ ခွင့်ပြုမှုကိုရရှိဖို့ လိုအပ်ပါတယ်။ နောက်ပြီးတော့ စာချုပ်အရ အဏုမြူခာတ်ပေါင်းဖို တည်ဆောက်မှုကိုလည်း စည်းကမ်းနဲ့ ကန့်သတ်ထားပါတယ်။ နောက်ပြီးတော့ ပလူတိုနီယံကို ထုတ်လုပ်လို့လည်း မရပါဘူး။ ၂၀၁၈ ခုနှစ် မေလမှာ အမေရိကန်ဟာ အဲဒီစာချုပ်ကနေ နုတ်ထွက်ခဲ့တယ်။ နျူကလီးယားစာချုပ်အသစ်အတွက် နောက်ထပ်အချက် ၁၂ ချက် လိုအပ်တယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

တောင်းဆိုမှုတွေ လက်မခံနိုင်

နောက်ထပ်တောင်းဆိုတဲ့ အချက်တွေကတော့ အီရန်ဟာ နောက်ထပ် ပဲ့ထိန်းဒုံးကျည် အစီအစဉ်တွေကို ထိန်းချုပ်ဖို့ရယ်၊ ဒေသတွင်းကိစ္စတွေမှာ ပါဝင်စွက်ဖက်မှု လျှော့ချဖို့ရယ်ဆိုပြီး တောင်းဆိုခဲ့ပါတယ်။ အီရန်ကတော့ အမေရိကန်ဘက်က လိုအပ်တယ်ဆိုပြီး တောင်းဆိုချက်တွေဟာ လက်ခံနိုင်စရာမရှိဟု ပြောဆိုခဲ့ပါတယ်။

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ

ဩဂုတ် ၂၆ ရက်က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ သမ္မတ ထရမ့်ဟာ နောက်ထပ်စာချုပ်အတွက် ပြောဆိုမှုတွေ ရှိလာပါတယ်။ ဒါပေမယ့်လည်း နျူကလီးယားအစီအစဉ်၊ ပဲ့ထိန်းဒုံးကျည်တို့ကိုတော့ မလိုလားဘူးလို့ ပြောခဲ့ပါတယ်။ ထရမ့်ရဲ့ပြောဆိုမှုကို အီရန်ဘက်က ဘယ်လိုသဘောထားမယ်ဆိုတာကိုတော့ မသိရသေးပါဘူး။ ထရမ့်ရဲ့ တောင်းဆိုမှုကို လက်ခံနိုင်ပါ့မလားဆိုတာလည်း မသိရသေးပါဘူး။ ဒုံးကျည်အစီအစဉ်နဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေကို အီရန်ဘက်က လက်မခံဘဲ ညှိနှိုင်းစရာမလိုဘူးလို့ ပြောဆိုခဲ့ဖူးပါတယ်။

နျူကလီယားစာချုပ် မပျက်ပြယ်စေလို

အဲဒီအချိန်မှာပဲ ပြင်သစ်သမ္မတဟာ အီရန်မှာ နျူကလီးယားလက်နက်မရဖို့ လိုအပ်တယ်လို့ ပြောခဲ့ပြန်ပါတယ်။ ဒါပေမယ့်လည်း အီရန်ဟာ စီးပွားရေးဆိုင်ရာနစ်နာကြေးတွေ လိုအပ်လာတာကို ပြင်သစ်သမ္မတက လက်ခံခဲ့ပါတယ်။ အီရန်ဟာလည်း နျူကလီးယားစာချုပ်အတိုင်း ဆက်လက်လိုက်နာဖို့ဆိုရင် ဥရောပနိုင်ငံတွေဆီ က စီးပွားရေးဆိုင်ရာအကူအညီတွေ လိုတယ်လို့ ပြောခဲ့ဖူးပါတယ်။ ပင်လယ်ရေကြောင်းသွားလာရေးမှာ လုံခြုံစိတ်ချရရေးအတွက်ရော၊ နျူကလီးယားစာချုပ်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ပါ ဥရောပနိုင်ငံတွေနဲ့ နျူကလီးယားစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့နိုင်ငံတွေက လိုလားကြပါတယ်။

မျှော်လင့်ချက်သန်းလာ

ဒါကြောင့်လည်း အမေရိကန်သမ္မတနဲ့ အီရန်သမ္မတတို့ တွေ့ဆုံပွဲဖြစ်လာနိုင်ဖို့အရေး ပြင်သစ်သမ္မတက အထူးလိုလားပါတယ်။ လတ်တလောဆွေးနွေးမှုတွေအရလည်း အမေရိကန်သမ္မတ ထရမ့်ဘက်ကရော အီရန်သမ္မတဘက်ကပါ အပြုသဘောဆောင်တဲ့ပြောဆိုမှုတွေ တွေ့လာရတဲ့အတွက် အမေရိကန်နဲ့ အီရန်တို့ရဲ့ဆွေးနွေးပွဲဖြစ်လာနိုင်မလားဆိုပြီးမျှော်လင့်ချက်တွေ သန်းလာခဲ့ပါတယ် ။ ။

ကိုးကား -ဘီဘီစီ

> **“ နျူကလီးယားစာချုပ်ကို ပျက်ပြယ်မသွားစေလိုတဲ့အထဲမှာ ပြင်သစ်သမ္မတက ထိပ်ဆုံးက ပါဝင်ပါတယ်။ ဒါကြောင့်လည်း သူဟာ အီရန်နိုင်ငံခြားရေးဝန်ကြီးကို ဂျီ - ၇ ထိပ်သီး အစည်းအဝေးကို ဖိတ်ခေါ်ခဲ့တာပါ။ နောက်ပြီး သူဖိတ်ခေါ်တဲ့အကြောင်းကို အမေရိကန် သမ္မတကို အသိပေးခဲ့ပါတယ်။ အစည်းအဝေးမှာ ဆွေးနွေးခဲ့ကြတဲ့ ရလဒ်တွေကို အခြေခံပြီး လာမယ့်သီတင်းပတ်အနည်းငယ်မှာ အီရန်သမ္မတနဲ့ အမေရိကန်သမ္မတတို့ တွေ့ဆုံပွဲ ဖြစ်လာနိုင်တယ်လို့ ပြင်သစ်သမ္မတက ယုံကြည်ထားပါတယ် ”**

စစ်ကိုင်းမြို့တွင် (ပထမ)အကြိမ် ကျောက်မျက်ရတနာအရောင်းပြပွဲနှင့် ကျောက်စိမ်းတွဲများ ရောင်းချပွဲ ဖွင့်ပွဲကျင်းပ

စစ်ကိုင်း ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)မှ ကြီးမှူး၍ (ပထမ)အကြိမ် ကျောက်မျက်ရတနာအရောင်းပြပွဲနှင့် ကျောက်စိမ်းတွဲများ ရောင်းချပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်ချင်းဆက်လမ်းရှိ ထက်ကျော်ကိုယ်ပိုင် အထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။

ကျောက်စိမ်းတွဲများကို ကြည့်ရှု

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ကျောက်မျက်လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း) ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အခမ်းအနား၌ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက မြန်မာနိုင်ငံအနေဖြင့် ကျောက်မျက်ရတနာများ ထွက်ရှိရာဒေသဖြစ်ပြီး ကျောက်မျက်ဈေးကွက်များ ပိုမိုကောင်းမွန်အောင်၊ တည်ငြိမ်အောင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံတော်အတွက် အားထားရမည့် လုပ်ငန်းတစ်ခုဖြစ်လာမည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာနိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)ဥက္ကဋ္ဌ ဦးအောင်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဌေးတို့က ကျောက်စိမ်းတွဲများ ရောင်းချသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အလှူငွေများကို ပေးအပ်ရာ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က လက်ခံယူခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို ကြည့်ရှုအားပေးစဉ်။

လေလံစနစ်ဖြင့် ရောင်းချ

အဆိုပါရောင်းချပွဲကို ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၁ ရက်အထိ လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ကျောက်မျက်ကုမ္ပဏီ ၁၀၀ ကျော်တို့က ကျောက်စိမ်းအတွဲ ၂၀၀၀ ကျော် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညောင်ရွှေမြို့ ရွှေတောင်ဦးစုမ့်မိန်းဓမ္မစေတီတော် မူလဌာပနာတော် ထည့်သွင်းပူဇော်ခြင်းမင်္ဂလာကျင်းပ

ညောင်ရွှေ ဩဂုတ် ၂၇

ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ အသစ်ပြန်လည် တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေတောင်ဦးစုမ့်မိန်းဓမ္မစေတီတော် မူလဌာပနာတော် ထည့်သွင်းပူဇော်ခြင်းမင်္ဂလာကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်၌ ကျင်းပသည်။

အခမ်းအနားတက်ရောက်လာကြသော ပရိတ်သတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်များထံသို့ ရတနာကြုတ်၊ သတ္တဌာနမူလဌာပနာတော်ပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် မိုင်းသောက်ပထမစာသင်တိုက်ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ မူလဌာပနာပစ္စည်းများကို သတ်မှတ်နေရာများအတိုင်း ထည့်သွင်းပူဇော်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ

လွိုင်ကော် ဩဂုတ် ၂၇

ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ယမန်နေ့က ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ ဖော်ဆောင်လျက်ရှိကြောင်း၊ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးရန် အားနည်းချက်၊ အားသာချက်များကို ကြားသိလို၍ ဖြစ်ကြောင်း ပြောကြားသည်။

လွိုင်ကော်ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး လွိုင်ကော်မြို့နယ်ရုံးအတွက် ဝန်ထမ်းအိမ်ရာရရှိရေး၊ လွိုင်ကော်မြို့နယ်ရုံးအတွက် ဖွဲ့စည်းပုံအရ ကိုးဦး လစ်လပ်လျက်ရှိသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဖရူဆိုမြို့နယ်အတွက် ဝန်ထမ်းအိမ်ရာ အခက်အခဲရှိသဖြင့် မကြာမီချထားမည့် အိုးအိမ်ဝန်ထမ်းအိမ်ရာတွင် အိမ်ခန်းနေရာရရှိရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ မြို့နယ် ရုံးဝင်း (၁၀၀ × ၁၅၀) ပေအား ခြံစည်းရိုးကာရံနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုကြောင်း၊ ရှားတောမြို့နယ်ရုံးအတွက် အိုးအိမ်ဝန်ထမ်း အိမ်ရာချထားပါက နှစ်ခန်းဆောင်ရွက် ပေးစေလိုကြောင်း၊ ဘော်လခဲမြို့နယ်ရုံးမှ ရုံးအဆောက်အအုံသစ် ရရှိရေးအတွက် ဆောင်ရွက်ပေးစေလိုကြောင်း၊ ဖားဆောင်းမြို့နယ်မှ ဝန်ထမ်းအိမ်ရာ အခက်အခဲရှိပြီး မိတ္တူကူးစက်တစ်လုံး လိုအပ်လျက်ရှိသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း၊ ရုံးသုံးမိတ္တူကူးစက်များ မြို့နယ်တိုင်းတွင် လိုအပ်နေပြီး ရှားတောမြို့နယ်တွင် ကွန်ပျူတာ အခက်အခဲရှိနေ၍ ဖြည့်ဆည်းပေးစေလိုကြောင်း၊ ဘော်လခဲခရိုင်ဦးစီးမှူးက ခရိုင်ဦးစီးမှူးရုံး အဆောက်အအုံ လိုအပ်လျက်ရှိကြောင်း၊ ရုံးသုံးပရိဘောဂများလည်း လိုအပ်နေကြောင်း၊ ရုံးမြေနေရာ ရရှိရေးအတွက် ဆောင်ရွက်ပေးစေလိုကြောင်း၊ ခရိုင်အတွင်းရှိ စုပေါင်းစစ်ဆေးရေးဂိတ်များတွင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နေရာထိုင်ခင်းနှင့် ရုံးသုံးပရိဘောဂများ ဖြည့်ဆည်းပေးစေလိုကြောင်း၊ ပြည်နယ်ဦးစီးမှူးက ပြည်နယ်တွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးဝန်ထမ်းများ တွေ့ဆုံစဉ်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လတ်တလောထောက်ပံ့ငွေအဖြစ် စုစုပေါင်း ငွေကျပ် ၉၉ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့သည်။

လွိုင်ကော်သား

ငါးသယံဇာတများ ပျောက်ကွယ်ပြုန်းတီးမှုမရှိစေရန်၊ ငါးမျိုးများ ထိန်းသိမ်းနိုင်ရန်နှင့် တိုးပွားစေရန် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက်က လွိုင်ကော်မြို့ နောင်ယားကန်၌ ပြုလုပ်ရာ ကယားပြည်နယ် စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးဘော့စ်ကို၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယပြည်နယ်မှူး ဒေါ်မေသန္တာဝင်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်၍ ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ **ကိုစိုင်း (လွိုင်ကော်)**

လျှော့ချင်သရုပ်ပြလေ့ကျင့်ခန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မကွေး ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးတွင် ယမန်နေ့က လျှော့ချင်သရုပ်ပြလေ့ကျင့်ခန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးနှင့်အတူ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဩဂုတ် ၃၀ ရက်တွင် ဆောင်ရွက်မည့် လျှော့ချင်သရုပ်ပြလေ့ကျင့်ခန်းကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ဌာနအဖွဲ့အစည်းများက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါ လျှော့ချင်သရုပ်ပြလေ့ကျင့်မှုများကို ဩဂုတ် ၃၀ ရက်တွင် မကွေး မြသလွန်ဘုရားပွဲတော်ကွင်းဘေး ရေဝတီမြစ်အတွင်း မီးသတ်ဦးစီးဌာန၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အရပ်ဘက်အသင်းအဖွဲ့များပါဝင်ကာ လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ရုပ်ရှင်သမိုင်းပြတိုက်ကို ဖွင့်လှစ်ပြသနိုင်ရန် အောက်တိုဘာလတွင် ပြီးစီးရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂၇

၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင်ရှိသော ရုပ်ရှင်သမိုင်းပြတိုက်ကို ဖွင့်လှစ်ပြသနိုင်ရန် ပြင်ဆင်မှုအပိုင်းအား ယခုနှစ် အောက်တိုဘာလကုန်တွင် ပြီးစီးရေးအပြီးသတ်လျာထားလုပ်ဆောင်လျက်ရှိသည်။

မြန်မာ့ရုပ်ရှင်ကို မေတ္တာနှင့်သူရာဇာတ်ကားဖြင့် စတင်ပြသခဲ့ခြင်းဖြစ်ပြီး ထိုဇာတ်ကားကို မြန်မာ ဒါရိုက်တာတို့ အလင်း၊ အမှောင်နှင့် မိတ်ကပ်တို့ကို တီထွင်ကြံဆဖန်တီးမှုဖြင့် နှစ်နှစ်ခန့် ရိုက်ကူးခဲ့သည်။ ကိုလိုနီခေတ်တွင် ပထမဆုံးမြန်မာဇာတ်ကားကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်က စတင်ပြသနိုင်ခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်သမိုင်းပြတိုက်တွင် ထိုဇာတ်ကားပုံများကို ပြသသွားမည်ဖြစ်သည်။

"မြန်မာ့ရုပ်ရှင်က ခက်ခက်ခဲခဲနဲ့ စခဲ့ရတာ။ တိုင်းတစ်ပါးလက်အောက်ခံဖြစ်နေတော့ စက်မှုပညာ ဘာမှမရှိဘူး။ ရုပ်ရှင်ဖခင်ကြီးတွေက ကင်မရာဝယ်ပြီး ပုံးပုံစံလုပ်ပြီးတော့ ဓာတ်ပုံရိုက်ကွက်ကနေ ရုပ်ရှင်ဖြစ်လာအောင် ဖလင်သုံးပေကနေ ပေ ၅၀ ဖလင်ကို ဘယ်လိုဆေးရမှန်း မသိတဲ့အခြေအနေကနေ စခဲ့ရတာ။ ဖလင်ပေ ၅၀ ကနေ ပေ ၄၀၀ ရအောင် ကြိုးစားပြီး နိုင်ငံခြားဇာတ်ကားတွေကို ကြည့်ပြီးတော့ ရိုက်တဲ့အခါ ဖလင်မှာ အရုပ်မထင်တာ၊ မျက်နှာတွေမည်းနေတာ၊ အလင်းလိုအပ်တာကို လေ့လာပြီး မိတ်ကပ်၊ နှုတ်ခမ်းနီမပေါ်သေးတဲ့အချိန်မှာ ဖြစ်အောင်လုပ်ပြီး မြန်မာ့ရုပ်ရှင်ကို စတင်ခဲ့ရတာပါ။ မြန်မာ့ရုပ်ရှင်ခရီးလမ်းက နှစ်ရာပြည့်တော့မယ်ဆိုတော့ အင်မတန်ဂုဏ်ယူဖို့လည်း ကောင်းပါတယ်။ ရာပြည့်အကြိုပြသဖို့ ရုပ်ရှင်သမိုင်းပြတိုက်ကို အောက်တိုဘာလနောက်ဆုံးထားပြီး ပြင်ဆင်နေပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဦးအေးကြူလေးက ပြောသည်။

ရုပ်ရှင်သမိုင်းပြတိုက်ရှိ စိန်ရတုကာလပြခန်းတွင် ပြသထားသော ပုံများကို တွေ့ရစဉ်။

မြန်မာ့ရုပ်ရှင်ငွေရတုကို ၁၉၄၅ ခုနှစ်၊ ရွှေရတုကို ၁၉၇၀ ပြည့်နှစ်နှင့် စိန်ရတုကို ၁၉၉၅ ခုနှစ်တို့တွင် ရုပ်ရှင်လောကသားများ စည်းစည်းလုံးလုံးဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ စိန်ရတုသည် အစည်ကားဆုံးပွဲတော်ကြီးတစ်ခု ဖြစ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင် ရာပြည့်ပွဲအတွက် ကျင်းပရေးကော်မတီကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အောက်တိုဘာလ၌ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပြီး ပွဲဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပသော မြန်မာ့ရုပ်ရှင်ငွေရတုသဘင်အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ရာ အဆိုပါမှတ်တမ်း ဓာတ်ပုံများကိုလည်း ရုပ်ရှင်သမိုင်းပြတိုက်တွင် ပြသသွားမည် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ရာပြည့်အကြိုအဖြစ် ရုပ်ရှင်သမိုင်းပြတိုက်ကို ဖွင့်လှစ်ပြသမည့်အပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ချောက်နှင့် ရေနံချောင်းမြို့တို့၌ သစ်ပင်စိုက်ပျိုးခြင်း၊ ရေရှားသောဒေသများတွင် ရေကန်များ လှူဒါန်းခြင်းစသည့် ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် ရာပြည့်အကြို လှုပ်ရှားမှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

မင်းဘူး၌ စည်းကမ်းမဲ့မော်တော်ယာဉ်များ စစ်ဆေးစဉ်။

စည်းကမ်းမဲ့ မော်တော်ယာဉ်များ စစ်ဆေးအရေးယူ

မင်းဘူး ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ပြည်သူများ စနစ်တကျ မောင်းနှင်သွားလာနိုင်စေရန် ရည်ရွယ်၍ ယမန်နေ့က မင်းဘူး-မကွေးကားလမ်း မင်းဘူးမြို့မရဲစခန်းရှေ့တွင် စည်းကမ်းမဲ့ မော်တော်ယာဉ်များကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မင်းဘူး)မှ ဒုရဲမှူး မောင်မောင်သန်း ဦးဆောင်သော အဖွဲ့ဝင်တို့သည် မော်တော်ယာဉ်များ မောင်းနှင်ရာတွင် ခါးပတ်မပတ်ဘဲ မောင်းနှင်ခြင်း၊ ယာဉ်လိုင်စင် ရှိ မရှိ စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင် ရှိ မရှိ စစ်ဆေးခြင်း၊ သတ်မှတ်ယာဉ်မောင်းလိုင်စင် ရှိ မရှိ စစ်ဆေးခြင်း၊ မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ်မပါခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မေးသိုင်းကြိုးမပါခြင်း၊ နောက်ကြည့်မှန် မပါခြင်း၊ နောက်နံပါတ်ပြား မပါရှိခြင်းတို့ကို စစ်ဆေးခဲ့ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ခြင်း မရှိသော မော်တော်ယာဉ်များကို စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နေ ပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် စည်းကမ်းမဲ့ မော်တော်ယာဉ်များ စစ်ဆေးခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုးဝင်း (မင်းဘူး)

ကျိုက်မရောမြို့နယ်၌ ရေကြီးနစ်မြုပ် မိုးစပါးစိုက်ကွင်းများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး စက်ကိရိယာများ ကူညီပေးမည်

ကျိုက်မရော ဩဂုတ် ၂၇

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သော မိုးစပါးစိုက်ကွင်းများတွင် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို အခမဲ့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ဩဂုတ် ၂၅ ရက်က ကျိုက်မရောမြို့နယ် ဘာဘူကုန်းကျေးရွာရှိ တောင်သူများနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

အဆိုပါတောင်သူများနှင့် တွေ့ဆုံပွဲ၌ တောင်သူများ၏ တောင်းဆိုချက်အရ ရေကျချိန်တွင် မိုးစပါးပြန်လည်စိုက်ပျိုးလိုသော လယ်သမားများအား ဝန်ကြီးဌာနအနေဖြင့် မျိုးစပါးများကူညီဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ရေပြန်ကျချိန်တွင် တစ်ကွက်ပေါ် တစ်ကွက် စိုက်စနစ်ဖြင့် အသင့်စိုက်ပျိုးနိုင်ရန် ကောက်စိုက်စက်နှင့် ပျိုးဗန်းများ ကြိုတင်ပျိုးထောင်ထားရှိမှု၊ လက်တွန်းထွန်စက်နှင့် ကောက်စိုက်စက်များ အသုံးပြုလိုက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ချိုမြတ်မြတ်ထွေး (ကျိုက်မရော)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၈-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၄၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၇၀၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၄၄၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၇၀၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၄၀/၈၉၅	ကျပ်	၉၀၀/၉၁၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၀/၉၀၅	ကျပ်	၉၁၅/၉၃၀	ကျပ်
အောက်တိန်း ၉၂	၇၄၀/၈၀၀	ကျပ်	၈၂၅/၈၄၀	ကျပ်
အောက်တိန်း ၉၅	၈၃၀/၈၉၀	ကျပ်	၉၃၀/၉၄၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၈ · ၅
ဥရောပ	တစ်ယူရို	ကျပ် ၁၆၈၇ · ၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၉၃ · ၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၆၀ · ၈
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၃၅ · ၅
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၂၅ · ၃
တရုတ်	တစ်ယွမ်	ကျပ် ၂၁၁ · ၈၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၁၆၅
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၅ · ၀၆
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၀ · ၉၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၉ · ၆၆၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၅၀၀	၁၂၀၀၀	၂၉၇၃	၃၅၃၉၂၀၀၀
MTSH	၄၀၀၀	၄၁၀၀	၄၄၁၅	၁၇၈၉၅၅၀၀
MCB	၈၃၀၀	၈၃၀၀	၂၀	၁၆၆၀၀၀
FPB	၂၅၀၀၀	၂၅၀၀၀	၅၂၆	၁၃၁၅၀၀၀၀
TMH	၃၀၅၀	၃၁၀၀	၆၁၅	၁၈၇၅၈၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

အချိန်ကြာသွားသဖြင့် ခရေဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ကို အားမရတော့ကြောင်း ဆန်းထွဋ်ပြောကြား

နဂါးမင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထားကာ စက်တင်ဘာ ၅ ရက်တွင် ရုံတင်ပြသတော့မည့် ခရေရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ဆန်းထွဋ်က ဇာတ်ကားထဲတွင် မိမိပါဝင်သရုပ်ဆောင်ထားသော ဇာတ်ဝင်ခန်းအချို့ကို အားမရတော့ကြောင်း ပြောကြားသည်။

ဆန်းထွဋ်က "ဒီကားက လေးနှစ်လောက်ရှိပြီ၊ ဒီဇာတ်လမ်းကို လက်ခံကတည်းက ဇာတ်ကို သေသေချာချာဖတ်ပြီးတော့ ကိုယ်ပါဝင်ရမယ့် ဇာတ်ဝင်ခန်းတွေကို ဆွေးနွေးညှိနှိုင်းတယ်၊ မရိုက်ခင်လည်း ရီဟာဇယ်တွေကို အခေါက်ခေါက်အခါခါဖတ်တယ်၊ ကိုယ့်ဘက်က စိတ်ချရအောင်လုပ်ပြီး ကိုဝိုင်းကိုလည်း ကျေနပ်တဲ့အထိဖြစ်အောင် ကျွန်တော်တို့ ကြိုးစားခဲ့ရပါတယ်၊ ကျွန်တော်က ကိုဝိုင်းနဲ့ ဗီဒီယိုတော်တော်များများမှာ လက်တွဲဖူးပါတယ်၊ ကိုဝိုင်းက သူလိုချင်တဲ့ အိုက်တင်ရအောင် ပါးစပ်နဲ့တင် ပြောပြတာ မဟုတ်ဘူး၊ ကျွန်တော်တို့ကို ဒါရိုက်တာနေရာ နေခိုင်းပြီး သူက မင်းသား မင်းသမီးနေရာကနေ ကိုယ်တိုင်လုပ်ပြတဲ့သူပါ၊ ဒီကားနဲ့ပတ်သက်ပြီး အမှန်အတိုင်းပြောရရင်တော့ ရိုက်တဲ့အချိန်နဲ့ ခုရုံတင်ချိန်က လေးနှစ်တောင် ကွာနေပါတယ်၊ တကယ်က ဇာတ်ကားတစ်ကားကို ရိုက်ကူးထုတ်လုပ်အပြီး လအနည်းငယ်အတွင်း၊ တစ်နှစ်အတွင်းမှာ ရုံပေါ်ရောက်နိုင်ရင် အဲဒီကားထဲက စကားလုံးတွေ၊ အိုက်တင်တွေ၊ ဖက်ရှင်တွေက လတ်ဆတ်နေမှာပဲ၊ ခုတော့ ဒီကားထဲမှာ ကျွန်တော့်ပုံစံတွေတောင် ကျွန်တော် သိပ်သဘောမကျတော့တာတွေ ရှိတယ်"ဟု ပြောသည်။

မြားစစ်သည်၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာဝိုင်း ကိုယ်တိုင်ဇာတ်ညွှန်းရေးသား၊ ရိုက်ကူးထားသော အချစ်အသားပေး ဇာတ်လမ်းအမျိုးအစားဖြစ်သည့် 'ခရေ' ရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ ဆန်းထွဋ်နှင့် ဝတ်မှုံရွှေရည်တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြသည်။

ကိုလင်း

Miss & Mister Tourism and Culture 2019 ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည်

Miss & Mister Tourism and Culture Universe International 2019 ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဩဂုတ် ၃၁ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ဦးစီးကျင်းပမည့် TCU Organi-zation မှ တာဝန်ရှိသူ ကိုကျော်ကျော်ဦးက "ကျွန်တော်တို့ ဒီပြိုင်ပွဲဟာ မြန်မာနိုင်ငံ မူပိုင်ဖြစ်တဲ့ International Beauty Pageant ဖြစ်ပါတယ်၊ ရည်ရွယ်ချက်က Beauty Pageant အနေနဲ့ မြန်မာနိုင်ငံရဲ့ တော၊ တောင်၊ ရေ၊ မြေ၊ သဘာဝနဲ့ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှု ရိုးရာ ဓလေ့ထုံးစံများကို ပြချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်း ဖြစ်ပါတယ်၊ ဒီပြိုင်ပွဲမှာ နိုင်ငံပေါင်း ၂၈ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ဖို့ စာရင်းပေးထားပါတယ်၊ ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်က ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်ကိုတော့ ၂၀၁၈ ဖေဖော်ဝါရီလက သုဝဏ္ဏအားကစားကွင်းကြီးမှာ ကျင်းပခဲ့ပါတယ်၊ Miss & Mister ပြိုင်ပွဲဖြစ်တဲ့အတွက် King & Queen တွေ ဖြစ်ခဲ့မယ်ဆိုရင် ဆုကြေးငွေအနေနဲ့ ကန်ဒေါ်လာတစ်သောင်းနဲ့ ကိုက်ညီတဲ့ ဆုကြေးကို ရရှိမှာဖြစ်ပါတယ်။ ပြိုင်ပွဲ ကျင်းပခြင်းကြောင့် မြန်မာနိုင်ငံကို လူတွေ ပိုသိလာမယ်လို့ ယုံကြည်ပါတယ်၊ ပြိုင်ပွဲကို နိုင်ငံတကာ မီဒီယာတွေလည်း လိုက်လာတယ်၊ ပြည်တွင်းက မီဒီယာတွေကလည်း ဝန်းရံပေးတယ်ဆိုတော့ ပိုပြီးများပြားတဲ့ လူတွေက ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကို သိလာကြမှာဖြစ်ပါတယ်"ဟု ပြောသည်။

နိုင်ငံတကာမှ ပြိုင်ပွဲဝင် Miss & Mister များ အနေဖြင့် ဩဂုတ် ၂၈ ရက်မှစ၍ ပုဂံ၊ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာ များသို့ သွားရောက် လည်ပတ်ကြမည်ဖြစ်ပြီး Grand Final ပြိုင်ပွဲကို ဩဂုတ် ၃၁ ရက် ညနေ ၆ နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပပုံကို Channel Me မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဟု သိရသည်။

နိုင်ငံတကာမှ ပြိုင်ပွဲဝင်များ ပါဝင်မည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Miss အဖြစ် Evelyn နှင့် Mister အဖြစ် ကောင်းထက်စံတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပုဂ္ဂိုလ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များက အမှတ်ပေးဒိုင်များ အဖြစ် ဆောင်ရွက်ပေးသွားကြမည် ဖြစ်ကြောင်း သိရသည်။

ကိုလင်း

လိပ်ပြာနှောင်ကြိုးဇာတ်လမ်းတွဲမှ သရုပ်ဆောင် မုဏ်းကို ဇာတ်လမ်းတွဲသစ်များတွင် ထပ်တွေ့ရမည်

Canel+ ရုပ်သံလိုင်းနှင့် MRTV-4 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ခဲ့သည့် လောကကြိုးဝိုင်း၊ ရွှေကြာဖူးသစ် စသည့် ဇာတ်လမ်းတွဲများနှင့် နာမည်ရလာသည့် တက်သစ်စ အနုပညာရှင် မုဏ်းအနေဖြင့် နောက်ထပ် ဇာတ်လမ်းတွဲတစ်ခုအဖြစ် 'လိပ်ပြာနှောင်ကြိုး'ဇာတ်လမ်းတွဲကို လေးလကြာ ရိုက်ကူးပြီးစီးသွားပြီဟု သိရသည်။

"ဒီကားမှာ ထူးခြားတာက ဇာတ်ရုပ်နှစ်မျိုး လုပ်ထားရတယ်၊ ဇာတ်ရုပ်ပီပြင်ဖို့အတွက် နိုင်ငံခြားကလာပြီး သရုပ်ဆောင်သင်တဲ့ ထိုင်းက အစ်မနဲ့လည်း ဆွေးနွေးမှုတွေ လုပ်ခဲ့တယ်၊ ပြီးတော့ ဆယ်လပိုင်းမှာ စရိုက်မယ့် ဇာတ်လမ်းတွဲအတွက်လည်း Casting ဝင်နေပါတယ်၊ နောက်ထပ်ရိုက်မယ့် ဇာတ်လမ်းတွဲကတော့ အတိအကျ ပြောလို့မရသေးပါဘူး၊ ပြောခွင့်ရရင်တော့ ထုတ်ပြောမှာပါ၊ အခု ပြီးသွားတဲ့ လိပ်ပြာနှောင်ကြိုး ဇာတ်လမ်းတွဲမှာတော့ ပေါ့ပါးသွက်လက်ပြီး သူများကိုကူညီပေးတတ်တဲ့ ရုပ်ပြာရုပ်ပြာနိုင်တဲ့ ပုံစံနဲ့ ဇာတ်ရုပ်နှစ်မျိုးကို ပင်ပင်ပန်းပန်း ပြင်းပြင်းထန်ထန်လေး သရုပ်ဆောင်ထားပါတယ်၊ ကိုယ့်ကိုယ်ကို မညှာဘဲ စွန့်စွန့်စားစား ရိုက်ထားပါတယ်" ဟု လိပ်ပြာနှောင်ကြိုးဇာတ်လမ်းနှင့် ပတ်သက်၍ မုဏ်းက ပြောသည်။

ရုပ်သံဇာတ်လမ်းတွဲများတွင် သရုပ်ဆောင်ရမှုနှင့် ပတ်သက်၍လည်း "အရင်က သိပ်မပြင်မဆင်ဘဲ ရိုက်ဖို့ဆုံးဖြတ်လိုက်တာမျိုးတွေ ရှိတယ်၊ အခုတော့ သေချာ အချိန်ယူတယ်၊ ပြင်ဆင်တယ်၊ မရိုက်ခင်မှာလည်း ဇာတ်ကို လုံးဝကျေညက်တဲ့အထိ ဖတ်တယ်၊ ဇာတ်ကို သေချာ ရင်းနှီးကျွမ်းဝင်သွားရင် ဒီနေရာ ဘယ်လိုလေးလုပ်မယ်လို့ စဉ်းစားတယ်၊ ဒါရိုက်တာက ဘယ်လိုပုံစံလေး လိုချင်တယ်ဆိုရင်လည်း ပေါင်းပြီး လုပ်ကြ တာပေ့ါ၊ အဲလို သေချာပြင်ဆင်တော့ အမှားနည်းလာတာပေ့ါ"ဟု မုဏ်းက ဆက်ပြောပြခဲ့သည်။

ကိုလင်း

သီးနှံကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတိပေးနှိုးဆော်ချက်

ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးများဆက်တိုက်ရွာသွန်းလျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံများ (စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက်၊ ကြက်သွန်နီ၊ ငရုတ်) စသောသီးနှံများ၏ စိုက်ခင်းနှင့် ပျိုးခင်းများတွင် ရာသီဥတုစိုစွတ်ခြင်းကြောင့် စိုက်ပျိုးသီးနှံများတွင် မှိုရောဂါများ (ပိုးပင်နာကျ၊ ခါးရိရောဂါများ၊ မှိုသီး၊ သံချေးနှင့် မြစ်ဆွေးမြစ်ခြောက်များ၊ နှောင်းပင်နာကျနှင့် ရွက်ခြောက်များ)နှင့် အခြားရောဂါများ (ဘက်တီးရီးယားရွက်စင်းနှင့်ရွက်ခြောက်၊ ပင်ခြေပုပ်၊ ဘက်တီးရီးယားပင်ညှိုး)၊ အင်းဆက်ပိုးများအနေဖြင့် စုပ်စားပိုးများ (ဖြုတ်ညို၊ ပျ၊ လေ့း၊ နှံစုပ်ဂျပိုး၊ မီလီဂျပိုး ၊ ယင်ဖြူ)နှင့် ခူမွေးရှည်များ ကျရောက်တတ်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါသီးနှံကာကွယ်ရေးဆိုင်ရာ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတိပေးနှိုးဆော်အပ်ပါသည်။

(၁) မိုးရွာသွန်းမှုကြောင့် စိုက်ခင်းအတွင်းရေဝပ်ပါက ရေထုတ်နိုင်ရန် ဆောင်ရွက်ပါ။
(၂) ပျိုးပေါင်နှင့် စိုက်ပေါင်များအား ရေမဝပ်စေရန် မြှင့်တင်ပေးပါ။
(၃) ကန်သင်းနှင့်ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကိုရှင်းလင်းပါ။
(၄) ရောဂါရပင်ကြွင်းပင်ကျန်များကို ဖယ်ရှားပြီး မီးရှို့ဖျက်ဆီးပါ။
(၅) အခြေအနေပေးပါက မီးခိုးမှိုင်းတိုက်ပါ။
(၆) ပိုးမွှားရောဂါဒဏ်ခံနိုင်ရန်အတွက် ပိုတက်ရှ် ဓာတ်မြေဩဇာကို ထည့်သွင်းအသုံးပြုပါ။
(၇) သီးနှံကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဖြန့်ဝေထားသော မိုဘိုင်းအပလီကေးရှင်းတွင် ကြည့်ရှု၍ တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို အသုံးပြုပက်ဖျန်းနိုင်ပါသည်။
(၈) လိုအပ်ပါက ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးရှိ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးတွင် ဆက်သွယ်အကြံဉာဏ်တောင်းယူနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

နိုင်ငံတကာအနုပညာသတင်းပဒေသာ

ရုပ်သံစီးရီးတွင် မီရှဲအိုဘားမား အဖြစ် ဗိုင်အိုလာ ဒေးဗစ် သရုပ်ဆောင်မည်

ရှိုးတိုင်းမ်စ်ရုပ်သံလိုင်းမှ ရိုက်ကူးမည့် ဇာတ်လမ်းသစ်မှာတော့ အော်စကာဆုရှင် ဗိုင်အိုလာဒေးဗစ်က အမေရိကန်သမ္မတ ကတော်ဟောင်း မီရှဲအိုဘားမားအဖြစ် သရုပ်ဆောင်သွားမယ်လို့သိရပါတယ်။ အဆိုပါရုပ်သံကုမ္ပဏီဟာ ဇာတ်ညွှန်းသုံးခု ပြင်ဆင်ထားပြီးတော့ အဲဒီသုံးခုထဲက ဘယ်ဇာတ်ညွှန်းနဲ့ ရိုက်ကူးမယ်ဆိုတာကို ဆုံးဖြတ်သွားမှာပဲဖြစ်ပါတယ်။

စာရေးဆရာ အာရွန်ကိုလီက ထုတ်လုပ်သူနဲ့ စာရေးဆရာအဖြစ် လုပ်ဆောင်သွားမှာပါ။ ဇာတ်လမ်းကတော့ အမေရိကန်သမ္မတကတော်တွေရဲ့ပုဂ္ဂိုလ်ရေးရာဘဝနဲ့နိုင်ငံရေးဘဝတွေကိုပါ ပြသသွားမှာပါ။ ဇာတ်လမ်းတွဲရဲ့ပထမဆုံးအတွဲမှာတော့ မီရှဲအိုဘားမား၊ အယ်လီနာရုစဗဲ့နဲ့ ဘတ်တီဖို့တို့ရဲ့အကြောင်းကို အလေးပေးပြီး ဖော်ပြပေးသွားမှာပါ။ ဒေးဗစ်ကတော့ လတ်တလောမှာ How to Get Away with Murder ဆိုတဲ့ဇာတ်ကားမှာ သရုပ်ဆောင်ထားပါတယ်။ ဗိုင်အိုလာဒေးဗစ်ဟာ မီရှဲအိုဘားမား နဲ့လည်း ခင်မင်ပြီး ၂၀၁၇ ခုနှစ်ကလည်း မီရှဲအိုဘားမားနဲ့အတူ ရိုက်ထားတဲ့ပုံကို ဖေ့ဘုတ်ပေါ်တင်ခဲ့ပြီး ဘဝမှာဆက်လက်အောင်မြင်ပါစေ၊ နောင်အနာဂတ်မျိုးဆက်သစ် တွေထိပါ အောင်မြင်မှုတွေရရှိပါစေလို့ ဆုတောင်းပေးဖူးပါတယ်။

စီအင်န်အင်န်

အမေရိကန်သမ္မတ ကတော်ဟောင်း မီရှဲအိုဘားမားအဖြစ် သရုပ်ဆောင်မည့် ဗိုင်အိုလာ ဒေးဗစ်။

မန်ချက်စတာမှာ အားလုံးရဲ့ စိတ်ကိုအပိုင်သိမ်းနိုင်ခဲ့တယ်လို့ အာရီယာနာ ဂရန်ဒီပြော

ဩဂုတ် ၂၅ ရက်က မန်ချက်စတာမှာပြုလုပ်ခဲ့တဲ့ အာရီယာနာ ဂရန်ဒီရဲ့ဖျော်ဖြေပွဲမှာတော့ အားလုံးရဲ့စိတ်နှလုံးကိုအပြည့်အဝသိမ်းပိုက်နိုင်ခဲ့တယ်လို့ အာရီယာနာက ပြောခဲ့ပါတယ်။

မန်ချက်စတာမှာ လွန်ခဲ့တဲ့နှစ်နှစ်ခန့်က အာရီယာနာဂရန်ဒီရဲ့ ရှိုးပွဲမှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားအပြီး လူ ၂၂ ဦးသေဆုံးခဲ့ရပါတယ်။ အဲဒီကိစ္စကြောင့် အာရီယာနာဂရန်ဒီဟာ စိတ်ထိခိုက်ခံစားခဲ့ရပါတယ်။ အခုတစ်ကြိမ် ပြန်လာပြီး ရှိုးပွဲပြုလုပ်ရာမှာတော့ ပရိသတ်တွေအားလုံးက သူ့ကိုလှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့တဲ့အတွက် အားလုံးကို ကျေးဇူးတင်တယ်လို့ အာရီယာနာက ပြောပါတယ်။ အခုအချိန်ထိ သူနဲ့အတူရှိနေပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အရင်တုန်းက ဗုံးပေါက်ကွဲခဲ့တဲ့ ဖြစ်ရပ်ကြောင့်လည်း ကြောက်လန့်၊ ထိတ်လန့်ခဲ့ရပါတယ်။

အခုအချိန်မှာတော့ မန်ချက်စတာဟာ သူ့ရဲ့နှလုံးသားထဲ အမြဲရှိနေမှာပါလို့ ပရိသတ်တွေကို အာရီယာနာက ပြောပါတယ်။ စင်ပေါ်မှာဖျော်ဖြေနေစဉ်မှာတော့ အာရီယာနာဟာ လိင်တူချစ်သူအသိုင်းအဝိုင်းအတွက်အလေးထားပြီး ဖျော်ဖြေခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မေ ၂၂ ရက်က မန်ချက်စတာမှာ ဗုံးပေါက်ကွဲမှုကြောင့် ကလေးတွေအပါအဝင် လူ ၂၂ ယောက်သေဆုံးခဲ့ရပါတယ်။

စီအင်န်အင်န်

အာရီယာနာ ဂရန်ဒီ မန်ချက်စတာ၌ ဖျော်ဖြေပွဲပြုလုပ်နေစဉ်။

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၈)

သက်သေတစ်ယောက်၏ တန်ဖိုး

ဦးဟန်ညွန့် (ဥပဒေ)

သက်သေများ၏အကြောင်း

သက်သေများ၏အကြောင်းကို အခန်းဆက်ရေးခဲ့သည်များ အတော်အတန် များပါပြီ။ သက်သေတစ်ယောက်၏တန်ဖိုးမည်မျှကြီးမားကြောင်း အမှုဖြစ်ဖူးသူတိုင်းသိကြပါသည်။ သက်သေတစ်ယောက်၏ ထွက်ချက်ကြောင့် လူတစ်ယောက်သေဒဏ်ကျသွားနိုင်သလို သက်သေတစ်ယောက်ကြောင့် အမှုက အပြီးသတ် လွတ်သွားနိုင်ခြေလည်း ရှိပါသည်။ အမှု၏အတိမ်အနက်ကို သက်သေများက ဖန်တီးသည်ဟုပြောလျှင် မမှားနိုင်ပါ။ ဥပဒေရှေ့နေ တာဝန်လုပ်သက်အနှစ် ၄၀ ကျော်အတွင်း ကြုံခဲ့၊ ဆုံခဲ့ရသမျှ သက်သေအမျိုးမျိုးအကြောင်း တစ်စိတ်တစ်ဒေသရေးပြပါရစေ။ ဥပဒေနှင့် ဆက်စပ်အလုပ်လုပ်နေကြသူတိုင်းလည်း ကျွန်တော်ကဲ့သို့ကြုံတွေ့ကြရမှာ အမှန်ပါပဲ။

(၁) ကလေးသက်သေ

အသက်အရွယ်နုနယ်သော ကလေးသက်သေများကို စစ်မေးရတတ်ပါသည်။ အထူးသတိချပ်၍ ချိန်ဆ၊ ဝေဖန်၊ စစ်ဆေးရပါမည်။ အမှန်တရားအဓိကထားကြရပါမည်။ ကလေးသက်သေများ၏ မူလသဘာဝမှာ အမှန်အတိုင်းပြောတတ်ခြင်း ဖြစ်ပါသည်။ မလိမ်ညာတတ်ပါ။ မဟုတ်မမှန်လုပ်ကြံတတ်သော ကလေးဟူ၍ အထူးနည်းပါးလှပါသည်။ သို့သော် အပြောင်းအလဲ လုပ်တတ်သူ၊ လုပ်ကြံဖန်တီးတတ်သူများမှာ လူကြီးများဖြစ်နေတတ်ပါသည်။ လုပ်ကြံသင်ပေးသူများကိုမူ အထူးသတိပြုရပေလိမ့်မည်။

ကလေးသက်သေ၏ ထွက်ချက်ကို ဆန်းစစ်ရာတွင်-

(၁) ကလေး၏ထွက်ချက်သည် အမှု၏ အထောက်အထားများနှင့် မည်မျှကိုက်ညီသလဲ။
(၂) ပြန်လှန်မေးမြန်းမှုကို ကလေးက မည်ရွေ့မည်မျှ ခံနိုင်စွမ်းရှိပါသလဲ။
(၃) အဖြစ်အပျက်ရှေ့နောက်ညီညွတ်မှု မည်မျှရှိပြီး မည်သို့ ဆက်စပ်သုံးသပ်မည်လဲ။
(၄) ကလေးသက်သေအား ဘယ်သူ ဘယ်ဝါက ထောက်ခံပါသလဲ။ အချက်များ စဉ်းစားသုံးသပ်အပ်သည်။

အသက်ငယ်သော်လည်း အသိဉာဏ်နှင့် ပြည့်စုံပြီး အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအရ လိမ်လည်ထွက်ဆိုရန် အကြောင်းမရှိပါက ကလေးထွက်ချက်ကို လက်မခံစရာအကြောင်း မရှိ။

ကလေးသူငယ်တစ်ယောက်၏ သက်သေခံခွင့် (Competency to Give Evidence) ကို အသက်ဖြင့် ထိန်းချုပ်မထား။ သိနားလည်မှု အပေါ်တွင် မူတည်သည်။ ကလေးသူငယ်တစ်ယောက်၏ ထွက်ချက်ကို မည်ရွေ့မည်မျှ တန်ဖိုးထားရမည်ဟု ပုံသေကားကျ သတ်မှတ်၍ မရချေ။

သက်သေတစ်ဦးသည် အသက်ပင်ငယ်ရွယ်သော်လည်း အသိဉာဏ်နှင့် ပြီးပြည့်စုံပြီး အမှုတွင် ပေါ်ပေါက်လျက်ရှိသော ပြစ်မှုခြင်းရာများအရ လိမ်လည်ထွက်ဆိုရန် အကြောင်းမရှိက ၎င်း၏ ထွက်ချက်ကို လက်ခံသင့်ကြောင်း စီရင်ထုံးတစ်စောင်က ညွှန်ပြသည်။

(၂) ဆွေမျိုးသက်သေ

ရာဇဝတ်မှုများတွင် သက်သေများသည် စွပ်စွဲသူနှင့် ဆွေမျိုးတော်စပ်သည့်အကြောင်းကြောင့် သက်သေတို့၏ထွက်ချက်ကို လက်မခံရဆိုသော တားမြစ်သည့် ဥပဒေမရှိချေ။ သက်သေတစ်ဦးအား ယုံကြည်သင့်၊ မသင့်ပြဿနာနှင့် ပတ်သက်၍ ထိုသက်သေသည် အမှုဖြစ်ပွားပုံကို တွေ့မြင်ရန်အကြောင်း ရှိ၊ မရှိ၊ ကွယ်ထောင့်လိမ်လည်၍ ထွက်ဆိုရန်အကြောင်းရှိ၊ မရှိ။ ၎င်း၏ထွက်ချက်သည် အမှုဖြစ်အကြောင်းအရာများနှင့် ဆီလျော်ဆက်စပ်ခြင်းရှိ၊ မရှိဆိုသည့် အချက်အလက်များအပေါ် အဆုံးအဖြတ်ပြုရမည်ဖြစ်ကြောင်း စီရင်ထုံးတစ်စောင်ကလည်း ထောက်ပြသည်။

သက်သေတစ်ဦးသည် အခင်းဖြစ်ပွားသည်ကို တွေ့မြင်သည့် ပုဂ္ဂိုလ်ဖြစ်လျှင် ၎င်းသက်သေခံသောဘက်နှင့် ဆွေမျိုးတော်စပ်သည်ကို အကြောင်းပြု၍ ၎င်း၏ ထွက်ချက်ကို သံသယမရှိသင့်။ တရားလိုဘက်မှတင်ပြသော သက်သေများသည် အခင်းဖြစ်ပွားပုံကို မြင်တန်ရာသော ပုဂ္ဂိုလ်များဖြစ်၍ အခင်းဖြစ်ပွားရာနေရာတွင် အခင်းဖြစ်ပွားစဉ်က ရှိသည်ဆိုခြင်းကို တရားခံကမငြင်း။ တရားခံနှင့်လည်း ရန်ငြိုးရန်စမရှိ။ ၎င်းတို့သည် ပြန်လှန်မေးမြန်းစမ်းသပ်ချက်ကို ခံနိုင်ရည်ရှိသည့်အပြင်၊ အမှန်အတိုင်း ထွက်ဆိုပုံပေါ်ပါက ထိုသို့သော သက်သေများသည် အချင်းချင်း ဆွေမျိုးတော်စပ်သည်ကို အကြောင်းပြု၍ ၎င်းတို့၏ထွက်ချက်ကို မယုံမကြည် မရှိသင့်။

သက်သေများအား ယုံကြည်ရန် သင့်၊ မသင့် ဆင်ခြင်ရာ၌ ၎င်းတို့၏ သမာဓိ၊ ၎င်းတို့၏ စွမ်းရည်၊ ၎င်းတို့၏ အရေအတွက်၊ တစ်ဦးနှင့်တစ်ဦးကိုက်ညီမှု၊ ၎င်းတို့၏ ထွက်ချက်သည် သဘာဝယုတ္တိနှင့် ကိုက်ညီမှုစသည်တို့ကို ထည့်သွင်းစဉ်းစားရသည်။ သက်သေများသည် အချင်းချင်း ဆွေမျိုးတော်စပ်သည်။ အမှုသည်နှင့် ဆွေမျိုးတော်စပ်သည်တို့ကို စိစစ်ရန် မဟုတ်ကြောင်း စီရင်ထုံးတစ်စောင်က အသိပေးသည်။

(၃) မိတ်ဆွေသက်သေ

သက်သေသည် မိမိသက်သေခံသောဘက်နှင့် မိတ်ဆွေဖြစ်ရုံမျှနှင့် ၎င်း၏ထွက်ချက်ကို လက်မခံရန် အကြောင်းမရှိကြောင်း စီရင်ထုံးတစ်စောင်က ပြဆိုသည်။

(၄) အသက်အရွယ်ကြီးရင့်သော သက်သေ

သက်သေသည် အသက်အရွယ်ကြီးရင့်သည်ကို အကြောင်းပြု၍ ၎င်းသည်အမှန်ကို ပြောဆိုသည်ဟု မမှတ်ယူသင့်ကြောင်း စီရင်ထုံးတစ်စောင်က ပြဆိုသည်။

(၅) ရဲသက်သေ

သက်သေသည် ရဲအရာရှိဖြစ်လျှင် ၎င်းအား အခြားသက်သေများနည်းတူ အကဲဖြတ်ရသည်။ သက်သေသည် ရဲအရာရှိဖြစ်သည်ဟု ဆိုကာ မယုံမကြည် မရှိသင့်ကြောင်း စီရင်ထုံးတစ်စောင်က ဖော်ပြသည်။

(၆) မယားသက်သေ

သက်သေသည် တိုင်တန်းသူ၏ မယားဖြစ်သည်ဟု ဆိုကာ သက်သေထွက်ချက်ကို မပယ်သင့်ကြောင်း စီရင်ထုံးတစ်စောင်က ညွှန်ပြသည်။

(၇) ရန်သူသက်သေ

ရန်ငြိုးဟူသည် နှစ်ဖက်ရှ ဓားနှင့်တူသည်။ ရန်ငြိုးရှိခြင်းကြောင့် မဟုတ်မမှန်စွပ်စွဲရန်အကြောင်းရှိသည့်နည်းတူ ယင်းကြောင့် ပင်လျှင် တစ်ဖက်သားအား ထိခိုက်နစ်နာအောင် တစ်တစ်ခွခွထွက်ဆိုခြင်းလည်း ဖြစ်နိုင်၏။ သို့ဖြစ်ရာကား တရားခံနှင့် သက်သေများအကြားတွင် ရန်ငြိုးရှိရုံဖြင့် သက်သေ၏ထွက်ချက်ကို သံသယပွားစေရန် အကြောင်းထူး မရှိပါဘဲလျက် ပယ်ချရန် မသင့်ပေ။ တရားလိုပြသက်သေများနှင့် တရားခံအကြားတွင် ရန်ငြိုးရှိပါက ၎င်းတို့၏ထွက်ချက်ကို သတိကြီးစွာဖြင့် သုံးသပ်ရမည်ဖြစ်သည်။

တရားလိုဘက်မှ သက်သေများအုပ်စုနှင့် တရားခံဘက်မှအုပ်စုများအကြားတွင် ခါးသီးသော ရန်ငြိုးရန်စရှိသော်လည်း ယင်းသက်သေများသည် ဆွေမျိုးများဖြစ်သည်။ တစ်ဖက်၏ ဘက်တော်သားများဖြစ်သည်ဟုဆိုကာ အဓိကအချက်များတွင် မုသားပြောဆိုကြောင်း မတွေ့ရှိရဘဲ မပယ်သင့်။ သက်သေသည် တရားခံနှင့် မသင့်မမြတ်ရှိရုံမျှနှင့် ၎င်းသည် မဟုတ်မမှန်ထွက်ဆိုသည်ဟု မဆိုသင့်။ သက်သေသည် တရားခံ၏ ရန်သူကြီးဖြစ်နေပါမူ ၎င်း၏ထွက်ချက်ကို အခြားခိုင်လုံသော အထောက်အထားက ထောက်ခံခြင်းမပြုလျှင် တရားခံအား အပြစ်မပေးသင့်ဟု စီရင်ထုံးတစ်စောင်တွင် ဆုံးဖြတ်ဖူးသည်။

(၈) မုသားသက်သေ

မုသားသက်သေတစ်ဦး၏ ထွက်ဆိုချက်ကို ထောက်ခံသည့် အထောက်အထားရှိသည့်တိုင် တန်ဖိုးမရှိချေ။ သက်သေတစ်ဦးသည် မုသားထွက်ဆိုကြောင်း တွေ့ရှိရသဖြင့် မယုံကြည်လျှင် သူ၏ထွက်ဆိုချက်ကို အခြားသက်သေအား ထောက်ခံသည့်အနေဖြင့် အသုံးမပြုနိုင်။ လုံးဝပယ်ရမည်ဖြစ်သည်ဟု စီရင်ထုံးတစ်စောင်က သုံးသပ်သည်။

(၉) တစ်ဦးတည်းသော သက်သေ

ကြီးလေးသော သေဒဏ်ထိုက်သည့် ရာဇဝတ်မှုတစ်မှုတွင် တရားလိုဘက်အဓိကသက်သေ တစ်ဦးတည်း သို့မဟုတ် တစ်ဦးထက်ပို၍ ရှိရမည်ဟု ဥပဒေက သတ်မှတ်ထားခြင်း မရှိလျှင် သက်သေတစ်ဦးတည်း၏ ထွက်ချက်နှင့်ပင် ယင်းထွက်ဆိုချက်ကို သံသယကင်းရှင်းစွာဖြင့် ပတ်ဝန်းကျင်အခြေအနေနှင့် ထောက်ခံချက်သက်သေရှိ၊ မရှိကို အထောက်အထားပြု၍ ယုံကြည်နိုင်လောက်သော ထွက်ချက်ဖြစ်သည်ဟု ယူဆနိုင်ပါက တရားခံအား အပြစ်ဒဏ်ပေးနိုင်သည်။ သို့သော် ယင်းထွက်ဆိုချက်သည် ယုံကြည်နိုင်လောက်သော ထွက်ချက် ဟုတ်၊ မဟုတ်မှာ ၎င်းကိုထောက်ခံထားသော သက်သေများရှိ၊ မရှိပေါ်တွင် တည်နေ၍၊ ရှိပါက ပို၍အမှုကို ထင်ရှားစေသည်ဟုလည်း စီရင်ထုံးတစ်စောင်က ပြဆိုသည်။

(၁၀) ဆန့်ကျင်သက်သေ

သက်သေတစ်ဦးသည် ရဲစစ်ဆေးစဉ်ကတစ်မျိုး ထွက်ဆိုပြီး ရုံးရှေ့ရောက်သောအခါ ကွဲလွဲစွာထွက်ဆိုသဖြင့် ၎င်းအားရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ ဆန့်ကျင်ထွက်ဆိုသည့် သက်သေအဖြစ် ကြေညာခံရလျှင် ၎င်း၏ထွက်ချက်အား အလေးပေး၍ ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ကြောင်း (၁၉၆၆၊ မတစ၊ စာ-၆၈၄)တွင် ဖော်ပြသည်။

ရည်ညွှန်းကိုးကားချက်များ

အထက်ပါသက်သေအမျိုးမျိုး၏ အကြောင်း စီရင်ထုံးများကို ဆရာကြီးဦးမြ(တရားရေးအရာရှိ-(ငြိမ်း)၏ လက်တွေ့ စွယ်စုံဥပဒေစာအုပ်မှလည်းကောင်း၊ ဆရာကြီးဦးဘမောင်(ပုံ/ဘမောင်)၊ ဥပဒေဝန်ထမ်းအဆင့်(၁)၊ ရန်ကုန်တိုင်းတာဝန်ခံ၏ သင်ပြမှုမှတ်စုများမှလည်းကောင်း ရည်ညွှန်း ကိုးကားလျက် ထပ်ဆင့်လက်ကမ်းခြင်းဖြစ်ပါသည်။ သင်ဆရာ၊ မြင်ဆရာများ၏ ဥပဒေအတွေးများပါ။

စေတနာ

သက်သေတစ်ယောက်၏ တန်ဖိုးမည်မျှကြီးမားကြောင်း တရားခွင်အတွေ့အကြုံများနှင့် ဆရာကြီး၊ ဥပဒေပညာရှင်ကြီးများ၏ သွန်သင်ချက်များကို တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

ထိုင်းနိုင်ငံ ရနောင်းမြို့ မြန်မာရွှေ့ပြောင်းအလုပ်သမား စာသင်ကျောင်းမှ ဆရာဆရာမများ ကော့သောင်းသို့ ပြန်လည်ရောက်ရှိ

ကော့သောင်း ဩဂုတ် ၂၇

ထိုင်း-မြန်မာ နယ်စပ်ဖြစ်သည့် ကော့သောင်းမြို့တစ်ဖက်ကမ်း ထိုင်းနိုင်ငံ ရနောင်းဌာနီတွင် မြန်မာဘုန်းတော်ကြီးများ အုပ်ချုပ်စီမံဖွင့်လှစ်၍ မြန်မာရွှေ့ပြောင်း အလုပ်သမားကလေးငယ်များကို သင်ကြားပေးလျက်ရှိသည့် စာသင်ကျောင်းကို ဩဂုတ် ၂၄ ရက်က ထိုင်းအာဏာပိုင်အဖွဲ့အစည်းများမှ ဝင်ရောက်စစ်ဆေးကာ စာသင်ကြားပေးလျက်ရှိသည့်မြန်မာလူမျိုးဆရာ ၁၂ ဦး၊ ဆရာမ ၂၀ ကိုထိုင်းနိုင်ငံ အလုပ်သမားဥပဒေအရ အရေးယူခဲ့သည်။

မြန်မာရွှေ့ပြောင်းလုပ်သားများ ရေလမ်းခရီးမှ ပြန်လည်ဝင်ရောက်လာကြစဉ်။

အဆိုပါ ဆရာ ဆရာမများအား ယမန်နေ့ ညနေပိုင်းက ရနောင်းမြို့မှ တစ်ဆင့် မြန်မာအလုပ်သမားသံအရာရှိ ဦးကျော်စိုးဝေနှင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများက ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ ဒေသတာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ ဆရာ ဆရာမများသည် ထိုင်းနိုင်ငံရနောင်းမြို့ရှိ မြန်မာရွှေ့ပြောင်း အလုပ်သမား ကလေးငယ်များအား စာသင်ကြားပေးခြင်းဖြင့် ထိုင်းနိုင်ငံအတွင်း နိုင်ငံခြားသားအလုပ်သမားများ အနေဖြင့် လုပ်ကိုင်ခွင့်မရှိသည့် အလုပ်ကို လုပ်ကိုင်ခဲ့ခြင်းဖြစ်သဖြင့် ထိုင်းနိုင်ငံ အလုပ်သမားဥပဒေဖြင့် ငြိစွန်း၍ အရေးယူခံခဲ့ကြရခြင်းဖြစ်သည်။

လာရောက် လွှဲပြောင်းပေးသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနတို့မှ တာဝန်ရှိသူများက လက်ခံကြကာ ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဒုတိယအကြိမ် တနင်္သာရီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ပြန်လည်ရောက်ရှိပြီး လမ်းများရေကျော်နေ

တနင်္သာရီ ဩဂုတ် ၂၇

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ယနေ့နံနက်ပိုင်းက မြစ်ရေတိုင်းတာချက်အရ တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၇ ပေသို့ ပြန်လည်ရောက်ရှိနေပြီး ချောင်းကြီးရပ်ကွက်-ရွှေလိပ်ပြာလမ်း၊ တိုးချဲ့(၂) လမ်းနှင့် ချောင်းငယ်ရပ်ကွက်-သီတာလမ်း၊ ကူးတို့ဆိပ်လမ်းတို့တွင် မြစ်ရေကျော်လျက်ရှိကာ ချောင်းငယ်ရပ်ကွက်-ရေတွင်း တောင်လမ်းရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးအတွင်းသို့လည်း မြစ်ရေဝင်ရောက်နေပြီဖြစ်သည်။

ပထမအကြိမ်မြစ်ရေသည် ဩဂုတ် ၇ရက်မှ ၁၂ရက်အထိ တနင်္သာရီမြို့၏ အန္တရာယ်ရေမှတ် ၂၄ ပေထက် (နှစ်ပေနှင့် ခြောက်လက်မ) ကျော်လွန်၍ အမြင့်ဆုံးရောက်ရှိခဲ့ပြီး ဩဂုတ် ၂၁ ရက်မှာ ၁၀ ပေအထိ ပြန်လည်ကျဆင်းသွားခဲ့သည်။

တနင်္သာရီမြို့တွင်းလမ်းများ ရေလွှမ်းနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

ဩဂုတ် ၂၃ ရက် နံနက်ပိုင်းမှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းနေမှုကြောင့် မြစ်ရေတဖြည်းဖြည်း ပြန်တက်လာရာ ဩဂုတ်၂၇ ရက်တွင် တနင်္သာရီမြို့၏ စိုးရိမ်ရေမှတ် ၁၇ ပေအထိ ပြန်တက်လာခြင်းဖြစ်သည်။

သို့ဖြစ်၍ ပထမအကြိမ်မြစ်ရေကြီးစဉ် ဩဂုတ် ၈ ရက်မှစ၍ မြို့နယ်မီးသတ်ဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးအန္တရာယ် ယာယီကွပ်ကဲရေးရုံးကိုလည်း ရေဘေးသင့်ပြည်သူများအတွက် ဆက်လက် ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း၊ မည်သူမဆို လာရောက်လှူဒါန်း နိုင်ကြောင်းနှင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် မြစ်ရေကျော်ခြင်း မရှိသေးကြောင်း မြို့နယ်သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

ထိန်ဝင်း (ပြန်/ဆက်)

သက်ငယ်မုဒိမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး

ဗန်းမော် ဩဂုတ် ၂၇

ကချင်ပြည်နယ် ဗန်းမော်မြို့၌ သက်ငယ်မုဒိမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက်က သုံးမိုင်ရွှေပြည်သာရပ်ကွက်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ခိုင်က သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရသည့်အကြောင်းနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် ပြစ်မှု ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ဘုတလင်မြို့၌ ယစ်မျိုးလိုင်စင်များ ပေးအပ်

ဘုတလင် ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယစ်မျိုးလိုင်စင်များပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက်က ဘုတလင်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇော်က မြို့နယ်အတွင်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အမည်၊ အမျိုးအစားနှင့် တည်နေရာပြောင်းလဲ သည့် ယစ်မျိုးလိုင်စင်သုံးခု၊ အမျိုးအစားပြောင်းလဲသည့် ယစ်မျိုးလိုင်စင်တစ်ခု၊ တည်နေရာပြောင်းလဲသည့် ယစ်မျိုးလိုင်စင်တစ်ခု၊ အမည်ပြောင်းလဲသည့် ယစ်မျိုး လိုင်စင်နှစ်ခုကို တစ်ဦးချင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

တာချီလိတ် ဩဂုတ် ၂၇

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ကလေးသူငယ်များ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေသောအခြေခံမူလေးရပ်ကို ရှေးရှုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားသော မြန်မာနိုင်ငံ၏ကလေးသူငယ်ဥပဒေပါ ရည်ရွယ်ချက်ခြောက်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသောအဖွဲ့အစည်းများ၊ ကော်မတီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိစေရေး ပူးပေါင်းပါဝင်ကူညီပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အရှေ့ပိုင်း လူမှုဝန်ထမ်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က ကျိုင်းတုံ၊ တာချီလိတ်၊မိုင်းဖြတ်၊ မိုင်းယောင်းမြို့များရှိ မူကြိုကျောင်းများ၊ ပရဟိတကျောင်းများတွင် ကလေးသူငယ်များအတွက် ကြိုတင်ကာကွယ်မှုအဖြစ် အသိပညာပေးဟောပြောခြင်းများ၊ လူမှုရေးအသိပညာပေး သင်တန်းဖွင့်လှစ်ခြင်းများ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက သိလိုသည်များမေးမြန်းကြရာ ပြန်လည်ဖြေကြားခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

ငါ့သရောက်မြို့ ပျဉ်းပင်ဆည် ရေထိန်းတံခါး ရေမလုံမှု ပြန်လည်ပြုပြင်ပြီးစီး

ငါ့သရောက် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့အမှတ်(၂) ပျဉ်းပင်ရပ်ရှိ ပျဉ်းပင်ဆည်တွင်တပ်ဆင်ထားသည့် ရေထိန်းတံခါးပျက်စီးနေလျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထိန်နှင့် ဝန်ထမ်းများက ဩဂုတ် ၂၇ ရက်မှ စတင်ကာရေမလုံသည့် ရေထိန်းတံခါးကို ပြန်လည်ပြုပြင်ခဲ့သည်။

အဆိုပါ ရေထိန်းတံခါး၌ ရေစီးဆင်းသည့် ရေတံခါးအောက်ခြေနှင့် အဖွင့်အပိတ်ရေထိန်းတံခါးရှက် ကွာဟနေမှုကို ရေငုပ်ပြီး ရေထိန်းတံခါးအောက်ခံနေသည့် ဒိုက်နှင့် ကျောက်တုံးကျောက်ခဲများဖယ်ရှားကာ ရေထိန်းတံခါးမှ ရေအမြဲထွက်နေမှုကို ပြန်လည်ပြုပြင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပျဉ်းပင်ဆည်သည် ကျေးလက်ရေကန်(ခေါ်)ဆည် အသေးစားဖြစ်ပြီး ဆည်ရေသောက်ဖြင့် စပါးစိုက်ဧက ၁၅ ဧကခန့်နှင့် ရာသီမရွေးစိုက်ပျိုးနိုင်သည့် စိုက်ဧက ငါးဧကခန့်ကို ရေပေးဝေလျက်ရှိသည်။

အဆိုပါရေတံခါး ပြန်လည်ပြုပြင်နိုင်ခြင်းကြောင့် ဆည်အောက်ဘက်ရှိ လက်ငင်တွင်းများနှင့် အဝီစိရေတွင်းများ ရေပေါ်များလာနိုင်ကာ ယခုနှစ်အတွက် စိုက်ပျိုးရေလုံလောက်နိုင်ကြောင်း၊ ပျဉ်းပင်ဆည်ရေထိန်းတံခါးပြုပြင်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းတို့က ကြည့်ရှုစစ်ဆေးခဲ့ကာ ဆည်ရေအသုံးချရေး ရေကော်မတီအားလည်း စနစ်တကျရေအသုံးချစေရေးတို့ကို ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း သိရသည်။

မောင်မောင်ထိန် (ကျောက်ပန်းတောင်း)

ငါ့သရောက်မြို့ ပျဉ်းပင်ဆည်ရေထိန်းတံခါးအား ပြင်ဆင်ပေးနေမှုကို တွေ့ရစဉ်။

ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချလို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်ပါစို့

ဆင်လား၊ ခြင်လား၊ ရာသီလား

ဒေါက်တာစောဝင်း (ကလေးကျန်းမာရေး)

ကျန်းမာရေးဗဟုသုတကို လွန်စွာစိတ်ဝင်စားသော သားသမီးသုံးယောက်ဖခင် ကိုသိန်းဦးက ကျွန်တော့်အိမ်သို့ ရောက်လာသည်။ ကျွန်တော့်ရေးလက်စ ဆောင်းပါးခေါင်းစဉ်ကို ကြည့်ပြီး မေးခွန်းတွေ တသီတတန်းမေးတော့သည်။

မေး ။ ။ ဆရာ့ခေါင်းစဉ်က ဘာလဲဗျ။ ဘာတွေကို မေးခွန်းထုတ်နေတာလဲ။

ဖြေ ။ ။ ဒီနှစ်မှာဖြစ်နေတဲ့ တုပ်ကွေး သုံးမျိုးကို ပြောတာပါဗျ။ ဆင်တုပ်ကွေး၊ ခြင်ကြောင့်ဖြစ်တဲ့ သွေးလွန်တုပ်ကွေး၊ နောက် ရာသီတုပ်ကွေးတွေကိုပေါ့။

မေး ။ ။ တော်တော်အဖြစ်များသလား ဆရာ။

ဖြေ ။ ။ တော်တော်အဖြစ်များပါတယ်။ တစ်ခုပြီးတစ်ခုဖြစ်နေတော့ ကလေးတွေလည်း မကြာခဏဖျားတာပေါ့ဗျာ။ ဆက်တိုက်လိုလို တစ်ခုပြီးတစ်ခုဖြစ်ရင် အဖျားကြာတယ်လို့တောင် ယူဆသွားတတ်ပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေမှာ ပြင်ပလူနာရော၊ အတွင်းလူနာမှာရော ရုံလျှံသွားတဲ့အထိ ဖြစ်တာပါ။

မေး ။ ။ အဲဒီရောဂါတွေက တစ်ခုနဲ့တစ်ခု မတူပါဘူး။ တစ်ခုဖြစ်ပြီးရင်လည်း နောက်တစ်ခု ဖြစ်တာပဲလား။

ဖြေ ။ ။ တူတဲ့အချက်တွေရှိသလို မတူတဲ့အချက်တွေလည်းရှိပါတယ်။ အားလုံးက ဗိုင်းရပ်ပိုးကြောင့် ဖြစ်တာဆိုတော့ ပဋိဇီဝဆေးတွေက အသုံးမဝင်ဘူး။ ကိုယ်ခံအားက ရောဂါကို မနိုင်မချင်းတော့ တော်တော်လေး ဖျားနာကိုက်ခဲတာရှိတယ်။ ခံရတာပေါ့ဗျာ။ သို့သော် အဖျားကျဆေး၊ အကိုက်အခဲပျောက်ဆေးတွေနဲ့ အများကြီး သက်သာသွားနိုင်ပါတယ်။ ရောဂါလက္ခဏာနဲ့ အန္တရာယ်ရှိမှုတွေမှာတော့ ကွာခြားမှုရှိနိုင်ပါတယ်။

မေး ။ ။ ဘယ်တုပ်ကွေးက အန္တရာယ်အရှိဆုံးလဲဗျ။

ဖြေ ။ ။ ခြင်ကျားကိုက်လို့ဖြစ်တာကြောင့် ခြင်တုပ်ကွေးလို့ နာမည်ပေးထားတဲ့ သွေးလွန်တုပ်ကွေးကတော့ အဆိုးဆုံးပါ။ တချို့ကလေးနဲ့ လူကြီးတွေမှာ ခန္ဓာကိုယ်ရဲ့ တုံ့ပြန်မှုကြောင့်ဖြစ်တဲ့ သွေးလန့်ခြင်းဖြစ်နိုင်တယ်။ သွေးလန့်တာကို ကုသဖို့ ကြာသွားတဲ့လူနာတွေ ကိုယ်တွင်းအင်္ဂါတွေမှာ သွေးလွန်မှုဖြစ်နိုင်တယ်။ ဒါဆိုရင် အသက်အန္တရာယ်ရှိတာပေါ့။ ရာသီတုပ်ကွေးလို့ခေါ်တဲ့ H1N1 အပါအဝင် တုပ်ကွေးဗိုင်းရပ်ပိုးတွေကြောင့် ဖြစ်တဲ့ရာသီတုပ်ကွေးမှာတော့ အန္တရာယ်ရှိတဲ့အုပ်စုဖြစ်တဲ့ ငယ်လွန်းတဲ့ကလေး၊ ကြီးလွန်းတဲ့လူကြီး၊ ရောဂါအခံရှိတဲ့ ကလေး၊ လူကြီးတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ ပြင်းထန်တဲ့ အဆုတ်အအေးမိ ဖြစ်နိုင်တယ်။ ဒါကြောင့် အသက်ဆုံးရှုံးမှု ဖြစ်နိုင်တယ်။ ဆင်တုပ်ကွေးမှာတော့ အသက်အန္တရာယ်မရှိပါဘူး။

မေး ။ ။ ကဲဒါဖြင့် ဆရာ ဘယ်တုပ်ကွေးက စပြောချင်သလဲ။ ခေါင်းစဉ်တပ်ထားတဲ့ အတိုင်းဆိုရင်တော့ "ဆင်" က စရမှာပေါ့နော်။

ဖြေ ။ ။ ဟုတ်တယ်ဗျ။ "ဆင်တုပ်ကွေး" ကပဲစလိုက်မယ်။ ဘာလို့လဲဆိုတော့ အခုလောလောဆယ်တော့ အဖြစ်များဗိုလ်စွဲနေလို့ပေါ့ဗျာ။ ကလေးရော လူကြီးပါ တွေ့ရပါတယ်။ ဆင်တုပ်ကွေးကို ဆေးပညာအခေါ်အရတော့ Chic-kungunya လို့ခေါ်တယ်။ ဒါက အင်္ဂလိပ်စကား မဟုတ်ဘူး။ အာဖရိက စကားပါ။ ဆင်တုပ်ကွေးဖြစ်တဲ့လူတွေမှာ အဆစ်အမျက်တွေ ရောင်ရမ်းနာကျင်လွန်းလို့၊ ကွေးကောက်နေလို့ "ကွေးနေသောလူ" လို့ ခေါ်တာပါ။

မေး ။ ။ ဘယ်လို လက္ခဏာတွေရှိသလဲဗျ။

ဖြေ ။ ။ အဓိကကတော့ ဖျားတယ်ဗျ။ အဖျားကြီးတယ်။ တစ်ခါတစ်ရံ ချမ်းတုန်တက်တတ်တယ်။ အဖျားက ပထမ နှစ်ရက်၊ သုံးရက်လောက်မှာ တော်တော်ကြီးပြီး မကျဘူးဖြစ်တတ်တယ်။ နောက်တစ်ခု ထူးခြားတဲ့လက္ခဏာကတော့ အဆစ်အမျက်တွေနာကျင်ကိုက်ခဲတာပဲ။ တချို့ဆို လမ်းလျှောက်လို့ မရဘူး။ ကလေးငယ်တွေမှာ ခြေလက်တွေကို ကိုင်လိုက်၊ ရွှေ့လိုက်တာနဲ့ ငိုတာပဲ။ တချို့လူကြီးတွေမှာတော့ အဆစ်တွေရောင်ရမ်းပြီး ကြီးလာတာကို တွေ့ရတတ်တယ်။ တစ်ခါတလေ အဆစ်ရောင်တာ၊ နာတာက သုံးလေးပတ်လောက်တောင် ဖြစ်နိုင်တယ်။ ကလေးတွေမှာတော့ အဲ့လောက်ကြာအောင် မဖြစ်တတ်ဘူး။ နောက်ထူးခြားတဲ့လက္ခဏာတစ်ခုကတော့ ခန္ဓာကိုယ်မှာ အနီပိမ့်တွေ ထွက်တတ်တယ်။ အဲဒါတွေက စဖျားပြီး တစ်ရက် နှစ်ရက်အတွင်းမှာကို တွေ့ရတယ်။ တစ်ခါတလေကျတော့ နည်းနည်းနှာစေးတာရှိတတ်တယ်။ ချောင်းဆိုး၊ နှာစေးများများတော့ မရှိဘူး။ ဒါက ရာသီတုပ်ကွေးနဲ့ ကွာတာပါ။

မေး ။ ။ သွေးလွန်တုပ်ကွေးနဲ့ရော မှားနိုင်သလား။

ဖြေ ။ ။ မှားနိုင်တယ်။ သွေးလွန်တုပ်ကွေးမှာလည်း အဖျားကြီးပြီး ကိုယ်လက်တွေ ကိုက်ခဲနိုင်တယ်။ သွေးလွန်တုပ်ကွေးမှာ လုပ်တဲ့သွေးပေါင်ချိန်ကိရိယာနဲ့ စမ်းသပ်မှု (Hess Test) ကလည်း နှစ်ခုစလုံးမှာ လက္ခဏာပြနိုင်တယ်။ ဒါပေမယ့် အဆစ်အမျက်တွေကိုက်ခဲတာနဲ့ ပထမတစ်ရက်၊ နှစ်ရက်အတွင်း အနီပိမ့်တွေ ထွက်တာက ဆင်တုပ်ကွေးက ပိုဖြစ်တယ်။ သွေးစစ်ကြည့်ရင်လည်း ဆင်တုပ်ကွေးမှာ သွေးလွန်တုပ်ကွေးလို သွေးဥမွှား (Platelet count) ကျတာ မတွေ့ရတတ်ဘူး။ ဆင်တုပ်ကွေးမှာ သွေးလွန်တုပ်ကွေးလို အရေပြားသွေးယိုတာ၊ ကော်ဖီနှစ်ရောင် အန်တာတွေက မတွေ့ရတတ်ဘူး။ သွေးလန့်တာနဲ့ ကိုယ်တွင်းအင်္ဂါတွေမှာ သွေးယိုတာလည်း မတွေ့ရတတ်ပါဘူး။

မေး ။ ။ ဆင်တုပ်ကွေးက ဘာကြောင့်ဖြစ်တာလဲ။

ဖြေ ။ ။ ဆင်တုပ်ကွေးက ခြင်တုပ်ကွေး (သွေးလွန်တုပ်ကွေး) လိုပဲ ခြင်ကျား (ခေါ်) ခြင်ပုန်း ကိုက်လို့ဖြစ်တာပါ။ ကိုက်တဲ့ခြင်ကလည်း တူတယ်။ ရေကြည်၊ ရေသန့်မှာ ပေါက်ပြီး နေ့လယ်ဘက်မှာ ပိုကိုက်တတ်တဲ့ ခြင်ကျားကြောင့် ဖြစ်တာ။ ဒါကြောင့် ကာကွယ်မှုကလည်း အတူတူပဲ။

မေး ။ ။ ဆင်တုပ်ကွေးကို ဘယ်လိုကုသလဲ။

ဖြေ ။ ။ အဓိကကတော့ ရောဂါလက္ခဏာတွေကို ကုသခြင်း (Symptomatic Treatment) တွေ လုပ်ရတာပါ။ ပထမ နှစ်ရက် သုံးရက် အဖျားကြီးတဲ့ အချိန်မှာ အဖျားကျဆေး ပါရာစီတမော တိုက်ပေးရပါတယ်။ ကိုယ်အလေးချိန်နဲ့တွက်ပြီး ၄ နာရီတစ်ခါ၊ ၆ နာရီတစ်ခါ ပေးလို့ရပါတယ်။ ပေးပြီး ချွေးတွေထွက်လာရင် မသုတ်ပါနဲ့။ အင်္ကျီမလဲပါနဲ့၊ ချွေးက အငွေ့ပျံသွားမှ ခန္ဓာကိုယ်က အပူချိန်ကို စုပ်ယူသွားမှာပါ။ ဒီကြားထဲမှာ အဖျားတက်လို့ရှိရင်တော့ သွေးကြောကြီးကြီးတွေရှိတဲ့ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံတွေမှာ ရေပတ်ဝတ်တွေ တင်လို့ရပါတယ်။ သာမန်ဘုံဘိုင်ရေထဲမှာ အမွေးပွလက်ကိုင်ပဝါတွေကို စိမ်ပြီး ညှစ်ပစ်ပါ။ ပြီးတော့ လည်ပင်း နှစ်ဖက်၊ ချိုင်း နှစ်ဖက်၊ ပေါင်ခြံ နှစ်ဖက်မှာ တင်ပါ။ ခန္ဓာကိုယ်က အပူကို စုပ်သွားရင် အဲဒီအမွေးပွ လက်ကိုင်ပဝါတွေက ခြောက်သွားပါတယ်။ အဲဒီကျရင် ပြန်စိမ်ပြီးပြန်လုပ်ပါ။ ဒီနည်းနဲ့ အပူချိန်ကျတာကို လုပ်လို့ရပါတယ်။

မေး ။ ။ ရေချိုးတာရော မလုပ်ရဘူးလားဆရာ။

ဖြေ ။ ။ ရေချိုးပြီး ချက်ချင်းသုတ်ပစ်တော့ ခဏပဲ အပူချိန်ကျပြီး ချက်ချင်း အပူချိန် ပြန်တက်ပါတယ်။ ရေခဲရေနဲ့ ချိုးတာတော့ လုံးဝကို မလုပ်ရပါဘူး။ ခန္ဓာကိုယ် အရေပြားမှာရှိတဲ့ သွေးကြောလေးတွေကျုံ့သွားလို့ ခန္ဓာကိုယ်က အပူပျံ့လွင့်ဆုံးရှုံးမှုနည်းသွားတော့ ခဏသာအေးပြီး ကိုယ်အပူချိန်ကို ပိုတက်စေပါတယ်။

> **"ယေဘုယျအားဖြင့် ကောင်းမွန်တဲ့ကျန်းမာရေးအလေ့အကျင့်တွေကို လုပ်ကြရမယ်။ အာဟာရပြည့်ဝအောင်စားတာ၊ အနား ယူတာ၊ ကောင်းကောင်းအိပ်စက်တာတို့ပေါ့။ ဖြစ်လာရင် တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်၊ ဆရာမတွေကို ပြသင့်တယ်။ ဟိုလူပြော၊ ဒီလူပြော ဆေးမြီးတိုတွေ၊ စပ်ဆေးတွေနဲ့ မကုသသင့်ဘူး။ ကုန်ကျစရိတ်မတတ်နိုင်လည်း အစိုးရဆေးရုံ၊ ဆေးခန်းတွေ၊ စေတနာဆေးခန်းတွေမှာ ပြသလို့ရပါတယ်။ ဆင်တုပ်ကွေးနဲ့ ခြင်တုပ်ကွေးတွေမှာတော့ ပိုးလောက်လမ်းနဲ့ ခြင်နှိမ်နင်းရေး "ဖုံး၊ သွန်၊ ခပ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ မှုတ်" တွေကို ဥစ္စာရင်လို ဥစ္စာရင်ခဲ ကိုယ်တိုင်ကိုယ်ကျလုပ်ကြရမယ်။ ရာသီတုပ်ကွေးအတွက်ကတော့ လက်ဆေးရမယ်၊ နှာခေါင်းစည်းသုံးရမယ်၊ လူစုလူဝေးတတ်နိုင်သလောက် ရှောင်ရမယ်။ တစ်နှစ်တစ်ခါ ကာကွယ်ဆေးထိုးထားသင့်တယ်"**

မေး ။ ။ တချို့ကလည်း အခြားပိုထိရောက်တဲ့ အကိုက်အခဲပျောက်ဆေး၊ အဖျားကျဆေးတွေ သုံးကြပါတယ်။ အဲဒါရော သုံးသင့်ပါသလား။

ဖြေ ။ ။ အဖျားကျဆေးသုံးတဲ့နေရာမှာ ပါရာစီတမောအပြင် Ibuprofen ဆိုတဲ့ ဆေးလည်း ရှိပါတယ်။ သူကတော့ ပါရာစီတမောထက် ပိုပြီး အကိုက်အခဲ ပိုသက်သာစေပါတယ်။ ဒါပေမယ့်သူက ပါရာစီတမောလိုတော့ အန္တရာယ်မကင်းဘူး။ သွေးလွန်တုပ်ကွေးဖြစ်နေရင် အစာအိမ်က သွေးယိုတာဖြစ်နိုင်တယ်။ ဒါကြောင့် ဒီဆေးကို သုံးမယ်ဆိုရင်တော့ သွေးလွန်တုပ်ကွေးမဟုတ်ကြောင်း သိပ်ကိုသေချာမှ သုံးသင့်တယ်။ ပါရာစီတမောပဲပေးရင်လည်း တစ်ရက် နှစ်ရက်ကြာရင် အဖျားရော၊ ကိုက်ခဲတာရော သက်သာသွားပါတယ်။ ဒါကြောင့် ကျွန်တော်တော့ သိပ်မသုံးပါဘူး။ ဒီဆေးပေးမယ်ဆိုရင် အစာစားပြီးမှ ပေးရပါမယ်။ ပါရာစီတမောမှာတော့ အစာရှိဖို့ မလိုပါဘူး။

မေး ။ ။ သွေးစစ်တာနဲ့ ဆင်တုပ်ကွေးလား၊ ခြင်တုပ်ကွေးလား ခွဲလို့မရဘူးလား။

ဖြေ ။ ။ ပထမ တစ်ရက်၊ နှစ်ရက်မှာ ခွဲရခက်နိုင်ပါတယ်။ သွေးလွန်တုပ်ကွေးမှာ NS1Ag ဆိုတာ ပေါ်ရင်တော့ သေချာပါတယ်။ ဒါက သွေးလွန်တုပ်ကွေးဖြစ်တဲ့ လူတိုင်းမှာ မပေါ်ဘဲ၊ သုံးပုံနှစ်ပုံပဲ ပေါ်တော့ပေါ်ရင် သွေးလွန်တုပ်ကွေးလို့ ပြောလို့ရပေမယ့် မပေါ်ရင်ပြောလို့မရပါဘူး။ ဆင်တုပ်ကွေးရဲ့ပဋိပစ္စည်းကို စစ်တာကလည်း ဒုတိယပတ်မှာမှ စပြီးပေါ်မှာဆိုတော့ အစပိုင်းမှာ အသုံးမဝင်ပါဘူး။ အဓိကတော့ ရောဂါလက္ခဏာတွေနဲ့ ခွဲရတာပါ။

မေး ။ ။ ခြင်တုပ်ကွေး (သွေးလွန်တုပ်ကွေး) ကရော ဒီနှစ်အဖြစ်များသလား။

ဖြေ ။ ။ ဒီနှစ်ကတော့ အဖြစ်များတဲ့နှစ်လို့ မဆိုနိုင်ပါဘူး။ သို့သော် ကျွန်တော်တို့ ဆေးရုံဆေးခန်းတွေမှာတော့ အမြဲလိုလို တွေ့နေရပါတယ်။ သွေးလန့်တဲ့ ကလေးတွေလည်း တွေ့ရတာပါပဲ။ ဒီရန်သူဟောင်းကတော့ အမြဲသတိထားနေရမှာပါ။ အဖျားကြီးတဲ့လူနာ၊ မှိန်းတဲ့လူနာ၊ အစားအသောက်အရည်မဝင်တဲ့ လူတိုင်းမှာ သွေးလွန်တုပ်ကွေးဖြစ်နိုင်တာကြောင့် သတိထားကြည့်နေရမှာပါ။ သူက အသက်အန္တရာယ် ပေးနိုင်တဲ့ရောဂါပါ။

မေး ။ ။ ခြင်တုပ်ကွေး (သွေးလွန်တုပ်ကွေး)တင် တော်တော်ကြောက်နေရတာဗျာ။ အခု ဆင်တုပ်ကွေးက လာပြန်ပြီ။ ဒီခေတ်မှ ရောဂါတွေကလည်း အသစ်တွေ ပေါ်နေပါလားဗျ။

ဖြေ ။ ။ တကယ်တော့ ရောဂါအသစ်မဟုတ်ဘူးဗျ။ ဒီရောဂါက ကမ္ဘာတစ်ဝန်းမှာ ကြိုးကြားကြိုးကြားဖြစ်နေပြီး ဆင်တုပ်ကွေးဆိုတဲ့ အမည်ပေါ်ခဲ့တာက ၁၉၅၀ ပတ်ဝန်းကျင်လောက်ကတည်းက။ (၁၇) ရာစုတွင်းမှာ မြုပ်နှံခဲ့တဲ့ မံမီရုပ်အလောင်းတွေရဲ့ ဒီအင်န်အေမှာလည်း ဒီပိုးတွေတွေ့ရတယ်ဆိုတော့ ဖြစ်နေတာကြာပါပြီ။

မေး ။ ။ ဆင်တုပ်ကွေးရဲ့ ကောင်းတာလေးတွေ ပြောပါဦး။

ဖြေ ။ ။ ကောင်းတာကတော့ ဆင်တုပ်ကွေးက သွေးလွန်တုပ်ကွေးလို ပိုး လေးမျိုး မရှိဘူးဗျ၊ တစ်မျိုးတည်းပဲ။ တစ်ခါဖြစ်ပြီးရင်လည်း တစ်သက်တာ ကိုယ်ခံအား ရသွားတယ်။ နောက်ထပ် ထပ်မဖြစ်နိုင်တော့ဘူး။ သွေးလွန်တုပ်ကွေးကတော့ လူတစ်ယောက်မှာ လေးခါတိတိ ဖြစ်နိုင်တယ်။ ရာသီတုပ်ကွေးကတော့ နှစ်စဉ်ဗီဇ ပြောင်းနေလို့ နှစ်တိုင်းဖြစ်နိုင်တယ်။

မေး ။ ။ ရာသီတုပ်ကွေးဘက် လှည့်ကြဦးစို့ ဆရာ။ ဒီနှစ်မှာ တော်တော်ဖြစ်ပြီး အသေအပျောက်လည်း များတယ်ဆိုပဲ။

ဖြေ ။ ။ ရာသီတုပ်ကွေးကတော့ နှစ်တိုင်းဖြစ်နေကျပါဗျာ။ တုပ်ကွေးဗိုင်းရပ်က နှစ်စဉ်လူကြီးတွေရဲ့ ၅-၁၀ ရာခိုင်နှုန်းနဲ့ ကလေးတွေရဲ့ ၂၀-၃၀ ရာခိုင်နှုန်းကို ဝင်ရောက်နေကျပါ။ ဗီဇပြောင်းလဲမှု အကြီးအကျယ်ဖြစ်တဲ့ နှစ်တွေမှာတော့ ပိုအန္တရာယ်ကြီးပါတယ်။ ၂၀၀၉ ခုနှစ်က ဖြစ်ခဲ့ပါတယ်။

မေး ။ ။ အပေါ်က တုပ်ကွေးတွေနဲ့ရော ဘာကွာသလဲ။

ဖြေ ။ ။ ရာသီတုပ်ကွေးမှာလည်း အဖျားကြီးတာ၊ ကိုယ်လက်ကိုက်ခဲတာတွေကတော့ အတူတူပါပဲ။ ဒါပေမယ့် နှာစေးတာ၊ နှာရည်ယိုတာ၊ ချောင်းဆိုးတာတွေကတော့ ရာသီတုပ်ကွေးက အများကြီးပိုတယ်။ ဆင်တုပ်ကွေးနဲ့ ခြင်တုပ်ကွေးမှာ တွေ့ရတာနည်းတယ်။ ဒါနဲ့ အဓိက ခွဲခြားရတာပါပဲ။

မေး ။ ။ သူကရော အန္တရာယ်ရှိသလား။ သတင်းစာထဲမှာရော ရာသီတုပ်ကွေး H1N1 အကြောင်း နေ့တိုင်းဖတ်နေရတာပဲ။

ဖြေ ။ ။ ရာသီတုပ်ကွေးရဲ့အဓိကအန္တရာယ်ကတော့ နောက်ဆက်တွဲ ဗက်တီးရီးယားပိုးတွေဝင်ပြီး အဆုတ်အအေးမိ ဖြစ်တာပါပဲ။ အဲဒီလိုဖြစ်ရင် အသက်အန္တရာယ်ရှိနိုင်ပါတယ်။ သာမန်ဗီဇပြောင်းလဲမှုလောက်ပဲဖြစ်တဲ့နှစ်တွေမှာတော့ လူတိုင်းမှာ အသက်အန္တရာယ်မရှိပါဘူး။ ပဋိဇီဝဆေးတွေနဲ့ ထိထိရောက်ရောက်ကုသနိုင်ပါတယ်။ အန္တရာယ်ရှိတဲ့အုပ်စုတွေကတော့ ငယ်လွန်းတဲ့ကလေး၊ ကြီးလွန်းတဲ့လူကြီး (၆၅ နှစ်အထက်)၊ ရောဂါအခံရှိတဲ့သူ (ဥပမာ- ကလေးဆိုရင် မွေးရာပါနှလုံးရောဂါ၊ အာဟာရချို့တဲ့တာ၊ ပန်းနာရင်ကျပ်ရှိတာ၊ လူကြီးဆိုရင် ဆီးချို သွေးချို၊ နှလုံးရောဂါရှိတာ) နဲ့ ကိုယ်ဝန်ဆောင်မိခင်တွေ ဖြစ်ပါတယ်။ သူတို့မှာ နောက်ဆက်တွဲ အဆုတ်အအေးမိရင် ထိရောက်တဲ့ပဋိဇီဝဆေးတွေနဲ့ မှန်မှန်ကန်ကန် ကုသရမှာပါ။ အောက်ဆီဂျင်တို့၊ အသက်ရှူအားကူခြင်းတို့ စတာတွေလည်း လိုအပ်သလို လုပ်ရပါတယ်။ ကြီးမားတဲ့ ဗီဇပြောင်းလဲမှု (Antigenic Shift) ဖြစ်တဲ့ နှစ်တွေမှာတော့ နဂိုက ကျန်းမာတဲ့လူငယ်လူရွယ်တွေတောင် အသက်အန္တရာယ် ရှိနိုင်ပါတယ်။ ဒါက ၂၀၀၉ ခုနှစ်မှာ ဖြစ်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ အဲဒီလို ဖြစ်တာ မရှိပါဘူး။

မေး ။ ။ သူ့ကျတော့ ဘယ်လိုကာကွယ်ရမလဲ။

ဖြေ ။ ။ သူကတော့ ခြင်ကကူးတာမဟုတ်ဘူးဗျ။ ရောဂါဖြစ်တဲ့လူက နှာချေ၊ ချောင်းဆိုးတာနဲ့ ဗိုင်းရပ်ပိုးက လေထဲကို ပျံ့လွင့်သွားပြီး နောက်တစ်ယောက်ကို ကူးတာပါ။ ဒါကြောင့် လက်ဆေးတာ၊ နှာခေါင်းစည်းသုံးတာ၊ လူစုလူဝေးများတဲ့နေရာတွေ၊ ရှောင်ကြဉ်တာတွေက အသုံးဝင်ပါတယ်။ ရာသီတုပ်ကွေး ကာကွယ်ဆေးကို တစ်နှစ်တစ်ခါထိုးထားခြင်းဖြင့် ကာကွယ်နိုင်ပါတယ်။ အထူးသဖြင့် အန္တရာယ်ရှိတဲ့အုပ်စုတွေနဲ့ ရောဂါပိုးနဲ့ ထိတွေ့နိုင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေက နှစ်တိုင်းထိုးထားသင့်ပါတယ်။

မေး ။ ။ ကြောက်ပါပြီဆရာရယ်။ ဆရာ့ရဲ့ဆင်တွေ၊ ခြင်တွေ၊ ရာသီတွေကို။

ဖြေ ။ ။ သိပ်လည်း မကြောက်ပါနဲ့ဗျာ။ ဒါတွေက ကုသကာကွယ်လို့ရတဲ့ ရောဂါတွေပါ။ အသစ်အဆန်း အခုမှဖြစ်တာတွေလည်း မဟုတ်ပါဘူး။ အရင်ကတည်းက ရှိနေတာပါ။ ယေဘုယျအားဖြင့် ကောင်းမွန်တဲ့ကျန်းမာရေးအလေ့အကျင့်တွေကို လုပ်ကြရမယ်။ အာဟာရပြည့်ဝအောင်စားတာ၊ အနားယူတာ၊ ကောင်းကောင်း အိပ်စက်တာတို့ပေါ့။ ဖြစ်လာရင် တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်၊ ဆရာမတွေကို ပြသင့်တယ်။ ဟိုလူပြော၊ ဒီလူပြော ဆေးမြီးတိုတွေ၊ စပ်ဆေးတွေနဲ့ မကုသသင့်ဘူး။ ကုန်ကျစရိတ် မတတ်နိုင်လည်း အစိုးရဆေးရုံ၊ ဆေးခန်းတွေ၊ စေတနာဆေးခန်းတွေမှာ ပြသလို့ရပါတယ်။ ဆင်တုပ်ကွေးနဲ့ ခြင်တုပ်ကွေးတွေမှာတော့ ပိုးလောက်လမ်းနဲ့ ခြင်နှိမ်နင်းရေး "ဖုံး၊ သွန်၊ ခပ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ မှုတ်" တွေကို ဥစ္စာရင်လို ဥစ္စာရင်ခဲ ကိုယ်တိုင်ကိုယ်ကျလုပ်ကြရမယ်။ ရာသီတုပ်ကွေးအတွက်ကတော့ လက်ဆေးရမယ်၊ နှာခေါင်း စည်းသုံးရမယ်၊ လူစုလူဝေးတတ်နိုင်သလောက် ရှောင်ရမယ်။ တစ်နှစ်တစ်ခါ ကာကွယ်ဆေး ထိုးထားသင့်တယ်။ ဒါတွေကိုလိုက်နာ ကျင့်သုံးခြင်းဖြင့် ဆင်တုပ်ကွေး၊ ခြင်တုပ်ကွေး၊ ရာသီတုပ်ကွေးတွေရဲ့ အန္တရာယ်ကို နည်းနိုင်သမျှ နည်းအောင်လုပ်နိုင်ပါတယ်ဗျာ။ ။

အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးတွဲကျင်းပသည့် ထွန်းသစ်စအာရှနိုင်ငံများတွင် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံငွေချေး သက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်တင်မေဦးက အမှာစကားပြောကြားပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ Financial Sector Specialist ဖြစ်သူ Mr. Kosintr Puongsophol က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

"ကျွန်တော်တို့က အိမ်ရှင်အနေနဲ့ လက်ခံကျင်းပတာပါ။ အာရှမှာရှိတဲ့ စတော့အိတ်ချိန်းနဲ့ Regulator အတော်များများ လာတက်ကြတယ်ဆိုတော့ ကိုယ့်နိုင်ငံဈေးကွက်ကိုလည်း သူတို့မြင်သွားတယ်။ လာတက်တဲ့သူတွေရဲ့အတွေ့အကြုံတွေကိုလည်း ကျွန်တော်တို့ရတယ်။ ရင်းရင်းနှီးနှီးနဲ့ တွေ့ဆုံရတဲ့ပွဲလည်းဖြစ်တာမို့ ကျွန်တော်တို့နိုင်ငံအတွက် အများကြီး အကျိုးရှိပါတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်း အမှုဆောင်အကြီးတန်း မန်နေဂျာဦးသက်ထွန်းဦးက ပြောသည်။

အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် အစုရှယ်ယာများ အများပြည်သူသို့ ကနဦးကမ်းလှမ်း ရောင်းချခြင်းနှင့် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ ရောင်းဝယ်ခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အထကောင်းများ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အပေါ် ရင်းနှီးမြှုပ်နှံသူများ စိတ်ပါဝင်စားလာစေရန်နှင့် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်ရန် ဒေသတွင်းနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့် ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာနည်းစနစ်များ၊ အရင်းအနှီးဈေးကွက် တည်တံ့ခိုင်မြဲမှု အားကောင်းလာစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဖွင့်ဟထုတ်ဖော်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာနည်းစနစ်များ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ပေါ်အခြေခံသည့် ဘဏ္ဍာငွေဖြည့်ဆည်းပေးခြင်းဆိုင်ရာ နည်းလမ်းသစ်များကို လေးရက်ကြာ ကျင်းပမည်ဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက စာတွေ့လက်တွေ့ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးဆွေးနွေးပွဲ ကျင်းပစဉ်။

အဆိုပါ ထွန်းသစ်စအာရှနိုင်ငံများတွင် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ၊ ဆွေးနွေးပွဲများ၊ စဉ်ဆက်မပြတ် ကျင်းပရန်အတွက် ၁၉၉၈ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးများ၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကာ ၂၀၁၈ ခုနှစ် ဇွန်လအထိဆွေးနွေးပွဲ ၁၅၂ ပွဲကျင်းပခဲ့ရာ ငွေရေးကြေးရေး ဈေးကွက်စည်းကမ်းထိန်းကျောင်းသူနှင့် ကြီးကြပ်စစ်ဆေးသူ ၆၄၄၅ ဦးတို့အား လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးဗဟိုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် စသည့်ငွေရေးကြေးရေးဈေးကွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူများ၊ ကြီးကြပ်စစ်ဆေးသူများနှင့် တာဝန်ရှိသူများ၊ အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဖိတ်ကြားထားသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဆွေးနွေးပို့ချမည့်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း

သရက်မြို့နယ် တလပါးကျေးရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်နေ

သရက် ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တလပါးကျေးရွာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအရ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးကို ယမန်နေ့က စတင်ဆောင်ရွက်လျက်ရှိကြောင်း

ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ထားရှိမှုအား တာဝန်ရှိသူတို့ စစ်ဆေးစဉ်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မဟာဓာတ်အားလိုင်းရောက်ရှိသည့်နေရာမှ ၁၀ မိုင်နှင့်အထက် ဝေးကွာသော ကျေးရွာများကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တလပါးကျေးရွာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၉၀ အနက် ၁၂၃ အိမ်ကို တစ်အိမ်သုံး ဝပ် ၆၀ ဆိုလာ ၁၈ လုံး၊ ဝပ် ၁၀၀ ဆိုလာ ၁၀၅ လုံးနှင့် အများပြည်သူပိုင်နေရာများဖြစ်သော လမ်းမီးတိုင် ၁၃ တိုင်၊ အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်းတစ်ခု၊ ဘာသာရေး အဆောက်အအုံတစ်ခုတို့တွင် မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် တလပါးကျေးရွာအပါအဝင် ကျေးရွာပေါင်း ၂၂ ရွာရှိ အိမ်ခြေ ၁၄၀၃ အိမ်ကို တစ်အိမ်သုံး ဝပ် ၆၀ ဆိုလာ ၆၈၁ လုံး၊ ဝပ် ၁၀၀ ဆိုလာ ၇၂၂ လုံးနှင့် အများပြည်သူပိုင် နေရာများဖြစ်သော လမ်းမီးတိုင် ၁၈၄ တိုင်၊ အခြေခံပညာမူလတန်းကျောင်း ၁၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ ကျန်းမာရေး ဆေးပေးခန်း ခြောက်ခု၊ ဘာသာရေးအဆောက်အအုံ ၂၀ တို့တွင် မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးထံမှ သိရသည်။

သန်းလွင်(မကွေး)

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရုံး ဆောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ်/ယာမြေများအတွက် ဂန့်ဂေါ၌ လျော်ကြေးငွေ ပေးအပ်

ဂန့်ဂေါ ဩဂုတ် ၂၇

ဂန့်ဂေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံး ဆောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက် တောင်သူများသို့ မြေယာလျော်ကြေးငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်စိုးက မြေယာလျော်ကြေးငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရုံးဆောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ် ၀ ဒသမ ၇၂ ဧက၊ ယာ ၁ ဒသမ ၅၈ ဧက တို့အတွက် ငွေကျပ် ၃၈၁၀၀၀၀ ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများက တောင်သူ ခြောက်ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြေပြိုခြင်း အသိပညာပေး

စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ ၂၀၁၉ သဘင်နှင့် ရုပ်ရှင်ဆိုင်ရာစကားဝိုင်း ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MIPPA)မှ ကြီးမှူး၍ Mahar Mobile App နှင့် Tilleke & Gibbins တို့၏ ပံ့ပိုးကူညီမှုဖြင့် “စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေ ၂၀၁၉ သဘင်နှင့်ရုပ်ရှင်ဆိုင်ရာ စကားဝိုင်း” ကို အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ UMFCCI မင်္ဂလာခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစကားဝိုင်းတွင် သဘင်ဆိုင်ရာ မူပိုင်ခွင့်နှင့် ပတ်သက်သော အကြောင်းများကို ဒေါ်ပတ္တမြားကေခိုင်က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး သဘင်တီးဝိုင်းများအခန်းကဏ္ဍအတွက် မြန်မာပြည်ကျောက်စိမ်း၊ ပြဇာတ်ဆိုင်ရာအခန်းကဏ္ဍအတွက် ဦးဟန်ဇာမိုးဝင်းနှင့် ဥပဒေပိုင်းဆိုင်ရာအတွက်ဥပဒေပညာရှင် ရှေ့နေ ဦးနွယ်ဦးတို့ကလည်းကောင်း၊ ရုပ်ရှင်ဆိုင်ရာ မူပိုင်ခွင့်နှင့်ပတ်သက်သော အကြောင်းများကို ဦးအောင်စိုးဦးက ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး ထုတ်လုပ်သူများ အခန်းကဏ္ဍအတွက် ဒေါ်ဆွေဇင်ထိုက်၊ ဖြန့်ချိသူများ အခန်းကဏ္ဍအတွက် ဦးဝင်းခိုင်နှင့် Post Production and Editing အခန်းကဏ္ဍအတွက် ဦးဝဏ္ဏကျော်တို့ကလည်းကောင်း ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ယခု ကျင်းပမည့် “သဘင်နှင့်ရုပ်ရှင်ဆိုင်ရာ စကားဝိုင်း” သည် ၂၀၁၉ခုနှစ် မေလတွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော “စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေ” ကို သဘင်နှင့် ရုပ်ရှင်အသိုင်းအဝိုင်းမှ ပညာရှင်များက အားသာချက်၊ အားနည်းချက်များနှင့် နည်းဥပဒေထွက်ရှိပါက သဘင်နှင့်ရုပ်ရှင်မှ အနုပညာရှင်များက ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အနာဂတ်တွင် အနုပညာလုပ်ငန်းများကို စနစ်တကျ တီထွင်ဖန်တီးထုတ်လုပ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MIPPA) မှ Executive Officer ဦးကျော်လင်းက “(MIPPA) အနေဖြင့် နောက်လများမှာ ယခုလို စာပေ အနုပညာ မူပိုင်ခွင့်ဥပဒေ ၂၀၁၉ နှင့်ပတ်သက်သော မူပိုင်ခွင့်ဆိုင်ရာ စကားဝိုင်းများ ဆက်လက်ပြုလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ စကားဝိုင်းခေါင်းစဉ်တွေကိုတော့ “ပန်းချီနှင့် ဓာတ်ပုံအနုပညာရှင်များစကားဝိုင်း”၊ “ကာတွန်းနှင့် Digital Arts အနုပညာရှင်များစကားဝိုင်း”စတဲ့ ခေါင်းစဉ်တွေပေးဖို့ ရည်ရွယ်ထားပါတယ်”ဟု ပြောသည်။

သဘင်နှင့် ရုပ်ရှင်ဆိုင်ရာစကားဝိုင်းတွင် မျက်မှောက်ခေတ်ကြုံတွေ့ရသည့် မူပိုင်ခွင့်ဆိုင်ရာပြဿနာများ၊ မူပိုင်ခွင့်ဥပဒေနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်ရာ သဘင်နှင့် ရုပ်ရှင်ဆိုင်ရာအသိုင်းအဝိုင်းမှ အနုပညာရှင်များ၊ ဒါရိုက်တာများ၊ ထုတ်လုပ်သူများ၊ တီထွင်ဖန်တီးသူ အနုပညာရှင်များ၊ မူပိုင်ခွင့်ဥပဒေများကို လေ့လာလိုက်စားသူများ၊

စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ ဖုန်းနံပါတ်-၀၉၅၁၄၃၄၁၉၊ ၀၇၉၄၄၃၃၁၈၃၊ Email: mippa.myanmar@gmail.com, ipamyanmar14@gmail.com သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် တိုက်ပွဲများကြောင့် ရပ်တန့်ထားသော သွင်းကုန်ကားများ စတင်ထွက်ခွာ

မူဆယ် ဩဂုတ် ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်း နေရာအချို့တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း ရပ်နားထားသော သွင်းကုန်ကားအစီးရေ ၅၀၀ ခန့်သည် ဩဂုတ် ၂၇ ရက် နံနက် ၆ နာရီခန့်တွင် မူဆယ်မှ မန္တလေးဘက်သို့ စတင်ထွက်ခွာနေပြီဖြစ်ကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ရပ်တန့်ထားသော သွင်းကုန်ကား ထွက်ခွာနေစဉ်။

(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အကောက်ခွန်ဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူး ဦးနေလင်းအောင်က “ကျွန်တော်တို့ တာဝန်ထမ်းဆောင်နေတဲ့အတွင်းမှာ ဩဂုတ် ၁၅ ရက်ကစပြီး တိုက်ပွဲတွေကြောင့် ကုန်သွယ်မှုရပ်တန့်သွားခဲ့ပါတယ်။ ပို့ကုန်ကား လုံးဝ ဝင်ရောက်လာခြင်း မရှိသလောက်ဖြစ်သွားပါတယ်။ သွင်းကုန်ကားတွေကတော့ နေ့စဉ်လိုလို ဝင်ရောက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကားတွေ ဝင်သည်ဖြစ်စေ ၊ မဝင်သည်ဖြစ်စေ ကွင်းထဲမှာ နံနက် ၆ နာရီကနေ ညနေ ၆ နာရီခွဲအထိ လုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်။ သွင်းကုန်ကားတွေက နေ့စဉ်အခွန်ငွေ ပေးဆောင်စစ်ဆေးပြီး တင်သွင်းဖို့ အတွက် အဆင်သင့်ဖြစ်နေတဲ့ လုပ်ငန်းစဉ်အနေနဲ့တော့ နေ့စဉ် ယာဉ်အစီးရေ တစ်နေ့ ပျမ်းမျှအားဖြင့် ၅၀ ခန့် ရှိပါတယ်။ ရပ်တန့်သွားတဲ့ ၁၀ ရက်လောက်အတွင်းမှာတော့ ဇုန်ထဲမှာ ကုန်တင်ကားအစီးရေ ၃၀၀ ကျော်လောက်ရှိပါတယ်။ ၂၆ ရက် ညနေပိုင်းမှာ တပ်အဖွဲ့တွေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေက လမ်းရှင်းပေးလို့ လမ်းပွင့်သွားပြီး ကုန်ကားတွေ ညနေပိုင်းမှာ စထွက်နေတာဖြစ်ပါတယ်။ မနေ့က ထွက်သွားတဲ့ စာရင်းထဲမှာ သွင်းကုန်ကားအနေနဲ့ ၁၈၂ စီးထွက်သွားပါတယ်။ ၂၇ ရက် ညနေ ၃ နာရီဝန်းကျင်မှာ စစ်ဆေးပြီး ကုန်တင်ကားအစီးရေ ၂၈၁ စီးရှိပြီဖြစ်ပြီး ကုန်သွယ်မှုလမ်းကြောင်းကို စတင်ဆောင်ရွက်နေပါပြီ။ ထိုနည်းတူ ရပ်တန့်ခဲ့တဲ့ ပို့ကုန်ကားတွေလည်း စပြီး အနည်းငယ် ဝင်ရောက်လာတဲ့အတွက် စစ်ဆေးခံတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ အခုဆိုရင် သွင်းကုန်ကားတွေ ညနေပိုင်းအထိ အစီးရေ ၃၀၀ ကျော်လောက် ကုန်သွယ်ရေးဇုန်ထဲကနေ ထွက်သွားပါပြီ” ဟု ပြောသည်။

မူဆယ်-လားရှိုး-မန္တလေး လမ်းတွင် ကုန်တင်ကားမောင်းသည်မှာ ၁၀ နှစ်ခန့်ရှိပြီဆိုသည့် ဦးမိုးက “ကျွန်တော် တရုတ်ပြည်ကနေ ကုန်စုံတင်လာတာဖြစ်ပါတယ်။ အခု ကားကွင်းထဲမှာ ၁၃ ရက်လောက်ရှိပါပြီ။ တိုက်ပွဲဖြစ်တော့ ဒီမှာ အစစအရာရာ ဈေးကြီးသွားပါတယ်။ ကွမ်းတစ်ယာကအစ ဝယ်စားဖို့ ခက်ပါတယ်။ အခက်အခဲတွေကတော့ အများကြီးပါ။ ကိုယ်တစ်ယောက်တည်း ခက်ခဲတာတော့ မဟုတ်ပါဘူး။ ကားသမားတွေအားလုံး ခက်ခဲကြပါတယ်။ တချို့ကားသမားတွေနဲ့ ယာဉ်နောက်လိုက်တွေဆိုရင် ကားပေါ်မှာ ဖျားနေကြတာတွေလည်းရှိတယ်။ ကားသမားအချင်းချင်းတော့ ကိုယ်ချင်းစာပါတယ်။ အခုက သူ့မကယ်နိုင် ကိုယ့်မကယ်နိုင် ဖြစ်နေကြတာပါ။ အဓိက ကျွန်တော်ပြောချင်တာ တိုက်ပွဲတွေကြောင့် ကျွန်တော်တို့ ပြည်သူတွေ ဒုက္ခရောက်ကြပါတယ်။ ဒါကြောင့် ဘာအကြောင်းကြောင့်မှ မဖြစ်စေချင်ပါဘူး။ လမ်းကြောကို ဘေးကင်းစွာပဲ သွားချင်ပါတယ်။ ဒီနေ့လည်း လမ်းပွင့်တယ်ဆိုလို့ သွားရမှာ။ ဒါတောင် မနက်က ကွတ်ခိုင်နားမှာ ကားဘီးတွေကို ပစ်ဖောက်ထားတယ်လို့ ကြားတယ်။ မတတ်နိုင်ဘူး ၊ လမ်းကြောအခြေအနေကိုကြည့်ပြီး သွားရမှာပဲ” ဟု ပြောသည်။

သန့်ဇင်(မူဆယ်)

အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဥပဒေ(မူကြမ်း) ပြည်သူ့ထံချပြခြင်းနှင့်အကြံပြုချက်ရယူခြင်းအခမ်းအနား ကျင်းပ

ကျောက်ကြီး ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဥပဒေ (မူကြမ်း) ပြည်သူ့ထံချပြခြင်းနှင့် အကြံပြုချက်ရယူခြင်း အခမ်းအနားကို တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များ ကော်မတီဥက္ကဋ္ဌ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးခိုင်က အကျိုးတူ ပူးပေါင်းလယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ပြည်သူ့ထံချပြခြင်း နှင့် အကြံပြုချက် ရယူခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က အကျိုးတူ ပူးပေါင်းလယ်ယာစိုက်ပျိုးရေး လုပ်ငန်း ဥပဒေ (မူကြမ်း) အခန်း(၁) မှ အခန်း(၄)အထိ ရှင်းလင်းပြောကြား၍ ဥပဒေမူကြမ်း အခန်း (၅)မှ အခန်း (၁၂) အထိ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ဗိုလ်ကြီး ခင်မောင်ဝင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုသားကြီး(ကျောက်ကြီး)

(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ ကုန်တင်ကုန်ချလုပ်သားများ ဝင်ငွေနည်းပါးခြင်းကြောင့် မိသားစုစားဝတ်နေရေး အခက်ကြုံနေ

မူဆယ် ဩဂုတ် ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် မန္တလေးမြို့ဘက်မှ ကုန်တင်ယာဉ်များ ဝင်ရောက်မှု နည်းပါးနေသည့်အတွက် ကုန်တင်ကုန်ချလုပ်သားများ ဝင်ငွေနည်းပါးခြင်းကြောင့် မိသားစုစားဝတ်နေရေး အခက်အခဲ ကြုံတွေ့နေကြရကြောင်း သိရသည်။

မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့ကြားတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားခြင်းကြောင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်မှုနည်းပါးနေ၍ ကုန်တင်ကုန်ချလုပ်သားများ တစ်နေ့လုပ်အားခ ငွေကျပ် ၅၀၀ ကျော်ခန့်သာ ရရှိကြောင်း သိရသည်။

“ခါတိုင်းတော့ တစ်နေ့ကို ငွေကျပ် ရှစ်ထောင်ဝန်းကျင် ရကြတယ်။ ခုချိန်မှာတော့ လုပ်ခတွေ တော်တော်ကျသွားတဲ့အတွက် ငွေကျပ် ငါးရာ၊ ရှစ်ရာလောက်ပဲရတာ ၁၄ ရက်လောက်ရှိသွားပြီ။ ကုန်သွယ်ရေးလမ်းကြောင်းမှာ ကုန်တင်ယာဉ်တွေ အဝင်၊ အထွက်များမှသာ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေတာပါ”ဟု မူဆယ်မြို့ကုန်တင်ကုန်ချကြီးကြပ်ရေးမှူး ဦးလှဌေးဝင်းက ပြောကြားသည်။

(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ ကုန်တင်ကုန်ချ လုပ်သားအများစုသည် ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြပြီး အိမ်လခ၊ စားဝတ်နေရေးနှင့် ကလေးကျောင်းစရိတ် အခက်အခဲများ ကြုံတွေ့နေကြရသည်။

ကုန်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးပွင့်မှသာလျှင် အဆင်ပြေနိုင်မည်ဖြစ်သည့်အတွက် ကုန်သွယ်ရေးစီးဆင်းမှုများ ပုံမှန်အတိုင်း ပြန်လည်စီးဆင်းနိုင်ရန် မျှော်လင့်ခဲ့ကြပြီး ကုန်သွယ်စီးဆင်းမှု ရပ်တန့်နေသည်မှာ ၁၅ ရက်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့ကြားတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသော်လည်း တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်ကြီးများကို (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အတွင်းမှ ဩဂုတ် ၂၆ ရက် ညနေပိုင်းက စတင်စေလွှတ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

ကျောက်ဆည် ဆင်ပွဲကို အွန်လိုင်းမှသတင်းထုတ်လွှင့်နိုင်ရေး ညှိနှိုင်းဆွေးနွေး

ကျောက်ဆည် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်တိုင်း ကျင်းပသော ဆင်အကအလှပြိုင်ပွဲကို ယခုနှစ်တွင် ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ပြိုင်ပွဲကျင်းပပုံ အပါအဝင် လပြည့်နေ့တွင် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်ရှိ ဆုတောင်းပြည့်ဘုရား၌ ဆင်လှူပွဲတော်ကျင်းပပုံကို အွန်လိုင်းမှ သတင်းထုတ်လွှင့်နိုင်အောင် ဆောင်ရွက်သွားရေးအတွက် ညှိနှိုင်းအစည်းအဝေး တစ်ရပ်ကို ကျောက်ဆည်ခရိုင် စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ ဩဂုတ် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ယမန်နှစ်က ကျောက်ဆည်ဆင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့စဉ်။

အစည်းအဝေးတွင် ဆင်အက အလှပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းများ ထုတ်ပြန်ရာတွင် ဆင်ပြိုင်ပွဲသမိုင်းကြောင်းများကို အခြေခံပြီး သတင်းများ ထုတ်ပြန်မှသာ လူအများ ပိုမိုစိတ်ဝင်စားမည်ဖြစ်ကြောင်းနှင့် သတင်းများကို နိုင်ငံပိုင်သတင်းဌာနများ၊ ပြင်ပ ပုဂ္ဂလိက မီဒီယာများတွင် ထည့်သွင်းဖော်ပြ ပါရှိရေးတို့အပြင် ဆင်ပွဲတော်နှင့်ပတ်သက်သည့် သမိုင်းကြောင်း အချက်အလက်များ၊ ပြိုင်ပွဲအစီအစဉ်များကို အွန်လိုင်းပေါ်မှပါ ထုတ်ပြန်နိုင်ရေးအတွက် ဖေ့စ်ဘုတ်ပေါ်တွင် Page တစ်ခု တည်ဆောက်ဖွင့်လှစ်က မြန်မာနိုင်ငံမှသာမက ကမ္ဘာအနှံ့မှလည်း ကြည့်ရှုနိုင်အောင် ဆောင်ရွက်သွားရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)

ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမှုအစီအစဉ် မြို့နယ်များ၌ စတင်ပြုလုပ်

ယခုနှစ်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း ပိုလီယိုအရိုင်းပိုး ပြန်လည်တွေ့ရှိမှုကြောင့် မြို့နယ်ပေါင်း ၉၆ ခု၌ ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမှု အစီအစဉ်ကို ဩဂုတ်လကုန်ပိုင်းအတွင်း ပြုလုပ်နေပြီး မွေးစမှ အသက်ငါးနှစ်အထိ ကလေးငယ်တိုင်းအား ကာကွယ်ဆေးများ တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

ခမောက်ကြီး

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၆ ရက်က စတင် ဆောင်ရွက်ရာတွင် ခမောက်ကြီးမြို့အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့ရှိ မွေးကင်းစမှ ငါးနှစ်အရွယ်အထိ ကလေးငယ် ၃၃၂ ဦးအား ကာကွယ်ဆေးတိုက်နိုင်ခဲ့ပြီး ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံမှုရှိခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ဩဂုတ် ၂၇ ရက်တွင် အမှတ်(၃)ရပ်ကွက်နှင့် ချောင်းဝကျေးရွာ၊ ၂၈ ရက်တွင် (၃၈)မိုင် ယုဇနဆီအုန်းကုမ္ပဏီနှင့် ဇုန်များ၌ ကာကွယ်ဆေးများ သွားရောက်တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မယ်စဲ့

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဩဂုတ် ၂၆ ရက်က စတင်ဆောင်ရွက်နေပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ မွေးစမှ အသက် ငါးနှစ်အထိ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းနှင့် အသက် ၉ လမှ ၅ နှစ်အထိ ကလေးငယ်များအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မယ်စဲ့မြို့နယ်အတွင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ မြို့နယ်လုံးကျွတ် ဆောင်ရွက်သွားမည်ဖြစ်ကာ ကလေးငယ် ၈၉၁ ဦးအား ကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများကို ကလေးငယ် ၇၇၅ ဦးအား ထိုးနှံပေးသွားရန် ရည်မှန်းထားကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

ကျိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်း အစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များသို့ ကွင်းဆင်း၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ မွေးစမှ ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးကြပြီး ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများ ထိုးပေးခဲ့သည်။ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းကို ပထမအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ဒုတိယအကြိမ်ကို အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ထပ်မံ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

မွန်ပြည်နယ်အတွင်း ရေဘေးကြောင့် ဆုံးရှုံးမှုတန်ဖိုး ခန့်မှန်း ကျပ်သန်း ၁၅၀၀ ကျော်ရှိ

မော်လမြိုင် ဩဂုတ် ၂၇

ဩဂုတ် ၉ ရက်မှစ၍ မွန်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ဆုံးရှုံးမှုတန်ဖိုးသည် ဩဂုတ် ၂၅ ရက်အထိ ပျမ်းမျှ ကျပ်သန်း ၁၅၀၀ ကျော် ရှိနေကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၏ ပြောကြားချက်အရ သိရသည်။ အဆိုပါ ရေကြီးမှုသည် မွန်ပြည်နယ်၌ နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း၊ ယခင်နှစ်များက ရေကြီးမှုနှင့် တောင်ကျရေကျဆင်းမှု အနည်းငယ် ဖြစ်ပွားလေ့ရှိသော်လည်း ယခုနှစ်တွင် အဆိုးရွားဆုံး ရေကြီးရေလျှံခြင်းနှင့်အတူ တောင်ပြိုမှုများပါ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ အဆက်မပြတ် လုပ်ဆောင်ခဲ့ပါတယ်၊ စဖြစ်တဲ့ ၉ ရက်ကနေ ဒီနေ့အထိဆို ၁၅ ရက်ရှိပါပြီ၊ နေ့တိုင်း မိုးလင်းမိုးချုပ် မနားတမ်း ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်၊ ပထမ စဖြစ်တာက ၉ ရက် မနက်ပိုင်းမှာ ပေါင်မြို့နယ်က မလတ်တိုတောင်ပြိုကျပြီး ပေါင်မြို့နယ်အတွင်းမှာ ရေကြီးရေလျှံမှုဖြစ်တယ်၊ ဘီးလင်းမှာလည်း ဖြစ်နေပါပြီ၊ နောက် ၁၀ ရက်မှာ ရေးမြို့နဲ့ ၁၁ ရက်မှာ ကျိုက်မရောမြို့မှာ ရေကြီးမှု စဖြစ်ပွားခဲ့ပါတယ်၊ ကမ်းရိုးတန်းမှာနေကြတဲ့ ရွာများစွာမှာလည်း ရေနစ်မြုပ်မှုဒဏ်တွေကို အများဆုံး ခံစားခဲ့ရပါတယ်"ဟု ပြည်နယ်အတွင်း ရေဘေးကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

ရေဘေးမဖြစ်မီက ကြိုတင်ပြင်ဆင်ခဲ့မှုနှင့် ပတ်သက်၍လည်း ပြည်နယ်ဝန်ကြီးချုပ်က "ကျွန်တော်တို့ ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့တာတွေ ရှိပါတယ်၊ သဘာဝဘေး အများဆုံးဖြစ်နိုင်တဲ့ ဘီးလင်းမြို့ရယ်၊ နောက်ပြီး မနှစ်က ရေကြီးခဲ့တဲ့ မော်လမြိုင်မြို့ရယ်မှာ ပြင်ဆင်မှုတွေ လုပ်ထားခဲ့ပါတယ်၊ ကျိုက်မရောမြို့လည်း အပါအဝင်ပေါ့၊ ဖေဖော်ဝါရီလကတည်းက လုပ်ခဲ့တာပါ၊ ဘီးလင်းမြို့ရဲ့ တစ်ဖက်ကမ်းက ကျေးရွာတွေအတွက် ကယ်ဆယ်ရေးစခန်းတွေ ကြိုပြီး လုပ်ခဲ့ရပါတယ်၊ မြစ်ရေ စိုးရိမ်ရေမှတ် ရောက်ပြီဆိုတာနဲ့ ၁၀ ရက်စာ စားနပ်ရိက္ခာတွေကို ဘီးလင်းကို ကြိုပို့ထားတယ်" ဟု ပြောသည်။

တောင်ပြိုသည့်နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံနှင့် ပတ်သက်၍လည်း "တောင်ပြိုတဲ့ ဖြစ်ရပ်ဆိုရင် လမ်းပေါ် သုံးဖာလုံကျော်လောက်မှာ မြေတွေ ဖုံးလွှမ်းသွားတယ်၊ အဲဒီတော့ ကျွန်တော်တို့ ပြန်လည်ကယ်ဆယ်ရေး လုပ်ရပါတယ်၊ မြေအောက် ရောက်သွားတဲ့လူတွေ အများအပြားကို ရှာဖွေ ဖော်ထုတ်တာနဲ့ လမ်းအမြန်ပြန်ပွင့်အောင် မြေသယ်ယာဉ် ၁၈ စီးနဲ့ လုပ်ခဲ့ရပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆက်ပြောပြသည်။

လက်ရှိအချိန်တွင် မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နေပြီး ပျက်စီးသွားခဲ့သော လမ်း၊ တံတားများကိုလည်း ယာယီ အစားထိုး ပြုပြင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံအနှံ့မှ ပြည်သူများကလည်း တတ်နိုင်သမျှ ကူညီလှူဒါန်းနေကြကြောင်း သိရသည်။

"အလှူငွေတွေနဲ့ အဓိက သုံးမှာကတော့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍပါ၊ အလျင်အမြန် ကျောင်းတွေ ပြန်ဖွင့်နိုင်ဖို့လည်း လိုပါတယ်၊ အဲဒီအတွက် အဓိကထား သုံးစွဲသွားမှာဖြစ်ပါတယ်၊ အဲဒါပြီးမှသာလျှင် နောင်ဖြစ်နိုင်မယ့် သဘာဝဘေးအန္တရာယ်တွေအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ ပြည်ထောင်စုရန်ပုံငွေနဲ့ အလှူငွေတွေ ပေါင်းစပ်ပြီးတော့ သုံးစွဲသွားမှာဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ကိုလင်း

မင်းဘူးမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ၉၁ ရာခိုင်နှုန်းကျော် ထုတ်ချေးပြီးစီး

မင်းဘူး ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ် ၂၆ ရက်အထိ ချေးငွေ ၉၁ ရာခိုင်နှုန်းကျော် ထုတ်ချေးပြီးဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစိုးမင်းဝင်းထံမှ သိရသည်။

မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၇ ခုမှ လယ်သမား တစ်သောင်းကျော်၏ မိုးစပါး ဧက ၃၀၀၀၀ ကျော်နှင့် အခြားသီးနှံ ဧက ၃၀၀၀၀ ကျော်အတွက် မိုးစပါး တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ချေးငွေ ကျပ်သန်းပေါင်း ၇၅၀၀၀ ခန့် လျာထားရာ ဩဂုတ် ၂၆ ရက်အထိ ကျေးရွာအုပ်စု ၆၅ စုမှ တောင်သူ ၉၈၂၅ ဦး၏ စိုက်ဧက ၅၇၅၆၉ ဧကအတွက် ချေးငွေ ကျပ် ၇၀၇၆၅ သန်း ထုတ်ချေးပြီးဖြစ်၍ ၉၁ ရာခိုင်နှုန်းကျော် ပြီးစီးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကို စက်တင်ဘာလထဲတွင် ရာနှုန်းပြည့် ပြီးစီးအောင် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းများ ဆောမြို့၌ ဆောင်ရွက်

ဆော ဩဂုတ် ၂၇

ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးအတွက် မြို့နယ်ရဲစခန်းမှူး

ဒုရဲမှူးဝင်းထိုက်နှင့် ဂန့်ဂေါခရိုင် အမှတ်(၁၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်ထွန်း ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးခြင်းနှင့် စစ်ဆေးအရေးယူမှုများကို ဩဂုတ် ၂၆ ရက်က ဆောမြို့ ဗိုလ်ချုပ်လမ်းဆုံ၌ ဆောင်ရွက်ခဲ့သည်။

လမ်းသွားလမ်းလာများ စီးနင်းလာသည့်ယာဉ်များကို စစ်ဆေး၍ မော်တော်ယာဉ် ရှစ်စီးနှင့် ဆိုင်ကယ် ၂၉ စီးမှ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး ပညာပေးဟောပြောပြီး စည်းကမ်းဖောက်ဖျက်သည့် ကားနှင့် ဆိုင်ကယ်များကို အရေးယူမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ပူးပေါင်းအဖွဲ့သည် ဆောမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး အသိပညာပေး ဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး ကျေးရွာနှစ်ရွာ၌ ပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာနှင့် လယ်ဝေးမြို့နယ် ရွာသစ်ကျေးရွာတို့မှ ပြည်သူများအား လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေးဆိုင်ရာ သိကောင်းစရာများကို ရဲတပ်ဖွဲ့က ဩဂုတ် ၁၉ ရက်က ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သပြေစမ်းကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်သည့် ဟောပြောပွဲတွင် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးမြသောင်းက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသိန်းနှင့် ကျေးရွာနေပြည်သူ ၈၀ ခန့်အား သက်ငယ်မုဒိမ်းမှု မဖြစ်စေရန် သတိပြုရမည့်အချက်များနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သလို ရွာသစ်ကျေးရွာ၌ ပြုလုပ်သည့် ဟောပြောပွဲတွင် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဆွေက သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးနှင့် ရဲတပ်သားသစ် စုဆောင်းရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

မင်းမင်းလတ်(ရှုပဗေဒ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ မြင်သာရပ်ကွက်နေ ဦးတာမှ ကွင်း/အကွက်အမှတ် (၁၃/မြင်သာအရှေ့)၊ ဦးပိုင်အမှတ်(F-၁၃၀)၊ ဧရိယာ ၀ဒသမ၀၆၀ဧကရှိ မြေကွက်ကို ဦးတာအမည်ဖြင့် ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်၊ ယုဇနလမ်းမှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၂၃၀၁)ကို မြေကွက်အမည်ပေါက် ဒေါ်ခင်ညိုရီ ၉/ပမန(နိုင်)၀၉၉၀၂၄ (ဘ)ဦးဖိုးအီမှ သမီးဒေါ်ယုနွယ်မြင့် ၉/ပမန(နိုင်) ၁၅၇၄၂၄ (ဘ)ဦးရဲမြင့်နှင့် မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်မ မဥမ္မာခိုင် (ဘ) ဦးစိန်ဝင်း ၉/လဝန(နိုင်)၁၉၂၄၅၃၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၉၅၅၉၈၂**

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက(ကက်သာ) သတ္တမတန်းမှ မစန်းစန်းမြင့်နှင့် မငွေငွေဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးရန်ခိုကျင်းလယ် ၅/ဟမလ(နိုင်)၀၆၉၂၉၂ ဖြစ်ပါကြောင်း။

ဦးရန်ခိုကျင်းလယ်

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နှင်းဝေစိုး (ဘ) ဦးစိုးမြင့် ၉/ပမန(နိုင်)၁၂၃၀၁၉၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၄၅၄၇၇၀**

ဖခင်အမည်မှန်

ဦးငွေမြင့် (သထုံ)

ကုန်သွယ်ရေး(၁)ငြိမ်း

အသက်(၇၆)နှစ်

သထုံမြို့၊ ဈေးမသွယ်ရွာနေ (ဦးချစ်ဟန်-ဒေါ်ဖွားရှိန်)၊ (ဦးဘသန်း-ဒေါ်သန်းသန်း)တို့၏သား၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ (ဦးလှစိန်-ဒေါ်အေးသောင်း)၊ (ဦးစိုးညွန့်-ဒေါ်အေးသိန်း)၊ (ဦးမြတ်သိန်း)-ဒေါ်ခင်မြင့်တို့၏ ညီ/မောင်၊ ဦးသက်ထွေးဇော်(Yum Yum)-ဒေါ်ဖြူဖြူသန်း၊ ဒေါက်တာပိုက်ထွေး (မွေး/ကု) တိုက်ကြီး-ဒေါ်နှင်းနုနုထွေးတို့၏ဖခင်၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ပျဉ်းမပင် မွေး/ကု ဝန်ထမ်းအိမ်ရာ အမှတ်(၃) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေးညွန့် (မအူပင်)

(ဌာနခွဲမှူး၊ ဘဏ္ဍာရေး၊ ပင်စင်ဌာန၊ စက်မှုအထည်)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၁၄၊ အခန်း ၁၄၊ ရန်ရှင်းလမ်း၊ (၃)ရပ်ကွက်နေ (ဦးဘဖြိုး-ဒေါ်သန်းသန်း)တို့၏သမီး [ဦးတင်ဖေ(လ/ထ ညွှန်ကြားရေးမှူး၊ အထည်အလိပ်၊ စက်မှု(၁)]၏ဇနီး၊ ဦးဖေညွန့်ဦး-ဒေါ်ခင်မာကြည်၊ ဦးဖေညွန့်ထူး၊ ဦးရည်မွန်(Chief Engineer, Gewin Co.,Ltd.)-ဒေါ်မီမီတင် (တွဲဖက်ပါမောက္ခ၊ ထိုင်းဘာသာဌာန၊YUFL)၊ ဦးဖေညွန့်လင်း-ဒေါက်တာမူမူကျော်(ကထိက၊ ရူပဗေဒဌာန၊ဒဂုံတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်သက်ထူးဇော် [Fouth Year (NS)၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်]၏အဘွားသည် ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့)နံနက်၇း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၉ရက်(တနင်္လာနေ့)တွင် တိုက်၂၁၄၊ အခန်း ၁၄၊ရန်ရှင်းလမ်း၊ (၃)ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်လှလှယု

အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ(ဒေါက်တာအာယု-ဒေါ်ကြင်စင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးကျော်အေး-ဒေါ်ဖြူ) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ကွက်သစ်(၂)လမ်းအနောက်၊ အမှတ် ၄၈နေ ဦးချိန်ဟောက်(ခ)ဦးအေးထွန်း၏ ချစ်လှစွာသောဇနီး၊ ဦးသန်းထွန်း-ဒေါ်ဥမ္မာထွန်း၊ ဦးရဲထွန်း(ခ)ဦးအောင်သူ-(မပပ)၊ ဦးအောင်သက်ထွန်း(ခ)ဦးအောင်အောင်-မသီတာ၊ ဦးဖြိုးလေး-မဇင်မာထွန်းတို့၏ချစ်လှစွာသောမိခင်၊ မောင်ရဲနိုင်ထွန်း-မမေမီခိုင်ဝင်း၊ မငြိမ်းအိအိထွန်း၊ မပပမိုးဦး၊ မလှအင်ကြင်းကို၊မအေးဇာခြည်မင်း၊ မောင်ဖြိုးသန့်ကျော်၊ မနှင်းသန့်ဝတီတို့၏အဘွားသည် ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/8541 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

အောင်စကြာဘုရား၊ အောင်စကြာဓမ္မစေတီခေါင်းလောင်း ဒါယိကာမကြီး

ဒေါ်အေးမြင့်(ခ)မေရီဘမောင်(ခ)မေရီမြင့်ဦး

(စိန့်ဂျွန်းကွန်ဗင့် ကျောင်းသူဟောင်း) (မုံရွာ)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဘားလမ်းနေ ဦးဘမောင်-ဒေါ်သန်းသန်းတို့၏သမီး၊ မုံရွာမြို့၊ အလယ်ရပ်နေ ဆရာကြီးဦးလှ-ဒေါ်အေးတို့၏ချွေးမ၊ ဦးကျော်ငြိမ်း-ဒေါ်ညွန့်ညွန့်မူ၊ ဦးတင်အောင်-ဒေါ်အုန်းမြင့်၊ ဦးလှထွန်း-ဒေါ်ကြင်ကြင်၊ ဦးအုန်းရွှေ-ဒေါ်ခိုင်မာဦးတို့၏ညီမ၊ ဦးလှကျော်-ဒေါ်ညွန့်ညွန့်၊ ဦးအောင်သိန်း-ဒေါ်မိမိ၊ ဦးတင်ထွေး-ဒေါ်နုနုလှိုင်တို့၏အစ်မ၊ ဒေါက်တာခင်မြင့်အေး(ခ)မချောစု [တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ မုံရွာတက္ကသိုလ်]၊ ကိုကျော်ဝင်းအောင်-မဝင်းဝင်းထက် ("Htet Htet" Beauty Saloon & Fashion)တို့၏မိခင်၊ အငြိမ်းစား အထက်တန်းပြဆရာကြီး ဦးမောင်မောင်(မိုးဦးပန်း ကိုယ်ပိုင်အထက်တန်းကျောင်း)၏ဇနီးသည် ၄-၈-၂၀၁၉ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ရက်တွင် မုံရွာမြို့၊ ဆားကျင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၉ရက်တွင် လ,လည်ဆွမ်းတရားနာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောတင်သိန်း

အသက်(၇၈)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၃)ရပ်ကွက်၊ ဓမ္မပီယအနောက်လမ်း၊P.W.D ကုန်းနေ (ဦးဆယ်နီထူး-ဒေါ်မယ်ပွင့်)တို့၏သား၊ ဒေါ်ဖရီဒါ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဇရာချမ်းသာကွန်ဒို၊ အမှတ် ၁၁အေ/၂၄၆ နေဒေါ်ဆန်းမိုးသိန်း-ဦးဇော်ထူးတို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်၏အဘိုးသည် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၂၅-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ၄နာရီတွင်ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်း စုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မြေသို့အပ်နှံခြင်း အစီအစဉ်ကို ပြုလုပ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်အေးခင် (မောင်တော)

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၅)နေ (ဦးဘဦး-ဒေါ်မနု)တို့၏သမီး၊ (ဦးဦးစောထွန်း)၏ဇနီး၊ ဒေါက်တာခင်မောင်ကြီး-ဒေါက်တာသန်းသန်းအေး၊ ဒုတိယဗိုလ်မှူးကြီးစောမောင်(တပ်မတော်ဆေးတက္ကသိုလ်-ငြိမ်း)-ဒေါ်ခင်ခင်စု၊ ဒေါက်တာစံသာကျော်(စက်ရုံမှူး-ငြိမ်း၊ စက်မှု-၁)-ဒေါ်တင်တင်ဝင်း(ထ/ပြ-ငြိမ်း၊ လ-၁၊ တောင်ဥက္ကလာ)၊ ဒေါ်စံသာ (ထ/ပြ-ငြိမ်း၊ ထ-၁၊ မင်္ဂလာတောင်ညွန့်)၊ ဒေါက်တာဒေါ်စံအေး (ဒုတိယပါမောက္ခချုပ်-ငြိမ်း၊ စစ်တွေတက္ကသိုလ်) Kings International School၊ (ဦးအောင်ခိုင်)-ဒေါ်ဝင်နီသိန်း၊ ဦးစိန်သန်း-ဒေါက်တာဒေါ်စံခိုင် (ပါမောက္ခ၊ ဌာနမှူး၊ ရက္ခဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘောင်ရှင်သည် ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါ ပုဇွန်တောင်မြို့နယ် နေအိမ်မှကားများ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်တောမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်အေးခင် (မောင်တော) အသက်(၉၉)နှစ်

မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန် အသင်းဝင် ဒေါ်အေးခင်သည် ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မောင်တောမြို့နယ် အသင်းသူ/အသင်းသားများအား လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (ရေကျော်၊ ယုဇနလမ်း အမှတ်(၅)မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

မမြင့်မြင့်ခိုင်

အသက်(၃၂)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အင်ကြင်းလမ်းနှင့်သစ္စာလမ်းထောင့်၊ အိမ်အမှတ်(၂)နေ ဦးကျော်မြင့်-ဒေါ်အမာစိန်တို့၏သမီး၊ ဦးမောင်ခန့်-ဒေါ်စိန်တင်တို့၏သမီးချွေးမ၊ ကိုသက်ကိုကိုအောင်-မနှင်းနှင်းခိုင်တို့၏ညီမ၊ ကိုကျော်ရဲလွင်၏အစ်မ၊ မလှဲ့ရူပါမိုး၊ မောင်စွမ်းဒီပလင်းတို့၏မိခင်၊ ကိုမိုးလွင်(မိုးလွင်ကားဝပ်ရှော့)၏ချစ်လှစွာသောဇနီးသည် ၂၆-၈-၂၀၁၉(တနင်္လာနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် သပြေကုန်းနေအိမ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြို့မဈေးဓမ္မာရုံရှေ့မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး ၍ ၁-၉-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အင်ကြင်းလမ်းနှင့် သစ္စာလမ်းထောင့်၊ အိမ်အမှတ်(၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှသောင်း [ဒု-အရာခံဗိုလ်(ငြိမ်း)]ရ.တ.ခ အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နေ (ဦးအောင်ထွန်း-ဒေါ်မြရှင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၆၆)၊ မေတ္တာလမ်းနေ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဦးမောင်ပို(ဆည်မြောင်းဦးစီး/စမိုင်)-ဒေါ်ညီညီလှ၊ ဦးသက်မောင်-ဒေါ်သက်နန္ဒာလတ်(U.S.A)၊ ဒေါ်စိန်စိန်လှ(စမိုင်၊ ရန်ကုန် မြို့)၊ ဦးဝင်းပြုံး(ဒု-ညွှန်မှူး/အမှတ်(၄)ကုန်းမြင့်လယ်ယာရုံး)-ဒေါ်အေးအေးသောင်း၊ ဒေါ်အေးအေးသွယ် (ကျောင်းပြင်ပနှင့်ဘဝတစ်သက်တာပညာရေးဦးစီးဌာန/နေပြည်တော်)တို့၏ဖခင်၊ မောင်အောင်ဇေယျသောင်း၊ မောင်သန့်ဇင်အောင်-မနှင်းနှင်း၊ မောင်ထင်နကွန်၊ မောင်အောင်ချမ်းငြိမ်း(အလက၊ ကုန်းပေါ်)တို့၏အဘိုး၊ မမြတ်ဣန္ဒြေသွင်(ခ)ဖီဖီ၏အဘေးသည် ၂၆-၈-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် စဥ့်ဟယ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

သိက္ခာတော်ရဆရာကြီးဦးမြင့်လွင်

မြောက်ဥက္ကလာပနှစ်ခြင်းခရစ်ယာန်အသင်းတော်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၁၁)လမ်း၊ အမှတ်(၃၈၃)နေ [ဦးအောင်သူ(ခ)ဦးဖိုးမြ-ဒေါ်အောင်ဘုံ]တို့၏သား၊ (ဦးဘစိန်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ ဒေါ်ရှသ်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုကြီး-ဒေါ်သူဇာလွင်(Alics)၊ ဦးမောင်မောင်လွင် (David)-နန့်တင်တင်ဦး၊ [ဦးကျော်စွာလွင်(Henry)]-ဒေါ်လှလှထွန်း၊ [ဦးမျိုးဇင်လွင်(Shrew)]-နော်လေးသာဖော၊တို့၏ချစ်လှစွာသောဖခင်၊ မသီရိကျော်စွာကူး၊ စောလမင်းကိုကြီး၊ နော်မေစန္ဒီကိုကြီး၊ မယမင်းကျော်စွာဒီးတို့၏အဘိုးသည် ၂၇-၈-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၀နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် မြောက်ဥက္ကလာပနှစ်ခြင်းခရစ်ယာန်အသင်းတော် ၌ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အသင်းတော်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းမာ (မော်လမြိုင်)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ငှက်တော်လမ်း၊ အမှတ် ၁၉၁/၁နေ (ဦးဂွမ်ရုံ-ဒေါ်တင်ညွှန့်)တို့၏ သမီး၊ (ဦးထွန်းငြိမ်း-ဒေါ်သန်းစိန်)တို့၏သမီးချွေးမ၊ (ဦးထွန်းသိန်း)၏ဇနီး၊ ဦးနိုင်နိုင်ဦး(Ge Win Maritime Co.,Ltd.,)- ဒေါ်လွင်နွယ်ဦး၊ ဦးခင်မောင်ကျော်(Raffles Shipping Co.,Ltd)-ဒေါ်ခင်မာထွန်း၊ ဦးကျော်သူထွန်း-ဒေါ်ကျော့ကေခိုင်ဦး (Y.C.D.C ဈေးများဌာန)၊ (ဦးသိန်းထူးအောင်)-ဒေါ်နွေယုခိုင်၊ ဦးပြည့်ဖြိုးသိန်း(Lizstar Co.,Ltd)-ဒေါ်ဆုရည်မို့မို့(Htoo Foundation)တို့၏မိခင်၊ မခိုင်မြတ်နိုးကျော်၊ မရွှေရည်ဝင်း၊ မောင်အောင်ဖုန်းမြတ်၊ မောင်ကောင်းခန့်ကျော်၊ မောင်မြတ်ဘုန်းခန့်၊ မဆုပြည့်သဒ္ဒါတို့၏အဘွားသည်၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ဝ၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၉ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ မြေကွက်အမှတ်(၅၁၁)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးခင်မောင်သိန်း(YMN-၁၆၈၂၅၉) အမည်ပေါက်ပါမစ်မြေကွက် အနက်မှ ခြေရင်းဘက် (၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြတ်သန္တာဦး (၁၂/ဒဂတ (နိုင်) ဝ၀၃၅၁၇) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9361 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

သွေးသည် အသက်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2950 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ရွှေနှစ်ခု၊ ငွေတစ်ခု ဆွတ်ခူးရရှိထား

နေပြည်တော် ဩဂုတ် ၂၇

၂၀၁၉ ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာပိုက်ကျော်ခြင်းအသင်းသည် ဩဂုတ် ၂၇ ရက် ပွဲစဉ်များအပြီးတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားသည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှစ၍ ကျင်းပလျက်ရှိပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် အမျိုးသမီးကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် လာအိုအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်သော်လည်း တရုတ် (တိုင်ပေ)အသင်းကို နှစ်ပွဲပြတ်အနိုင်ရကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❖

ရွှေတံဆိပ်ရ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း။ ဓာတ်ပုံ- ပိုက်ကျော်ခြင်းအဖွဲ့ချုပ်

ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများနှင့်ပတ်သက်၍ အမိန့်တစ်ရပ် ထုတ်ပြန် စာမျက်နှာ » ၂

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၃၀ တွင် ရေပိုလျှံမှု ရေကျော်ကျလျက်ရှိ စာမျက်နှာ » ၁၃

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ ၂၀၁၉ သဘင်နှင့် ရုပ်ရှင်ဆိုင်ရာ စကားဝိုင်း ကျင်းပမည် စာမျက်နှာ » ၂၃

ပွင့်လင်းရာသီတွင် ရန်ကုန်မြို့လယ်ရှိ နောက်ဖေးလမ်းကြားဥယျာဉ် စီမံချက်များကို ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်မည်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇ လမ်းနှင့် ၂၈ လမ်းကြား(အလယ်)ရှိ နောက်ဖေးလမ်းကြားဥယျာဉ်ကို တွေ့ရစဉ်။ ဓာတ်ပုံ- ဒို့အိမ်အဖွဲ့

ရန်ကုန် ဩဂုတ် ၂၇

ဒို့အိမ် လူမှုအကျိုးပြုအဖွဲ့အစည်းအနေဖြင့် လာမည့်ပွင့်လင်းရာသီတွင် ရန်ကုန်မြို့လယ်ရှိ နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်များကို ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် နောက်ဖေးလမ်းကြား ဥယျာဉ်စီမံချက်များကို အကောင်အထည်ဖော်လျက်ရှိသော ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းအနေဖြင့် လက်ရှိတွင် ၃၁ လမ်းနှင့် ၃၂ လမ်းကြား(အောက်)၊ ၃၂ လမ်းနှင့် ဆူးလေဘုရားလမ်း (အောက်)နှင့် ၃၁ လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းကြား(အောက်)များကို စီမံချက်များ စတင်နိုင်ရန် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❑

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မန္တလေးမြို့၌ ကျင်းပမည်

မန္တလေး ဩဂုတ် ၂၇

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဆရာဒဿစီစဉ်သည့် မြန်မာပြည်တာဝန်ခံ(တတိယအကြိမ်) ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို စက်တင်ဘာ ၁၂ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိလက်ဝှေ့ရုံတွင်ကျင်းပမည် ဖြစ်သည်။

ထိုးသတ်မည့်တွဲဆိုင်းများမှာ ဇွဲမာန်အောင် (ယူနိုက်တက်) နှင့် ရွှေသွေး (ဇေယျာ)၊ ပန်းတနော် အောင်လံဆုရ ရွှေတောင်သား (တောင်ဇလပ်) နှင့် နိုင်ဝမ်း (ခြသေ့်မင်း)၊ စောရေထူး (သတ္တိ) နှင့် ကျားသွေး (ထွန်းထွန်းမင်း)၊ ဘိုင်ကာ(ကျားဖြူ) နှင့် အောင်ဗိုလ်ဟိန်း (ဟူးကောင်းကျား)၊ ထွန်းလင်းခန့် (စစ်ကိုင်း)နှင့် အောက်ချင်းသွေး (တောင်ဇလပ်)၊ ၂၀၁၉ ခုနှစ် ရွှေခါးပတ်ချန်ပီယံ သိန်းစိုး(ရာဇသိင်္ခ)နှင့် ရွှေလုလင် (ဇေယျ)၊ ၂၀၁၉ ရွှေခါးပတ်ချန်ပီယံ စောရွှေလေး(ဒို့ရိုးရာ)နှင့် အောက်ချင်းလေး (တောင်ဇလပ်)၊ ကျော်စွာဝင်း (ယူနိုက်တက်)နှင့် စောလှမင်း (ဘိလက်မြေစက်ရုံ)၊ ၂၀၁၉ ရွှေခါးပတ် ချန်ပီယံ ဗျူဟ(ကျားဖြူ) နှင့် စောထိန်လင်း (ဒို့ရိုးရာ)၊ စိုးလင်းဦး (ဒို့ရိုးရာ)နှင့် စိုးမောင်ဦး (ရတနာပုံ)၊ ရဲသူရအောင် (ကျားဖြူ)နှင့် ဟိန်းသီဟ (ရွှေဖူး)၊ မြန်မာ့လက်ရွေးစင် နော်ဥမ္မာစိုး(ခြသေ့်မင်း)နှင့် တိုင်းလက်ရွေးစင် ထက်ထက်ကျော် (RBL) တို့ တွဲဆိုင်းများ ပါဝင်မည်ဖြစ်သည်။

တွဲဆိုင်းအားလုံး ပရိသတ်အကြိုက်စီစဉ်ထားပြီး ရုံဝင်ခွင့်လက်မှတ်တန်ဖိုးမှာ ရိုးရိုးတန်း ငွေကျပ် ၁၀၀၀၀ နှင့် VIP ငွေကျပ် ၃၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် ဩဂုတ် ၂၇

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

မိုး/ဇလ

သာသနာတော်နှစ် ၂၅၆၃ ခရစ်နှစ် ၂၀၁၉ မြန်မာသက္ကရာဇ် ၁၃၈၁

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း သုခလမ်းတွင်

အဘွားလေးဒေါ်ခမ္မေသီ တည်ထားကိုးကွယ်တော်မူခဲ့သော

သဗ္ဗညု ပုထိုးတော်ကြီး - ခမ္မေသက စာသင်တိုက်

ဒေါက်တာ ဒေါ်ပညာသိရီ သာသနဓဇ ဓမ္မာစရိယ Ph.D သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်း ပြည်ပ သာသနာပြု၏

သဗ္ဗညုပုထိုးတော်ကြီး အလှူရှင်များအား ဖိတ်ခေါ်ခြင်း

သဗ္ဗညုပုထိုးတော်ကြီး တည်နေစဉ် အတွင်းပိုင်းတွင် မပြီးသေးသောလုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်။ သဗ္ဗညုပုထိုးတော်ကြီးအတွင်း၌ နိဗ္ဗာန်ကို ရည်မှန်း၍ ဂဂ်ီဝါဋ္ဋါ သဲစုမက ပွင့်ထွန်းတော်မူကြသော ရှေးဟောင်း မြတ်စွာဘုရားရှင်များ ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈-ဆူ) နိဗ္ဗူဇိနေ သီတင်းသုံး ပူဇော်တော်ခံမည်ဖြစ်ပါသည်။ ဘုရားရှင်နံပါတ်စဉ်အလိုက် ဘုရားရှင်တစ်ဆူလျှင် ကျပ်(၁)သိန်းဖြင့် လူတိုင်း ဘုရားဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြပါပြီ။ ရှေးပုဂံခေတ် မြန်မာကြီးများ သာသနာထွန်းကားပြန့်ပွားခဲ့သည့် အစဉ်အလာ လူတိုင်းဘုရားတည် နိုင်ခွင့်ရရှိခဲ့ပါသည်။ ယခုခေတ်အခါ လူတိုင်းဘုရားတည်နိုင်ခွင့် ကုသိုလ်ယူနိုင်ကြပါသည်။

သဗ္ဗညုပုထိုးတော်ကြီး ဘုရားတည် ကုသိုလ်ဝေစု ဘုရားတစ်ဆူလျှင် (၁)သိန်းကျပ်

ဆက်သွယ်နိုင်သောဖုန်းနံပါတ် - ဒေါက်တာဒေါ်ပညာသိရီ - ၀၉ ၇၉၉၆၆၈၂၂၀၊ ၀၉ ၄၅၀၀၄၆၂၉၀၊
USA + 1(626) 644 7146

မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYA SIRI – KBZ Bank (Account No.070-301-07000085501)
ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့

ခေတ်ဟောင်းယဉ်ကျေးမှုအခင်းအကျင်းတို့ဖြင့်

ထိုးဖောက်လာသော ရန်ကုန်မြို့က စားသောက်ဆိုင်လေးများ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ - ကိုကြီးတင်

''အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းတလည်လည်'' ဆိုတဲ့စကားကို ငယ်ငယ်ကတည်းက ကြားဖူးနားဝရှိခဲ့ပါတယ်။ ဒီကနေ့ခေတ်ဟာ တီထွင်ဆန်းသစ်မှုတွေနဲ့အတူ ရှေ့ကို ပြေးနေပါတယ်။ ရန်ကုန်မြို့ဟာ တစ်ချိန်က နိုင်ငံတော်ရဲ့မြို့တော်ကြီးပါ။ အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလကတည်းက မြို့တော်ဖြစ်ခဲ့တာပါ။

ဒါ့ကြောင့် ရန်ကုန်မြို့မှာ ကိုလိုနီခေတ် အဆောက်အဦကြီးတွေနဲ့ ကိုလိုနီခေတ် ပုံရိပ်တို့ဟာ ယနေ့စီးပွားရေးမြို့တော်အဖြစ် ပြောင်းလဲသွားသည့်တိုင် ခိုင်ခိုင်မာမာနဲ့ တွေ့မြင်နေရဆဲပါ။

အထူးသဖြင့် ဆူးလေဘုရားဝန်းကျင်မှာ အဲဒီလို အဆောက်အဦတွေက ပတ်ချာလည်ဝိုင်းနေပါတယ်။ မြို့တော်ခန်းမကြီးအပြင် တစ်ချိန်က ဘားလမ်းလို့ခေါ်တဲ့ အခု မဟာဗန္ဓုလပန်းခြံလမ်းသာခြားတဲ့ ရုံးကုန်တိုက်ဟာ ပြည်သူပိုင်သိမ်းပြီးတဲ့နောက် အတိုကောက်ဆိုရမယ့် လ.ဝ.က ရုံးကြီး ဖြစ်ခဲ့ပြီးတဲ့နောက်မှာ အခုတော့ ခနအင်အားကြီးမားတဲ့ ရောဝတီဘဏ်ရုံးချုပ်ကြီးအဖြစ် တည်ရှိနေပါတယ်။

မျက်စောင်းထိုး ခပ်လှမ်းလှမ်းမှာ အရင်က ''သံကြိုးရုံး'' လို့ခေါ်တဲ့ အခု ဆက်သွယ်ရေးရုံးကြီးပါ။ ပန်းဆိုးတန်းလမ်းထဲမှာတော့ ခေတ်ဟောင်း အဆောက်အဦကြီးတွေက တစ်တန်းကြီး တန်းစီရှိနေပါတယ်။ ဒါပေမယ့် နေပြည်တော်က အစိုးရရုံးတွေ အခြေစိုက်ရာဖြစ်သွားတဲ့အတွက် ရန်ကုန်မြို့က အစိုးရရုံးတွေမှာတော့ အဝင်အထွက် ခပ်ခြောက်ခြောက်နဲ့ပါ။

အခုဆို ရှေးဟောင်းမွေအနှစ် စာရင်းဝင်အဖြစ် အဲဒီ ကိုလိုနီခေတ် လက်ကျန် အဆောက်အဦတွေ အတော်များများမှာ အပြာရောင်ကမ္ပည်းပြားလေးတွေ ကပ်ထားပြီးကြပါပြီ။ ဒါဟာ အတိတ်ကို မေ့နေကြတဲ့သူတွေအတွက် ပြန်လည်လှစ်ပြလိုက်သလို ကိုယ့်မှာရှိတဲ့ အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကြစေဖို့ ခေါင်းလောင်းထိုးအချက်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

ဆိုလို့သာဆိုရတာပါ။ စာရေးသူတို့ မြန်မာလူမျိုးဟာ ရိုးရာအမွေအနှစ်ကို အလွန်ချစ်မြတ်နိုး တန်ဖိုးထားတတ်ကြသူများ ဖြစ်ပါတယ်။ အထက်က ပြောခဲ့သလို ခေတ်ရေစီးကြောင်းအရ ဘယ်လိုပင် တီထွင်ဆန်းသစ်ဆန်းသစ် ရှေ့ကိုပြေးနေကြပေမယ့် ကိုယ့်ရိုးရာယဉ်ကျေးမှုနဲ့ တစ်ခေတ်တစ်ခါက ရှိခဲ့ဖူးတဲ့ ခေတ်ဟောင်း အသုံးအဆောင်ပစ္စည်းကို မေ့ပျောက်နိုင်စွမ်းမရှိခဲ့ကြပါဘူး။ အဲဒီလိုမျိုးလေးတွေကို ပြန်တွေ့ရ၊ အကြောင်းအားလျော်စွာ ပြန်အသုံးပြုခွင့်ရကြရင် စိတ်ပျော်ရွှင်မှုလေးတွေနဲ့ ပြန်လည်နှပျိုသွားတတ်ကြပါတယ်။

အခုဆို အဲဒီလိုခေတ်ဟောင်းယဉ်ကျေးမှု လက်ရာအခင်းအကျင်းအပြင် မြန်မာမှု လက်ရာများနဲ့ ပြန်လည်ဆန်းသစ်ထားတဲ့ စားသောက်ဆိုင်လေးတွေက ရန်ကုန်မြို့မှာ သက်ဝင်လာပါပြီ။ အဲဒီအပေါ်မှာလည်း စားသုံးသူတွေရဲ့ ကျေနပ်မှု၊ အားပေးမှုတွေနဲ့အတူ ရှိလာတာကို တွေ့မြင်လာရပါတယ်။

အဲဒီလိုခေတ်ဟောင်းယဉ်ကျေးမှု လက်ရာအခင်းအကျင်းအပြင် မြန်မာမှု လက်ရာများနဲ့ ပြန်လည်ဆန်းသစ်ထားတဲ့ စားသောက်ဆိုင်လေးတွေက ရန်ကုန်မြို့မှာ သက်ဝင်လာပါပြီ။ အဲဒီအပေါ်မှာလည်း စားသုံးသူတွေရဲ့ ကျေနပ်မှု၊ အားပေးမှုတွေနဲ့အတူ ရှိလာတာကို တွေ့မြင်လာရ

တစ်ယောက်နဲ့တစ်ယောက် သတင်းစကားနဲ့အတူ လူမှုကွန်ရက်စာမျက်နှာများ ကတစ်ဆင့်ရှာဖွေအရောက်သွားတတ်ကြပါတယ်။

စာရေးသူ ပထမဦးဆုံး ခြေလှမ်းချမိလိုက်တဲ့ ဆိုင်လေးကတော့ ပန်းဆိုးတန်းလမ်း (အထက်) မဟာပိန္နဲဘုရားကျောင်း ရှေ့တည့်တည့်ရှိ နှစ်ပေါင်း ၁၅၀ခန့်ကလို့ ခန့်မှန်းကြတဲ့ တိုက်တန်းအဟောင်းတစ်လုံးဆီသို့ပါ...။ ဆိုင်နာမည်က Pan Sodan Scene Art Cafe လို့ ဆိုင်းဘုတ်သေးသေးလေးတပ်ထားတဲ့ဆိုင်ဆီသို့ပါ။ **အချပ်ပို (ယ)သို့**

ကြည့်မြင်တိုင်မြို့နယ်ရှိ ရွှေအိမ်သစ် ဆိုင်အဝင် မြင်ကွင်းကို တွေ့ရစဉ်။



ကြည့်မြင်တိုင်မြို့နယ်ရှိ ရွှေအိမ်သစ်ဆိုင်၏ သဘာဝအလှကို တွေ့ရစဉ်။

ရန်ကုန်မြို့တစ်ပတ်ခရီးစဉ် ယာဉ်လိုင်းနှင့်အတူ

❍ ဇင်လင်းမြင့်၊ ဓာတ်ပုံ - ခင်ဇွန်ဇာလင်း

ရန်ကုန် မြို့ဟာ လူနေထိုင်မှုတိုးပွားလာတာနဲ့အမျှ နေ့စဉ် မြို့တွင်းခရီးသွားပြည်သူဦးရေဟာလည်း များပြားပါတယ်။ ရန်ကုန်မြို့မှာ ပြည်သူတွေ ခရီးသွားလာဖို့အတွက် ခရီးသည်တင်ယာဉ်လိုင်းတွေ၊ မြို့ပတ်ရထားခရီးစဉ်တွေနဲ့ ရေယာဉ်ခရီးစဉ်တွေ အများအပြားလည်း ရှိနေပါတယ်။ အရင်ကထက် ခရီးသွားပြည်သူတွေ သက်သောင့်သက်သာစွာ စီးနင်းသွားနိုင်ကြစေဖို့ တာဝန်ရှိသူတွေလည်း ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်နေကြပါတယ်။ အခုလည်း ရန်ကုန်မြို့ပတ်ခရီးသည်တင် ယာဉ်လိုင်းတစ်လိုင်း ပြေးဆွဲဖို့စီစဉ်နေပြီ ဖြစ်ပါ တယ်။

"ရန်ကုန်မြို့မှာ ပြည်သူတွေ နေ့စဉ် ခရီးသွားလာရေး ပိုမိုအဆင်ပြေအောင် စီစဉ်ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် YBS ယာဉ်လိုင်းတွေမှာ ပြည်သူတွေ စီးနင်းသွားလာတဲ့အခါ ပိုပြီးကောင်းမွန်တဲ့အစီအစဉ်တွေ ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့တဲ့ မီဒီယာရှင်းလင်းပွဲမှာ ပြောကြားထားပါတယ်။

ရန်ကုန်မြို့တစ်ပတ် ခရီးသည်တင် YBS ယာဉ်လိုင်းသစ်ပြေးဆွဲနိုင်ဖို့ ခေတ်မီမြို့ပတ်ကားစနစ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ခွင့်ပြုပြီး ဖြစ်ပါတယ်။ ဒီလိုခွင့်ပြုခဲ့လို့လည်း City Transit ကုမ္ပဏီက ၂၀၁၉ ခုနှစ် လာမယ့် အောက်တိုဘာ မတိုင်မီမှာ စတင်ပြေးဆွဲဖို့စီစဉ်နေတာ ဖြစ်ပါတယ်။

ကားသစ် ၅၀ ခန့် အသင့်ရှိနေ

အဲဒီမြို့ပတ်ကားခရီးစဉ်ကို မကြာခင်မှာ ပြေးဆွဲနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကလည်း တိုက်တွန်းထားပါတယ်။ ရန်ကုန်မြို့ပတ်ကားပြေးဆွဲမယ့် ကုမ္ပဏီအနေနဲ့လည်း Scania ကားအသစ်အစီးရေ ၅၀ ခန့် အသင့်ရှိနေပြီလို့ဆိုပါတယ်။

ရန်ကုန်မြို့မှာ လက်ရှိပြေးဆွဲနေတဲ့ YBS ယာဉ်လိုင်းပေါင်း ၁၀၀ ကျော်ရှိနေပေမယ့် သက်ဆိုင်ရာယာဉ်လိုင်းတွေနဲ့ သတ်မှတ်လမ်းကြောင်းအတိုင်း ခရီးသည်တွေကို တင်ဆောင်မောင်းနှင်နေတာဖြစ်ပြီး အခုလို ရန်ကုန်မြို့တစ်ပတ်ပတ်တဲ့ ခရီးစဉ်ယာဉ်လိုင်းတော့ မရှိသေးပါဘူး။ ဒါကြောင့် လိုရာခရီးကို ကားတစ်ဆင့်တည်းနဲ့ ယာဉ်လိုင်းမပြောင်းဘဲ စီးနိုင်တော့မှာ ဖြစ်ပါတယ်။

"ရန်ကုန်မြို့ပတ်ယာဉ်လိုင်း ပြေးဆွဲရင်တော့ ကားအဆင့်ဆင့်ပြောင်းမစီးရတော့ အဆင်ပြေတာပေါ့။ မြို့ပတ်မောင်းနှင်မှာဖြစ်တဲ့အတွက်တော့ ကားစီးချိန်တော့ ပိုပေးရလိမ့်မယ်။ ကားအစီးရေ များများနဲ့ ပြေးဆွဲနိုင်ရင် ခရီးသည်တွေ အချိန်သိပ်ပြီးမစောင့်ဆိုင်းရဘူးလို့ ယူဆပါတယ်" ဟု သဃ်န်းကျွန်း စံပြဈေးအနီးမှာနေထိုင်တဲ့ ဝန်ထမ်းအငြိမ်းစားတစ်ဦးဖြစ်တဲ့ ကိုဌေးနိုင်က ပြောပါတယ်။

အခုပြေးဆွဲတော့မယ့် ရန်ကုန်မြို့ပတ်ယာဉ်လိုင်းဟာ ခရီးစဉ်အရှည် စုစုပေါင်း ၃၅ မိုင်ဖြစ်ပြီး ခရီးအစအဆုံး ဘတ်စ်ကားမှတ်တိုင်ပေါင်း ၆၇ မှတ်တိုင်ရှိမှာ ဖြစ်ပါတယ်။ ခရီးစဉ်အစကတော့ အောင်မင်္ဂလာအဝေးပြေးမှ စတင်မှာဖြစ်ပြီး သခင်မြပန်းခြံမှာ ခရီးတစ်ပိုင်းအဖြစ် ယာဉ်စီးခ ငွေကျပ် ၅၀၀ သတ်မှတ်ထားပါတယ်။ သခင်မြပန်းခြံကနေပြီး အောင်မင်္ဂလာအဝေးပြေးအထိ ခရီးစဉ်ကို ယာဉ်စီးခ ငွေကျပ် ၅၀၀ သတ်မှတ်ထားပါတယ်။ ခရီးစဉ် အစအဆုံးဆိုရင် ယာဉ်စီးခ ငွေကျပ် ၁၀၀၀ ကုန်ကျမှာ ဖြစ်ပါတယ်။

"ရန်ကုန်မြို့ပတ်ယာဉ်လိုင်းက မြို့ထဲ ၅၁ လမ်းမှတ်တိုင်ကနေပြီး ဘုရင့်နောင်လမ်းဆုံကိုစီးရင် ယာဉ်စီးခ ငွေကျပ် ၁၀၀၀ ကျသင့်မယ့်သဘောဖြစ်ပါတယ်။ မှတ်တိုင်တွေမှာ တင်၊ ချ၊ မောင်းစနစ်နဲ့ အချိန်မကြာဘဲ မောင်းနှင်ဖို့လိုသလို ဝန်ဆောင်မှုကောင်းရင်တော့ ယာဉ်စီးခက နည်းလည်းမနည်းသလို၊ များလည်းမများဘူးလို့ ထင်ပါတယ်"လို့ ရန်ကုန်မြို့ ၅၁ လမ်းမှာနေတဲ့ ဦးတင်လှက ပြောပါတယ်။

ပြေးဆွဲမှုယာဉ်လမ်းကြောင်း

ရန်ကုန်မြို့ပတ်ယာဉ်လိုင်းရဲ့ ပြေးဆွဲမှုယာဉ်လမ်းကြောင်း သတ်မှတ်ထားတာကိုကြည့်ရင် အောင်မင်္ဂလာအဝေးပြေးမှ အမှတ်(၃) လမ်းမကြီးအတိုင်းပြေးဆွဲပြီး ခြောက်ကွေ့-သုဓမ္မာလမ်း-ဝေဇယန္တာလမ်း-ပါရမီလမ်း- ဘေလီထိပ်-သံသုမာလမ်း-စံပြဈေး-ပြည်ထောင်စုခုံးကျော်တံတား-သံသုမာလမ်း(သုဝဏ္ဏ)-ကြက်ဘဲဈေး-သမိန်ဗရမ်းလမ်း-အထက်ပုဇွန်တောင်လမ်း-၅၁ လမ်းထိပ်-ဗိုလ်တထောင်ဘုရားလမ်း - ကမ်းနားလမ်း-ကြည့်မြင်တိုင်ကမ်းနားလမ်း-ဘုရင့်နောင်လမ်း-ဘုရင့်နောင်လမ်းဆုံ-သမိုင်းဘူတာရုံလမ်း-သမိုင်းလမ်းဆုံ-ကျိုက်ဝိုင်းဘုရားလမ်း-ဧမိုင်-ကမ္ဘာအေးဘုရားလမ်း-နဝဒေးအုတ်ပုံဆိပ်လမ်း-သုဓမ္မာလမ်း-၆ ကွေ့-အမှတ်(၃)လမ်းမကြီး-အောင်မင်္ဂလာအဝေးပြေးမှာ ဂိတ်ဆုံးမှာ ဖြစ်ပါတယ်။

ဒီယာဉ်လိုင်းရဲ့ ခရီးစဉ်တွေကိုကြည့်ရင် ရန်ကုန်မြို့ရဲ့အဓိကနေရာအတော်များများကို ဖြတ်သန်းမောင်းနှင်မှာဖြစ်တာမို့ ခရီးဝေးစီးနင်းတဲ့သူတွေ၊ အောင်မင်္ဂလာအဝေးပြေးကနေပြီး ရန်ကုန်မြို့ရဲ့ မိမိသွားလိုရာနေရာကို အနီးစပ်ဆုံး တိုက်ရိုက်စီးနင်းသွားလာလို့ရအောင် စီစဉ်ပေးထားမှုလည်း ပါဝင်တာမို့ ခရီးသွားပြည်သူတွေအတွက် အဆင်ပြေနိုင်ပါတယ်။ အဝေးပြေးကားဝင်းကနေပြီး ခရီးသည်တွေ အချိန်မရွေးစီးနင်းနိုင်အောင် နေ့ည ၂၄ နာရီယာဉ်ပြေးဆွဲမှု ဆောင်ရွက်နိုင်ရင်တော့ ပိုမိုကောင်းမွန်ထိရောက်တဲ့ အစီအစဉ်ဖြစ်ပါလိမ့်မယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ YBS ယာဉ်လိုင်းပေါင်း ၁၀၀ ကျော်ရှိပြီး အဲဒီယာဉ်လိုင်းတွေမှာ ခရီးသည်တင် YBS ယာဉ်အစီးရေ ၄၃၀၀ ကျော်နဲ့ နေ့စဉ် ပြေးဆွဲနေပါတယ်။ ယာဉ်လမ်းကြောင်း ၁၂၃ ကြောင်းနဲ့ နေ့စဉ်ပြေးဆွဲနေတဲ့ YBS ယာဉ်လိုင်းတွေဟာ တစ်ရက်ကို ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်း တင်ဆောင်ကာ ဝန်ဆောင်မှုပေးနေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ဆိုပါတယ်။

ရန်ကုန်မြို့မှာ တစ်ရက်ကို ခရီးသွားပြည်သူ ၂ ဒသမ ၇ သန်းခန့်ရှိနေပြီး အဲဒီခရီးသွားပြည်သူတွေကို ကားတွေက အများဆုံးပို့ဆောင်နေတာဖြစ်ပါတယ်။ ဒုတိယအများဆုံး ခရီးသွားပြည်သူတွေကို သယ်ယူပို့ဆောင်ပေးနေတာကတော့ မြို့ပတ်ရထားတွေဖြစ်ပြီး တတိယကတော့ ရေယာဉ်တွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မကြာခင် စတင်ပြေးဆွဲတော့မယ့် ရန်ကုန်မြို့ပတ်ယာဉ်လိုင်းပြေးဆွဲမှုက ခရီးသွားပြည်သူတွေကို ဘယ်လိုပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

ရန်ကုန်တက္ကစီ အခန်းကဏ္ဍ YRTA ရှင်းလင်းပြ

❏ ရှင်နော်၊ ဓာတ်ပုံ-ဗလစိုး ❏

လူကူးမျဉ်းကျား ပေါ်တွင် ရပ်ထားသော ယာဉ်တစ်စီး။ အဆိုပါယာဉ်နှင့်ယှဉ်၍ ခရီးသည်နှင့် ဈေးစကားပြောနေသော အငှားယာဉ်တစ်စီး၊ ၎င်းတို့နောက်တွင် မီးပွိုင့်စိမ်း၍ အုပ်စုလိုက် ထွက်လာသော ယာဉ်အုပ်စုကြီး / မော်တော်ယာဉ်နှစ်စီးထပ် ရပ်ထားမှုကြောင့် ယာဉ်အုပ်စုကြီးမှာ အရှိန်တန့်ကာ လွတ်နေသော လမ်းလယ်ယာဉ်ကြောကို လုယက်မောင်းနှင်ကြသည်။ ယင်းမြင်ကွင်းနှင့်အတူ လမ်းဖြတ်ကူးရန် ပြင်ဆင်နေသော လူအုပ်စုတစ်စုက ရှေ့တိုးနောက်ဆုတ်ဖြစ်နေသည်။ နေရာမှာကား အင်းစိန်လမ်းလှည်းတန်းမှတ်တိုင်အနီး.......။

ရှေ့ယာဉ်နှင့် ဈေးမတည့်၍ ငှားသူက နောက်ကားနှင့်ဆက်၍ ဈေးစကားပြောနေသည်။ ဈေးမတည့်၍ ထွက်သွားသော တက္ကစီနောက်တွင် ထောက်ထားသော တက္ကစီယာဉ်က ငါးစီးခန့်ရှိနေသည်။ တက္ကစီယာဉ်မောင်းများက ယာဉ်ကြောပိတ်ဆို့မှုကို ဂရုမပြု။ ခရီးသည်ရရှိရေးကိုသာ အာရုံပြုနေကြသည်။ မိသားစုဝမ်းရေးအတွက် ရှာရဖွေရသည်ကိုး။ နံပါတ်များကြည့်လိုက်တော့ တစ်စီးက ပဲခူးတိုင်းဒေသကြီးတွင် မှတ်ပုံတင်ထားသည့်ယာဉ်။

ယာဉ်ကြောကကျပ် မတော်တဆမှုက နေ့စဉ်

မကြာသေးမီက YRTA ၏ ပုံမှန်သတင်းစာရှင်းလင်းပွဲသို့ သွားရောက်ခဲ့သေးသည်။ အဆိုပါရှင်းလင်းပွဲတွင် YRTA အနေဖြင့် တက္ကစီယာဉ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူများသိအောင် ရှင်းလင်းပြောကြားခဲ့သေးသည်။ YRTA ၏ ပြောကြားချက်အရ မြို့တော်ရန်ကုန်တွင် သွားလာနေသော တက္ကစီယာဉ်က ခြောက်သောင်းကျော်။ ဒီယာဉ်ခြောက်သောင်းကျော်က ရန်ကုန်မြို့အနှံ့ ၂၄ နာရီ သွားလာနေသည်။ ဒီတော့ ရန်ကုန်မြို့မှာ ကားကျပ်ပြီပေါ့။ မှတ်တိုင်ဧရိယာအတွင်း ဝင်ရောက်ရပ်နားထားသော အငှားယာဉ်များ၊ ယာဉ်ကြီးများ ရှေ့ပိတ်ကာ ခရီးသည်ရရှိရေး ကြိုးစားနေသော အငှားယာဉ်များ၊ ညအခါ မြို့တော်ရန်ကုန်၏ နေရာဒေသစုံကို သိရှိရန် ယာဉ်မောင်းလေ့ကျင့်နေသော ယာဉ်မောင်းသစ်လေးများ ထိုထိုသမျှသော ပုဂ္ဂိုလ်များကြောင့် ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်မတော်တဆဖြစ်မှုက နေ့စဉ်နှင့်အမျှ ဖြစ်လို့နေသည်။

ဇူလိုင် ၂၁ ရက်က YRTA တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က တက္ကစီယာဉ်များနှင့် ပတ်သက်၍ သတင်းမီဒီယာသမားများအား ဤသို့အတိုင်း ရှင်းလင်းတင်ပြခဲ့သည်။

"စီးတီးတက္ကစီ မှတ်ပုံတင်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးကို မှတ်ပုံတင်ထားတဲ့ တက္ကစီယာဉ်တွေကို စီးတီးတက္ကစီမှတ်ပုံတင်တယ်။ အရင်တုန်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မှတ်ပုံတင်တယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ မထသ (ဗဟို)က ဆောင်ရွက်တယ်။ နောက်တစ်ခါ မထသစနစ် ဖျက်သိမ်းတဲ့အခါမှာ YRTA က တာဝန်ယူပြီးတော့ စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ပေးပါတယ်။ အဲဒီလို တင်ပေးတဲ့အခါ ခုနစ်လပိုင်းမှာ ကျွန်တော်တို့ဆီမှာ စီးတီးတက္ကစီမှတ်ပုံတင်ထားတဲ့ တက္ကစီယာဉ်ပေါင်းဟာ ၆၇၀၈၅ စီး မှတ်ပုံတင်ထားပါတယ်။

"ဒီယာဉ်တွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ စနစ်တကျမှတ်တမ်းများ ထိန်းသိမ်းခြင်း၊ လိုအပ်တဲ့ အချက်အလက်များပေါ်မှာ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပေးနေသလို စည်းကမ်းထိန်းသိမ်းရေးပိုင်းအတွက်လည်း နောက်ပိုင်းမှာ ဆောင်ရွက်သွားမယ့် အနေအထားလေးတွေကို စီမံဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က စီးတီးတက္ကစီယာဉ်များရဲ့စည်းကမ်းထိန်းသိမ်းမှုကို အထောက်အပံ့ပြုရန်ဖြစ်တဲ့အတွက် ဒါကိုဆောင်ရွက်ပါ့မယ်။

"ဒီနေရာမှာလည်း တချို့က စီးတီးတက္ကစီ မှတ်ပုံတင်တဲ့အတွက် ဘာအကျိုးရှိသလဲဆိုတဲ့ မေးခွန်းလေးတွေ ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ မှတ်ပုံတင်တဲ့အခါမှာ ယာဉ်မှတ်ပုံတင်တယ်၊ ပိုင်ရှင်မှတ်ပုံတင်တယ်။ ယာဉ်မောင်းမှတ်ပုံတင်တယ်။ အဲဒီလို မှတ်ပုံတင်တဲ့အတွက် ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်တွေနဲ့ပတ်သက်တဲ့ တချို့အချက်အလက်တွေကို ဘာတွေ ကူညီနိုင်သလဲဆိုတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ ခုနှစ် ၈ လပိုင်း ၂၀ ရက်အထိ အချက်အလက်များကို ပေးပို့ပြီး ဖြစ်စဉ်ပေါင်းများစွာမှာ ကူညီခဲ့တယ်။ အဖြစ်အပျက်ပေါင်း ၂၉၀၀ ရှိပါတယ်။ အဲဒီမှာ ရန်ကုန်တိုင်းဒေသကြီးအတွက်က ၁၉၉၅ ဖြစ်စဉ်မှာ ဒီယာဉ်တွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပံ့ပိုးပေးခြင်းအားဖြင့် ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်မောင်းတွေ အဲဒီယာဉ် တွေနဲ့ပတ်သက်တဲ့ ခရီးသွားပြည်သူတွေ၊ ဥပဒေကို ကိုင်တွယ်ပြီး စီမံခန့်ခွဲတဲ့အဖွဲ့အစည်းတွေကို ကူညီနိုင်ခဲ့ပါတယ်။

"ဧရာဝတီတိုင်းဒေသကြီးအတွက် နှစ်မှု၊ မွန်ပြည်နယ်အတွက် နှစ်မှု၊ ရှမ်းပြည်နယ်အတွက် တစ်မှုတို့ ဖြစ်ပါတယ်။ ဒီအမှုပေါင်း ၂၉၀၀ ဟာ အမှုမျိုးစုံဖြစ်ပါတယ်။ ကားတိုက်ပြေးတာရှိတယ်။ လူတွေတင်ပြီး ထွက်ပြေးတာရှိတယ်။ တခြားသံသယဖြစ်ဖွယ် အမှုအခင်းတွေရှိတယ်။ အဲဒီလို အမှုအခင်းအားလုံးကို ကူညီခဲ့တာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ ဘာဖြစ်လို့ ကူညီနိုင်လဲဆိုရင် စီးတီတက္ကစီတွေ မှတ်ပုံတင်ပြီးထိန်းကျောင်းပေးလို့ ဒါတွေကို ကျွန်တော်လုပ်နိုင်တာပါ။ ဥပမာအားဖြင့် ရာဇဝတ်မှုနဲ့ပတ်သက်တာပါသလို၊ ပစ္စည်းပျောက်တာလည်းပါတယ်။ တချို့ဆိုရင် စာမေးပွဲသွားဖြေတဲ့ကလေးတွေ အဲဒီဟာမှမပါရင် မဖြေရတော့ဘူးဆိုတဲ့ ဖြစ်စဉ်မျိုး ကျွန်တော်တို့ လုပ်ပေးခဲ့တာ အများကြီးရှိပါတယ်။ ဟိုတစ်ခါ ကျွန်တော်ဒီမှာရှင်းပြသလို ကျပ် ၇၅ သိန်းလောက်တန်တဲ့ စိန်လည်ဆွဲကြီးကားပေါ် ပြုတ်ကျ၊ စင်ကာပူကျမှသိတယ်။ စီးတာ ရန်ကုန်မှာ စီးတာ။ အဲဒါကို ဓာတ်ပုံမှတ်တမ်းနဲ့ ပြန်လိုက်တဲ့အခါ နောက်ဆုံးဖော်ထုတ်ပေးနိုင်တယ်။ အဲဒီလို ဖြစ်စဉ်လေးတွေလည်း ရှိတယ်။ အကယ်၍သာ မဖြေရှင်းနိုင်ရင် တစ်ဖက်က စွပ်စွဲတာနဲ့ တစ်ဖက်က ဖြေရှင်းတာနဲ့ ဒါမျိုးတွေ ဖြစ်လာမှာပါ။ ဒါတွေကို ကျွန်တော်တို့က ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

"ပြီးခဲ့တဲ့အပတ်က ရေးသားမှုလေးတစ်ခု ရှိတယ်။ ကျွန်တော်ကတော့ အရေးအသားလေးတွေကို နည်းနည်းထိန်းသိမ်းစေချင်တယ်။ ထိန်းချုပ်ကန့်သတ်ရန်လို့ ဒီလိုသုံးတဲ့ အသုံးအနှုန်းလေးတွေရှိတယ်။ ကျွန်တော့် အယူအဆကတော့ တက္ကစီယာဉ်တွေနဲ့ ပတ်သက်ပြီးတော့ စနစ်တကျရှိရန်လို့ ဒီလိုသုံးလိုက်ရင် ခုနပြောတဲ့ ထိန်းချုပ်ကန့်သတ်ရန်ဆိုတဲ့ အသုံးအနှုန်းကြီးတော့ ဒီနေ့ဒီအချိန်အခါနဲ့ ကြည့်ရင်နည်းနည်းလေးတော့ ပြုပြင်ပြောင်းလဲသင့်တယ်လို့ ယူဆပါတယ်။ အဲဒီနေရာမှာ ဘာကိုတစ်ခု သွားဖော်ပြထားသလဲဆိုတော့ အခု ကျွန်တော်တို့က ဒီတက္ကစီတွေ အထူးသဖြင့် နယ်တက္ကစီကိုရေးတာပါ။ ကျွန်တော်တို့ အစိုးရဌာနဆိုင်ရာတွေရဲ့ လုပ်ငန်းကို သူက ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝင်ရောက်ပြီး မှားခြင်း၊ မှန်ခြင်း ပြောလို့မရပါဘူး။ ဒါကြောင့်မို့ နယ်ကနေလာတဲ့ တက္ကစီတွေကို လုပ်ငန်းလိုင်စင်ဥပဒေအရ တိုင်းဒေသကြီးအတွင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးဆိုတာ သူ့ရဲ့ခွင့်ပြုမိန့်နဲ့သွားလာနေကြတာ ဖြစ်ပါတယ်။ အဲဒီမှာ ကန့်သတ်ချက်တွေ ဘယ်လိုရှိတယ်ဆိုတာ သူ့ဌာနက ထိန်းသိမ်းပြီး လုပ်ပေးတာ ဖြစ်ပါတယ်။ အဲဒီလို လုပ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ တခြားကလာတဲ့ တက္ကစီတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဒေသအတွင်းမှာရှိတဲ့ တက္ကစီတွေရဲ့ပြေးဆွဲမှု၊ အခြားတိုင်းဒေသကြီးက ကားတွေရဲ့ ပြေးဆွဲမှုနဲ့ နှိုင်းယှဉ်ပြီးတင်ပြမှုတွေ လက်ခံရရှိထားတာ ရှိပါတယ်။

ဒါကြောင့် ဒါတွေကို စနစ်တကျကျွန်တော်တို့က စီမံဆောင်ရွက်နိုင်ဖို့အတွက် လေ့လာနေပါတယ်။ ဒီလုပ်ငန်းရပ်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရကိုယ်တိုင် အလေးအနက်ထားပြီး လုပ်ပေးတာ၊ ပေါင်းစပ်ညှိနှိုင်းမှုတွေ လုပ်ရပါတယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာတဲ့အခါမှာ ဘယ်သူ့ကြောင့် ကြန့်ကြာပါတယ်လို့ ဒီလိုရေးရင်တော့ နည်းနည်းရေးတာတွေကမှားနေပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ပြောတဲ့ဖြစ်စဉ်တွေထဲမှာ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဒီယာဉ်တွေအပေါ်မှာ ဘယ်လိုစည်းကမ်းစနစ်တကျရှိရေး ဆောင်ရွက်မလဲဆိုတဲ့ကဏ္ဍကို သွားတာပါ။ ခုနလို ထိန်းချုပ်ကန့်သတ်နိုင်ရန်ဆိုတာ ဒီကားတွေကို ထိန်းချုပ်ဖို့ ကညနတစ်ခုတည်းလည်း ကန့်သတ်လို့ မရဘူး။ ယာဉ်ထိန်းရဲတစ်ခုတည်းလည်း မရဘူး။ ဥပဒေပါ ပြဋ္ဌာန်းချက်အရ ညီညွတ်တဲ့ ဝန်ကြီးဌာနသည်လို့ ဒီဥပဒေထဲမှာ သုံးနှုန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ညီညွတ်တဲ့ စီမံခန့်ခွဲမှုတစ်ရပ် ဖြစ်ဖို့ဆိုတာက အဲဒီဥပဒေကို ထိန်းသိမ်းထားတဲ့ ဝန်ကြီးဌာနတွေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးတွေဟာ ညှိနှိုင်းပြီးတော့မှ လုပ်ရတဲ့ အပိုင်းတွေ ရှိပါတယ်။ ဒါကြောင့်မို့ ရေးသားဖော်ပြတဲ့အခါမှာ ဒီယာဉ်တွေကို ထိန်းသိမ်းဖို့အတွက် ဒီဌာနကြီးတွေကြောင့် ကြန့်ကြာတယ်ဆိုတဲ့အစား ဒီလိုပေါင်းစပ်ညှိနှိုင်းမှုဖြင့် သွားတယ်ဆိုရင် အကြောင်းအရာကတော့ အတူတူပါပဲ။ ဒါကြောင့် ဒီလိုရေးသားဖော်ပြတာလေးတွေကိုလည်း ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ YRTA သည် ပြည်ထောင်စုအစိုးရဌာနများမှ ပါဝင်နေတဲ့ဌာနတွေရဲ့လုပ်ငန်းရပ်တွေကို ပေါင်းစပ်လုပ်ကိုင်နေတဲ့ ဌာနဖြစ်ပါတယ်။ ကျွန်တော်တို့က ဘယ်ဌာနကြောင့် ဘာဖြစ်တယ်ဆိုတဲ့၊ ဒီဌာနတွေ အပေါ်မှာ ပြည်သူလူထုအထင်မှားမယ့် ပြောဆိုမှုတွေ မလုပ်ပါဘူး။ ဒါလေးလည်း ကျွန်တော့်အနေနဲ့ တက္ကစီနဲ့ ပတ်သက်ပြီး တင်ပြခြင်း ဖြစ်ပါတယ်။

> ❝ အငှားယာဉ်များကို စနစ်တကျကြီးကြပ်ရန် လိုအပ်လာသည်။ အဓိက ရန်ကုန်လူထုအတွက် လိုအပ်နေသည်က ယာဉ်ကြောရှင်းလင်းရေး။ အလုပ်ချိန်အမီ၊ လုပ်ငန်းခွင်အမီ သွားရောက်နိုင်ရေးဖြစ်သည်။ ထို့ကြောင့် ရန်ကုန်သားတစ်ယောက်အနေဖြင့် လိုအပ်နေသည်က တက္ကစီယာဉ်များနှင့် ပတ်သက်၍ သင်တင့်မျှတသော ဈေးနှုန်းဖြင့် အန္တရာယ်ကင်းစွာ စနစ်တကျပို့ဆောင်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ပေါ်ထွန်းလာစေရေး ❞

အငှားယာဉ်များ စနစ်တကျကြီးကြပ်ရန်

ဒါက YRTA ရှင်းလင်းချက်။ YBS ယာဉ်ကြီးများ သတ်မှတ်ဈေးနှုန်းအတိုင်း ကောက်ခံနေချိန်၊ တက္ကစီယာဉ် များကတော့ စိတ်ကြိုက်ဈေးနှုန်းဖြင့် ခရီးသည် တင်ကောင်းတုန်းရှိသေးသည်။ ဈေးနှုန်းက ပါးစပ်ထဲတွင်ရှိသည်။ ကားကို ကြုံသည့်နေရာတွင်ရပ်သည်။ လူတင်သည်။ ယာဉ်ထိန်းရဲ ချလန်မှလွဲ၍ မည်သည့်အရာမျှ ဂရုမစိုက်။ မှတ်တိုင်အတွင်း ဝင်ရပ်သည်။ ယာဉ်ထိန်းရဲ လာတာမြင်လျှင် မောင်းပြေးသည်။ ရပ်ကွက်ကြို ရပ်ကွက်ကြား အရှိန်နှင့်မောင်းသည်။ ဒါက အပေါ်ယံအမြင် သက်သက်ရေးပြခြင်းသာ။ အတွင်းကျကျဖြစ်ရပ်များ YRTA နှင့် တာဝန်ရှိသူများ သိပြီးဖြစ်သည်။ သို့အတွက် အငှားယာဉ်များကို စနစ်တကျကြီးကြပ်ရန် လိုအပ်လာသည်။ အဓိက ရန်ကုန်လူထုအတွက် လိုအပ်နေသည်က ယာဉ်ကြောရှင်းလင်းရေး။ အလုပ်ချိန်အမီ၊ လုပ်ငန်းခွင်အမီ သွားရောက်နိုင်ရေးဖြစ်သည်။ ထို့ကြောင့် ရန်ကုန်သားတစ်ယောက်အနေဖြင့် လိုအပ်နေသည်က တက္ကစီယာဉ်များနှင့် ပတ်သက်၍ သင်တင့်မျှတသော ဈေးနှုန်းဖြင့် အန္တရာယ်ကင်းစွာ စနစ်တကျပို့ဆောင်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ပေါ်ထွန်းလာစေရေး ဟူသည့် ရလဒ်ကောင်းတစ်ခုသာ အလိုရှိနေခြင်း ဖြစ်သည်။ ။

ပန်းဆိုးတန်းလမ်း(အထက်)ရှိ Pansodan Scene Art Cafe ၌ အပ်ချုပ်စက်ဘေးအကာဖြင့် ပြုလုပ်ထားသော စားပွဲကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုကြီးတင်

ခေတ်ဟောင်းယဉ်ကျေးမှု အခင်းအကျင်းတို့ဖြင့် ထိုးဖောက်လာသော ရန်ကုန်မြို့က စားသောက်ဆိုင်လေးများ ......မှ

ဟောင်းနွမ်းပွန်းပဲ့နေတဲ့ ကြွေပြားကပ်လှေကားနှစ်ဆင့်မှ ကျွန်းလှေကားထစ်များကို တစ်ထစ်ချင်း လှမ်းတက်လာခဲ့ရတာပါ။ လေးလွှာမြောက်မှာရှိတဲ့ ဆိုင်လေးပါ။

အခန်းကျဉ်းပေမယ့် တစ်ခန်းလုံးကို အနုပညာလက်ရာစုံများနဲ့ မွမ်းမံထားတာပါ။ ရုပ်လုံးပန်းချီတွေ၊ ဆေးခြယ်မျက်နှာဖုံးတွေ၊ ခေတ်ဟောင်းပန်းချီကားတွေ၊ မော်ဒန်ပန်းချီကားတွေအပြင် အနားယူစားသောက်ရင်း ဖတ်ဖို့က နှစ်ချို့စာအုပ်တွေနဲ့ပါ။

ထူးခြားချက်က ထိုင်စားသောက်ဖို့အတွက် စားပွဲခုံကို တစ်ခေတ်တစ်ခါက အသုံးများခဲ့တဲ့ ခြေနင်းအပ်ချုပ်စက်ရဲ့ ဘေးအကာ သံကွပ်နှစ်ခုအပေါ်မှာ အနက်ရောင်ကျောက်ပြားတွေနဲ့ အခင်းပြုလုပ်ထားတာပါ။

ကော်ဖီတစ်ခွက် ဈေးမေးကြည့်တော့ တစ်ခွက် ငွေကျပ် ၅၀၀ တဲ့။ မှာယူပြီးလာချပေးတဲ့အချိန်မှာပဲ ကလေးမလေးနဲ့ စကားပြောဖြစ်ခဲ့ပါတယ်။ သူတို့ဆိုင်ရဲ့ ပထမအမည်က "အညာအထာ" လို့ ဆိုပါတယ်။ ဆိုင်မှာ လေအေးစက်မထားဘဲ လမ်းမဘက်ကို မျက်နှာစာပြုထားတဲ့ ပြတင်းပေါက်များဆီက ဝင်လာတဲ့ သဘာဝလေကြောင့် သက်သောင့်သက်သာ ရှိလှပါတယ်။

အောက်ထပ်ကနေ ထပ်ခိုးလေးကို မော့ကြည့်မိတဲ့အခါ အမျိုးသမီးငယ်နှစ်ယောက် ပန်းချီကားနောက်ခံလို့ ခေတ်ဟောင်းပစ္စည်းများအလယ်မှာ ဖုန်းကိုယ်စီနဲ့ အမှတ်တရဓာတ်ပုံရိုက်နေကြပါတယ်။

အဲဒီဆိုင်မှာ ရင်ထဲကိုရောက်ခဲ့တာက မြို့တော်ခန်းမကြီးဘေးမှာရှိတဲ့ ရိုးကုမ္ပဏီကို ခေတ်ဟောင်းကရှိစဉ်အတိုင်း ရေးဆွဲထားတဲ့ ပန်းချီကားကြီးပါ။ နောက် ဇွန်းခက်ရင်းတွေနဲ့ ဒီဇိုင်းလုပ်ထားတဲ့ ပုံရယ်၊ ခေတ်ဟောင်းက ဒုံမင်း၊ ဘင်ဂျို၊ မယ်ဒလင်တို့ကို ချိတ်ဆွဲပြသထားမှုပါ။

ရှေးဟောင်းပစ္စည်းတန်ဖိုးထားသူများအတွက်

အဲဒီက ပြန်ထွက်လာတော့ ၃၇ လမ်း အလယ်အပေါက်မှာရှိတဲ့ Cafe Deja Brew ဆီကိုပါ။ အတွင်းမှာရေးထားတာက "ကာဖီသောက်ပါ"တဲ့ ပန်းချီချစ်သူ၊ ရှေးဟောင်းပစ္စည်းလေးများကို တန်ဖိုးထားတတ်ကြသူတွေအတွက် စိတ်ချမ်းသာမှုအပြည့်ပေးနိုင်မယ့် နေရာလေးပါ။

ပန်းချီဆရာကြီးအချို့ကို မေးကြည့်တော့ ကိုလိုနီခေတ်စနဲ့ လွတ်လပ်ရေးရပြီးခါစနောက်ပိုင်းခေတ်က ရန်ကုန်မြို့ရဲ့မြင်ကွင်း ပန်းချီကားများလို့ ဆိုပါတယ်။

ကော်ဖီ၊ လက်ဖက်ရည်၊ အအေးဈေးနှုန်းတွေက အခြားဆိုင်များထက် ပိုပေမယ့် ဆိုင်မှာထိုင်ရတဲ့ အရသာကပေးရတဲ့ငွေထက် ပိုတန်တယ်လို့ ဆိုကြပါတယ်။

ကော်ဖီ သောက်ရတာတောင်မှ ငယ်ငယ်တုန်းက သောက်ခဲ့ရတဲ့ ခွက်အကြီး မျိုးနဲ့ပါ။ ဟင်းပွဲမှာရင် အချို့ဟင်းပွဲတွေကို ဝါးနဲ့ပြုလုပ်ထားတဲ့ ဆန်ခါလေးတွေထဲမှာ ထည့်ပြီး ချပေးတတ်ပါတယ်။ သုတ်စရာ တစ်သျှူးထည့်တာတောင်မှ ကြွေရည်စိမ် မတ်ခွက်နဲ့ပါ။

အောက်ထပ် အခင်းအကျင်းက အစားအသောက်တင်ဖို့ စားပွဲနဲ့ ထိုင်ဖို့ကို အိမ်တွေမှာ တပ်ဆင်လေ့ရှိတဲ့ သစ်သားပြတင်းပေါက် တံခါးရွက်တွေနဲ့ပါ။ ထိုင်ခုံအပေါ်မှာတော့ သက်သောင့်သက်သာရှိစေဖို့အတွက် ပိတ်နဲ့ချုပ်ထားတဲ့ အခင်းရှိပါတယ်။

အပေါ်ထပ်ကျပြန်တော့ ပုံစံတစ်မျိုးနဲ့ အခင်းအကျင်း။ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးကို ကြမ်းပြင်မှာ စားပွဲခင်းပြီး ထိုင်သောက်ရတာပါ။ စားပွဲခုံရှည်ကိုတော့ ထင်းရှူးသားဝါဝါကို ပေါလစ်သုတ်ထားပါတယ်။ လက်ဖက်ရည်၊ ကော်ဖီတစ်ခွက် ငွေကျပ် ၁၅၀၀၊ ဆိုင်မှာ နာမည်ကြီးတဲ့ အစားအစာဖြစ်တဲ့ ထမင်းနယ်နဲ့ ကြက်ပေါင် တစ်ပွဲက ငွေကျပ် ၃၅၀၀ ပါတဲ့။

ပြန်အဆင်း သစ်သားတံခါးအပေါက်အဝင် အဝမှာ ရှေးခေတ်က လက်နှိပ်စက်လေးရယ်၊ ဖလင်ထည့်ပြီးရိုက်ရတဲ့ ကင်မရာအဟောင်း တစ်လုံးရယ်၊ ရေနံဆီထည့်ပြီး မီးထွန်းရတဲ့ ရေနံဆီမီးခွက်လေးရယ်၊ ဆိုင်မှာထိုင်ပြီး ဖတ်နိုင်တဲ့ စာအုပ်စင်ရယ်က ဒီဆိုင်ရဲ့ ထူးခြားမှုလေးတွေပဲ ဖြစ်ပါတယ်။

နောက်တစ်နေ့မှာ ကိုယ့်မြို့နယ်အတွင်းက နာမည်ကြီးနေတဲ့ ဆိုင်လေးတစ်ဆိုင်ကို စတင်ဝင်ခဲ့ပါတယ်။ အောက်ကြည့်မြင်တိုင်လမ်းမနဲ့ ဗဟိုလမ်းမအကြား ပန်းလှိုင်လမ်းလို့ခေါ်တဲ့ လမ်းလေးအတွင်း ဟုမ်းလမ်းဘူတာနားက ဆိုင်လေးပါ။

ဆိုင်နာမည်က ဘယ်တော့မှ ဟောင်းမသွားနိုင်တဲ့ "Shwe Eain Thit" (ရွှေအိမ်သစ်) လို့ ဆိုပါတယ်။ ဆိုင်၏ခြံအတွင်း ပင်မတိုက်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ နီးပါးက တိုက်ပါ။ မြန်မာမှုတွေနဲ့ ပြန်ပြီးမွမ်းမံထားတာ ဖြစ်ပါတယ်။ ထူးခြားတာက တိုက်နံရံဘေးမှာ ပုံရိပ်တွေက စားသုံးသူညှော်သည်တွေကို ဖမ်းစားနိုင်တဲ့ မြင်ကွင်းပါ။

အလွန်ကြီးမားတဲ့ ကျွန်းပင်ရဲ့မြစ်ဆုံကို ပေါ်လစ်သုတ်စားပွဲကြီးအဖြစ်ထားရှိပြီး အဲဒီအပေါ်မှာ သစ်နဲ့ထွင်းထုထားတဲ့ လောကနတ်နှစ်ရုပ်က အသက်ဝင်လွန်းလှပါတယ်။ နတ်နှစ်ပါးရဲ့အပြုံးက ကြည့်နေသောသူကို ကူးစက်စေပါတယ်။ အဲဒီနောက်မှာက တသွင်သွင်စီးဆင်းနေတဲ့ ရေတံခွန်၊ စဥ့်သုတ်အိုးအဆင့်ဆင့်ပေါ်က ဖြတ်သန်းစီးဆင်းလာတဲ့ရေ...။ နောက် ပန်းပုရုပ်မျိုးစုံက သူ့နေရာနဲ့သူ ရှိနေပါတယ်။ ရေတံခွန်က ကျလာတဲ့ရေကို ခံယူပြီး လည်ပတ်နေတဲ့ ရေမောင်းတံက ပေါ်ထွက်လာတဲ့အသံက ဂီတဆန်လွန်းတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

ရေတံခွန်အနီးမှာ သစ်ရွက်တို့ခြောက်သွားပြီဖြစ်တဲ့ ကံ့ကော်ပင်ကို ရွှေရောင်ဆေးမှုတ်ထားပါတယ်။ အပေါ်ခွဆုံကို ခနိမိုးထားပြီး အဲဒီအောက်မှာ မြန်မာမှုပန်းတဉ်းလက်ရာ ရွှေစေတီရယ်၊ အလယ်မှာက စည်တော်ကြီးတစ်လုံးရယ်၊ နောက် ရွှေမောင်းတစ်လုံးကို အလှဆင်ထားပါတယ်။

ကြည့်မြင်တိုင်မြို့နယ်ရှိ ရွှေအိမ်သစ်ဆိုင်အတွင်း နွားလှည်းပန်းတောင်းတို့ဖြင့် မီးအလှခြယ်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုကြီးတင်

ကံ့ကော်ပင်မှာပဲ အဝတ်ရောင်စုံနဲ့ ရုပ်သေးရုပ်လေးတွေကို ချိတ်ဆွဲထားမှုက လေအဝှေ့မှာ ယိမ်းနွဲ့လို့ ကနေသလိုပါပဲ။ မျက်စိအကျဆုံးကတော့ မြန်မာ့လှည်းယဉ်ကြော့တစ်စီးပေါ်မှာ ပုသိမ်ထီးမိုးထားပြီး ဆွမ်းတော်အုပ်ရယ်၊ ပန်းပုရုပ်လေးတွေပါ။ နောက်မြင်းလှည်းဟောင်းတစ်စီးကို ရောင်စုံမီးလေးနဲ့ အလှဆင်ထားမှုက မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ကို မီးမောင်းထိုးပြနေသလိုပါပဲ။ လှည်းဘီးဟောင်းနှစ်ခုနဲ့ ပြုလုပ်ထားတဲ့ ဒါန်းကို ကလေးတွေ ပိုကြိုက်ကြတာကို တွေ့ရပါတယ်။

ကြည့်မြင်တိုင်မြို့နယ်ရှိ ရွှေအိမ်သစ်ဆိုင်အတွင်း မြန်မာ့ရိုးရာလှည်းယဉ်ကြော့ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုကြီးတင်

စားသောက်ခန်းမှာက အံ့သြစရာ အလွန်ကြီးမားတဲ့ ကျွန်းသစ်ခွဆုံကြီးတွေကို ရွှေရောင်ဆေးမှုတ်ပြီး စားပွဲလုပ်ထားတာပါပဲ။ သစ်မြစ်ဆုံအလယ်က ချိုင့်ခွက်တွေထဲမှာ ရောဝတီမြစ်ဆုံကရတဲ့ ကျောက်စရစ်ခဲလေးတွေကို ဆေးရောင်စုံမှုတ်ပြီး ထည့်ထားတာကိုက အမြင်သစ်စေခဲ့တာ အမှန်ပါလို့ ဆိုရမှာဖြစ်ပါတယ်။ အနုပညာဆန်လွန်းလှပါတယ်။

စားသုံးသူတွေထိုင်ဖို့ကို ထန်းတုံးသားတွေ စီချထားပေးပြီး နောက်မှီကိုပါ ထန်းသားနဲ့ လုပ်ထားတာကို တွေ့ရပါတယ်။ အခန်းဘေးအကာကိုပါ ထန်းသားတွေနဲ့ ကာရံထားတာမို့ တစ်ဆိုင်လုံးက ထန်းရနံ့တွေ သင်းနေပါတယ်။

မြန်မာ့ယဉ်ကျေးမှုပြယုဂ်

ဆိုင်နံရံတွေမှာ မြန်မာမှုရုပ်သေးရုပ်လေးများကို အစီအရီချိတ်ဆွဲထားသလို သစ်သားပန်းပုလက်ရာများကလည်း မြန်မာ့ယဉ်ကျေးမှု အဆင့်မြင့်မားမှုရဲ့ ပြယုဂ်တစ်ခုအဖြစ် မြင်တွေ့နိုင်ခဲ့တာ ဖြစ်ပါတယ်။ နောက် နွားလှည်း၊ ပန်းတောင်းတွေကို ရွှေရောင်မှုတ်ပြီး ဘီးအလှဆင်ထားခြင်းပါ။

စတုတ္ထမြောက်ရောက်ခဲ့ရတဲ့ ဆိုင်လေးက ဘိုကလေးဈေးလမ်းအတွင်းမှာရှိတဲ့ "ပန်သူရိယ"လို့ အမည်ပေးထားတဲ့ ဆိုင်လေးပါ။ အချို့ကလည်း "အနုပညာဆုံမှတ်" လို့ ခေါ်ကြပါတယ်။ ပန်သူရိယလို့ ဘာကြောင့်ခေါ်ပါသလဲလို့ မေးကြည့်တဲ့အခါ ရှေးဟောင်းတိုက်တစ်လုံးဖြစ်တဲ့အပြင် ရှေးဟောင်းလက်ရာတွေ တစ်ခေတ်တစ်ခါက ထင်ရှားခဲ့တဲ့ပုံတွေကို အထင်ကရ ချိတ်ဆွဲပြသထားတဲ့အပြင် ထိုင်ပြီး စားရသောက်ရတာ အေးအေးလူလူရှိလို့ပါတဲ့။

စာရေးသူဝင်သွားချိန်မှာတော့ နိုင်ငံခြားသားနှစ်ဦးစီကို ဝိုင်းနှစ်ဝိုင်းနဲ့ တွေ့ရတဲ့အပြင် ခေတ်လူငယ်အဖွဲ့တစ်ဖွဲ့ကလည်း တစ်ဝိုင်းရှိနေပါတယ်။

အထူးခြားဆုံးက လွတ်လပ်ရေးရပြီးနောက် ဝင်ရောက်ခဲ့တဲ့ ကုမ္ပဏီတွေရဲ့ ကြော်ငြာတွေကို ခမ်းခမ်းနားနား ပေါင်သွင်းချိတ်ဆွဲထားတာ ဖြစ်ပါတယ်။

RALEIGH, HUMBER, RUDGE စတဲ့ စက်ဘီးကြော်ငြာပုံတွေရယ်၊ မတုပနိုင်သော စကော့ကုမ္ပဏီ ကျားတံဆိပ်ဘိလပ်ရည် ရောင်းရန်ရှိပါသည်ဆိုတဲ့ ကြော်ငြာနေတဲ့ ဘီးဆံထုံးကြီးနဲ့ အမျိုးသမီးပုံရယ်၊ ၁၉၈၃ ခုနှစ်က သန်းခေါင်စာရင်းကောက်ယူရေးအတွက် လှုံ့ဆော်မှု ပိုစတာရယ်၊ စာပေဗိမာန်မဂ္ဂဇင်းမျက်နှာဖုံးပုံရယ်တို့က နောက်တစ်နေရာမှာ ရှာမရနိုင်တဲ့ မြင်ကွင်းတွေပါ။ အဖြူအမည်းနဲ့ ရှေးခေတ်အသွင်အပြင်အဆင်ကို မြင်တွေ့နိုင်မယ့် ဓာတ်ပုံဟောင်းတွေက လက်ဖက်ရည်တစ်ခွက်ငွေကျပ် ၁၀၀၀ ပေးခဲ့ရပေမယ့် ပြင်ဆင်ထားမှုမြင်ကွင်းနဲ့ နှိုင်းယှဉ်ရင် တန်ဖိုးတောင်မဖြတ်ကောင်းဘူးထင်ပါတယ်။

ဘိုကလေးဈေးလမ်းအတွင်းရှိ ပန်သူရိယဆိုင်အတွင်း မြင်ကွင်း။ ဓာတ်ပုံ-ကိုကြီးတင်

အခုတော့ အဲဒီယဉ်ကျေးမှု၊ ရှေးဟောင်းအမှတ်တရပစ္စည်းလေးတွေနဲ့ ခင်းကျင်းတဲ့ စားသောက်ဆိုင်လေးတွေက အနုပညာကို ချစ်မြတ်နိုးသူ၊ တစ်ခေတ်တစ်ခါက ပစ္စည်းလေးများအပေါ် တန်ဖိုးထားသူတို့က စုစည်းသွားရောက် အားပေးနေကြပါပြီ။

ကိုယ်တိုင် မရောက်နိုင်သေးသော်လည်း သတင်းစကား သတင်းပါးရရင် ဘိုကလေးဈေးအနီးမှာပဲ The Able (စွမ်းနိုင်သူ)၊ ပန်းဆိုးတန်းလမ်းထဲက "Rangoon Tea House"၊ ဘုန်းကြီးလမ်းထဲက "Asia House" ဆိုတာတွေလည်း ရှိနေတယ်လို့ သိရပါပြီ။

တကယ်တော့ စာရေးသူတို့ မြန်မာလူမျိုးဟာ နဂိုအခံစိတ်ရင်းကိုက ကိုယ့်ယဉ်ကျေးမှုကို အလွန်မြတ်နိုးတတ်တဲ့သူတွ၊ ကိုယ့်အမွေအနှစ်ပစ္စည်းကို အလွန်တန်ဖိုးထားတတ်တဲ့သူတွေပါ။ အခုလိုအနုပညာ နောက်ခံအမှတ်တရပစ္စည်းလေးများကို ဖော်ထုတ်ပြသလို အခုလိုဆိုင်လေးတွေ ပေါ်လာခြင်းက ခေတ်လူငယ်တွေကို မြန်မာ့အမွေတွေ လက်ဆင့်ကမ်းမြင်စေ သိစေချင်တာမို့ ကြိုဆိုဖော်ပြလိုက်ရပါတယ်။ ။